ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဩဂုတ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကောင်းမှုအနည်းငယ်ပြုဖန်များသော်**
**ကောင်းမှုနှင့်ပြည့်**

ငါ၏ အနည်းငယ်မျှသော ကောင်းမှုသည် ငါ့အား အကျိုးမပေးလတ္တံ့ဟု ကောင်းမှုကို မထီမဲ့မြင် မမှတ်ရာ၊ မိုးပေါက်ကျဖန်များသော် ရေအိုးကြီးပင် ပြည့်လေ သကဲ့သို့၊ ကောင်းမှုကို အနည်းငယ် အနည်းငယ်ပြုဖန် များသော် ပညာရှိသည် ကောင်းမှုနှင့် ပြည့်လေ၏။

ပါပဝဂ် (ဓမ္မပဒ-၁၂၂)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 7 July 2024 ၁၁၅၁၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

ချင်းတောင် ဇူလိုင် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ဇူလိုင် ၈ ရက်မှ ၉ ရက်အထိ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရှန်းတုန်းပြည်နယ် ချင်းတောင်မြို့၌ ကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၏ စိမ်းလန်းသောဖွံ့ဖြိုးမှုဖိုရမ်သို့ တက်ရောက် ရန် ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေး ဝန်ကြီးဌာန

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ် ကြီး ဦးတင်မောင်ဆွေ၊ ချင်းတောင်မြူနီစီပယ်ဒေသ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအထွေထွေအတွင်း ရေးမှူးချုပ် မစ္စလင်ပင်းနှင့် တာဝန်ရှိသူများက ချင်းတောင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ယနေ့ ဖတ်စရာ

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်**

စာမျက်နှာ » ၂

**သန့်ခေါင်စာရင်းကောက်ယူရေး လုပ်ငန်းစဉ် ပြည်သူအားလုံးပါဝင်**

ဆောင်းပါး စာမျက်နှာ » ၆

**နှလုံးသားထဲက မြကန်နှင့် ပုဂံလွမ်းချင်း**

ဆောင်းပါး စာမျက်နှာ » ၁၀



**ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်နှင့် လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းတို့အကြား ရထားပြေးဆွဲမည်**

စာမျက်နှာ » ၁၃



ကြေးမုံ

# တိုင်းပြည်သာယာဝပြောရေး လက်တွဲကြိုးပမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၄)တွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးနှင့် ပတ်သက်၍အကောင်အထည်ဖော်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

တိုင်းပြည်သာယာဝပြောရေးကို ကြိုးပမ်းဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ပြည်သူများ ကိုယ်စိတ်နှလုံးအေးချမ်းစွာဖြင့် လုပ်ကိုင်နေထိုင်စားသောက်ရေးတို့ ကျယ်ပြန့်စွာပါဝင်လျက်ရှိသည်။ အဓိကမှာ တရားဥပဒေစိုးမိုးမှု၊ လုံခြုံစိတ်ချမှုရှိမှသာ အရာအားလုံးကို ဖြောင့်ဖြောင့်တန်းတန်း ကောင်းမွန်တိုးတက်လာအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်အတိုင်း လူတစ်ဦးချင်းအလိုက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံအတွင်း၌ လုံခြုံမှုရှိသည့် ဒေသများရှိသကဲ့သို့ အကြောင်းအမျိုးမျိုးကြောင့် တရားဥပဒေစိုးမိုးမှုလျော့ပါးလျက်ရှိသည့် မြို့နယ်များနှင့်ဒေသများလည်းရှိသည်။ လုံခြုံရေးနှင့်ပတ်သက်၍ လူတစ်ဦးချင်း အသိ၊ သတိရှိရမည်ဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဆင့်တို့တွင် လုံခြုံရေးဆိုင်ရာတို့ကို စနစ်တကျဆောင်ရွက်ပြီး တာဝန်ရှိသူအဆင့်ဆင့်တို့က ပြည်သူများနှင့် ပူးပေါင်းလက်တွဲပြီး စနစ်တကျ ကြိုတင်ပြင်ဆင်နေထိုင်သွားလာခြင်းတို့ကို ဆောင်ရွက်ကြလျှင် လုံခြုံစိတ်ချမှုရှိမည်ဖြစ်သည်။

လုံခြုံစိတ်ချစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ ကျောင်းနေရာခိုင်နှုန်းနှင့် တန်းစဉ်ကူးပြောင်းမှုများ တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုရှိရေး၊ အကြောင်းအမျိုးမျိုးကြောင့် ပညာမသင်ကြားနိုင်သည့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနိုင်ရေးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ပညာရေးတိုးတက်လာပါက ဒေသအလိုက်တိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ တိုင်းပြည်သာယာဝပြောရေးဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးနိုင်ရေး လိုအပ်သည်။

မြို့ရွာများအလိုက် သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် စည်ပင်သာယာရေးဆိုင်ရာဝန်ထမ်းများ၏ ဆောင်ရွက်မှုများသာမက မြို့နယ်အလိုက်နေထိုင်ကြသည့် ဒေသခံများ တစ်ဦးချင်းစီအလိုက်၊ အိမ်တစ်အိမ်ချင်းစီအလိုက် ပါဝင်ဆောင်ရွက်ကြမည်ဆိုလျှင် ဒေသအလိုက်၊ မြို့နယ်အလိုက် သန့်ရှင်းသပ်ရပ် သာယာလှပနေမည်ဖြစ်သည်။ မြို့ပတ်ဝန်းကျင် သာယာလှပစိုပြည်ရေးကို ဆောင်ရွက်သွားရန်လိုသကဲ့သို့ ကျေးရွာများအလိုက် အရိပ်ရပင်၊ လေကာပင်၊ ထင်းစိုက်ခင်းများကို စနစ်တကျဖော်ဆောင်သွားရမည်ဖြစ်သည်။ "ခြံဝင်းရှိလျှင် သစ်ပင်ရှိရမည်" ဆိုသည့်အတိုင်း အိမ်ဝင်းတိုင်း သစ်ပင်ပန်းမန်များရှိရန်လိုအပ်သည်။

စားရေရိက္ခာဖူလုံပေါများရေးအတွက် ပန်းတိုင်ရည်မှန်းချက်အတိုင်း ပြည့်မီအောင် ဆောင်ရွက်နိုင်လျှင် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည်သာမက ပြည်ပသို့လည်း ပိုမိုတင်ပို့နိုင်မည်ဖြစ်သည်။ လက်ရှိထုတ်ကုန်များကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်လျှင် နိုင်ငံ့စီးပွားတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။ အဓိကမှာ ဆန်နှင့်ဆီထွက်သီးနှံ တိုးတက်ထုတ်လုပ်ရေးအပြင် မီးဖိုချောင်သုံးသီးနှံကဲ့သို့ အခြားသီးနှံများကိုလည်း ဒေသအလိုက်ဖူလုံမှုရှိအောင် ဆောင်ရွက်ကြရန်လိုသည်။ နိုင်ငံ့ GDP တိုးတက်ရေး စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ စက်မှု၊ ဝန်ဆောင်မှုကဏ္ဍများပါရှိရာ ကဏ္ဍကြီးသုံးရပ် တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

အစိုးရအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများ ချမှတ်ပေးရန်၊ ကြပ်မတ်ပေးရန် တာဝန်ရှိပြီး ဒေသအလိုက် ဦးဆောင်သူများက ဆက်လက်အကောင်အထည်ဖော်ကြရသည်။ ရည်မှန်းချက်များ အောင်မြင်စေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကုန်ထုတ်လုပ်သူပြည်သူများက တက်ကြွစွာဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရန် ကြိုးပမ်းဆောင်ရွက်သူများ၊ နိုင်ငံတော်အတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သူများရှိသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ထားရမည်ဖြစ်သလို အကြမ်းဖက်ဖျက်ဆီးမှုနှင့် အဖျက်အမှောင့်လုပ်ရပ်များကိုလည်း မှန်မှန်ကန်ကန် မှတ်တမ်းတင်ထားရမည်ဖြစ်သည်။ မှတ်တမ်းများသည် သမိုင်းပင်ဖြစ်ပြီး နောင်ကာလအတွက် အထောက်အကူပြုမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် မှတ်တမ်းမှတ်ရာအားနည်းမှုကြောင့် တုံ့ပြန်ဆောင်ရွက်မှုများတွင် အားနည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။ မှတ်တမ်းမှတ်ရာအားကောင်းလျှင် အလျင်အမြန်တုံ့ပြန်ဆောင်ရွက်နိုင်သောကြောင့် အောင်မြင်မှုများ ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်သာယာဝပြောရေးအတွက် ကဏ္ဍအလိုက် တိုးတက်ဖြစ်ထွန်းလာအောင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း တက်ညီလက်ညီ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြပါရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါကြောင်း။ ။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

## ကမ္ဘာ့လူဦးရေနေ့

"ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ"

"Helping vulnerable populations in emergencies"

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်

## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ အသိပေးထုတ်ပြန်ချက်

၂၀၂၄ ခုနှစ် ဇွန်လအစပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားသည့်လူနာများ ရှိခဲ့ပြီး ထိုသို့ဖြစ်ပွားခြင်းသည် နှစ်စဉ်မိုးရာသီကာလတွင် ပုံမှန်အတိုင်း ဖြစ်ပွားမှုအနေဖြင့်သာရှိခဲ့ပါသည်။ ယခုနှစ် ဇွန်လကုန်ပိုင်းလောက်မှစတင်၍ သာကေတမြို့နယ် အပါအဝင် ရန်ကုန်အရှေ့ပိုင်းခရိုင်မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားသည့် လူနာအချို့သည် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ခဲ့ပြီး လက်ရှိအချိန်ထိ ရောဂါကြောင့် သေဆုံးသည့်လူနာမရှိပါ။

ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါသည် ဗက်တီးရီးယားပိုး၊ ဗိုင်းရပ်စ်ပိုးနှင့် ကပ်ပါးပိုးများ အစာအိမ်နှင့် အူလမ်းကြောင်းအတွင်းသို့ ဝင်ရောက်ခြင်းကြောင့် ဖြစ်ပွားပြီး အဆိုပါရောဂါပိုးများသည် ယင်နားစာစသည့် မသန့်ရှင်းသည့် အစားအစာများနှင့် မသန့်ရှင်းသည့်ရေတို့မှတစ်ဆင့်လည်းကောင်း၊ လက်မသန့်စင်ခြင်းစသည့် တစ်ကိုယ်ရေသန့်ရှင်းမှု အားနည်းခြင်းကြောင့်လည်းကောင်း၊ ယင်မလုံသည့် အိမ်သာနှင့် အိမ်သာကန်များမှတစ်ဆင့်လည်းကောင်း ရောဂါအဆင့်ဆင့် ကူးစက်ဖြစ်ပွားပါသည်။

ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကို ကာကွယ်နိုင်ရေးအတွက် ယင်နားစာစသည့် မသန့်ရှင်းသည့် အစားအစာများကို မသုံးစွဲခြင်း။ FDA အသိအမှတ်ပြုသောက်ရေသန့် ( သို့မဟုတ်) ရေသန့်စင်ဆေးပြားအသုံးပြု၍ သန့်စင်ထားသည့်ရေ (သို့မဟုတ်) ဆူပွက်အောင်ကျိုချက်ထားသည့်ရေ စသည့် သန့်ရှင်းသည့်ရေကိုသာ သောက်သုံးခြင်း၊ အစားအစာများကို မစားသုံးမီနှင့် အိမ်သာမှအထွက်တွင် လက်ကို ဆပ်ပြာနှင့် ရေအသုံးပြု၍ စနစ်တကျသန့်စင်ဆေးကြောခြင်း၊ သန့်ရှင်းသည့် ယင်လုံအိမ်သာ (သို့မဟုတ်) ယင်လုံသည့်မိလ္လာကန်ကို အသုံးပြုခြင်းနှင့် ယင်ကောင်ပေါက်ပွားမှု နည်းပါးစေရေးအတွက် စားကြွင်း၊ စားကျန်များအပါအဝင် အမှိုက်များကို စနစ်တကျစွန့်ပစ်ရန် လိုအပ်ပါသည်။

ပြင်းထန် ဝမ်းပျက်၊ ဝမ်းလျှောရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်၍ စောစီးစွာ ကုသမှုခံယူသင့်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

(၆-၇-၂၀၂၄)

## ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကာကွယ်ရေး SMS

ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါကို ကာကွယ်ရန် ယင်နားစာအပါအဝင် မသန့်ရှင်းသော အစားအစာစားသုံးခြင်းကို ရှောင်ကြဉ်ပါ၊ သောက်ရေသန့်(သို့မဟုတ်) ရေကိုကျိုချက်၍ သောက်ပါ၊ လက်သန့်စင်ရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုပါ၊ ယင်လုံအိမ်သာသုံးစွဲပါ၊ အမှိုက်များကို စနစ်တကျစွန့်ပစ်ပါ၊ ရောဂါလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

(၆-၇-၂၀၂၄)

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **ဘာသာပြန်** | - ဦးနိုင်လင်းကြည်၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| **စာတည်းများ** | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တွေ့ဆုံနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာဝမ်းဟောင် (Mr.Wang Hao)က အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။



✪ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁)ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ တပ်မတော်မှ အဆင့်မြင့် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကူမင်းမြို့သို့ရောက်ရှိရာ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျန်းရှစ်ကျင်း (Mr.Zhang Shijin)၊ ကူမင်းကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကူမင်းမြို့သို့ ရောက်ရှိစဉ် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး မစ္စတာဝမ်းဟောင်(Mr.Wang Hao) က အပြည်ပြည်ဆိုင်ရာလေဆိပ် အထူးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာပြီး ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ချင်းတောင်မြို့သို့ ရောက်ရှိကြရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ ချင်းတောင်မြူနီစီပယ်ဒေသ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စလင်ပင်းနှင့် တာဝန်ရှိသူများက ချင်းတောင်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### မော်တော်ယာဉ်များဖြင့်ထွက်ခွာ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်လေဆိပ်မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာရာ တည်းခိုမည့် Qingdao Sea View Garden ဟိုတယ်သို့ ရောက်ရှိကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌရုံးနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများ အဖွဲ့ဝင်အဖြစ်လိုက်ပါသွားကြသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။

# စတုတ္ထအကြိမ်မြောက် ဟိမဝန္တာတောင်တန်းများဒေသ နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖိုရမ် တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှီးကျန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ Nyingchi မြို့၌ ကျင်းပသည့် ဟိမဝန္တာတောင်တန်းဒေသ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၅ ရက် ညနေပိုင်းတွင် ကူမင်းမြို့သို့ ရောက်ရှိရာ ဆစ်ဆောင်ပါးနား အပူပိုင်းရုက္ခဗေဒဥယျာဉ်(Xishuangbanna Tropical Botanical Garden–XTBG) ညွှန်ကြားရေးမှူးချုပ် Prof. Dr. Yang Yongping ၊ ကူမင်းရုက္ခဗေဒဥယျာဉ် (Kunming Institute of Botany–KIB) Prof. Dr. Yang Xuefei နှင့် မြန်မာကျောင်းသားများက လာရောက်ကြိုဆိုကြကာ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာသင်ဆုများ တိုးမြှင့်ပေးအပ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။




ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ကူမင်းရုက္ခဗေဒဥယျာဉ် (Kunming Institute of Botany–KIB)သို့ သွားရောက်လေ့လာရာ ဒုတိယညွှန်ကြားရေးမှူးချုပ် Dr. Wu Jianqiang နှင့် Prof. Dr. Yang Xuefei တို့က ဥယျာဉ်အတွင်း အပင်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းထားမှုနှင့် အပင်မျိုးစိတ်အသစ်များ သုတေသနပြု ရှာဖွေဖော်ထုတ်မှုအခြေအနေ၊ ကမ္ဘာ့နေရာဒေသအသီးသီးမှ အပင်မျိုးစိတ်များကို နေရင်းဒေသပြင်ပတွင် ထိန်းသိမ်းပြသဆောင်ရွက်ထားမှု၊ သုတေသန၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အများပြည်သူ အပန်းဖြေနားနေနိုင်စေရန် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုက္ခဗေဒဥယျာဉ်အတွင်း စိုက်ပျိုးထိန်းသိမ်းထားသော အပင်မျိုးစိတ်အမျိုးမျိုးနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး အသိပညာပေးပြခန်း၌ ပြသထားသော ပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါ ရုက္ခဗေဒဥယျာဉ်ကို ၁၉၃၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး အကျယ်အဝန်း ၄၄ ဟက်တာကျော်ရှိကာ အပင်မျိုးစိတ် စုစုပေါင်း ၈၈၄၀ ကျော်ကို ထိန်းသိမ်းထားကြောင်းနှင့် နှစ်စဉ် ဧည့်သည် ၇၀၀၀၀၀ ကျော် လာရောက်ကြည့်ရှုလေ့လာလျက်ရှိကြောင်း သိရသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် တရုတ်အကယ်ဒမီသိပ္ပံ (Chinese Academy of Sciences–CAS)၏ သုတေသနနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဌာနခွဲများဖြစ်သော ကူမင်းရုက္ခဗေဒဥယျာဉ်(KIB)၊ ကူမင်းသတ္တဗေဒဌာန(Kunming Institute of Zoology) နှင့် ဆစ်ဆောင်ပါးနား အပူပိုင်းရုက္ခဗေဒဥယျာဉ်(XTBG) တို့သည် ၂၀၁၆ ခုနှစ်ကစတင်၍ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး၊ သုတေသန ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄ ခုနှစ် ဧပြီလတွင် ငါးနှစ်သက်တမ်းရှိ နားလည်မှုစာချွန်လွှာကို ထပ်မံလက်မှတ်ရေးထိုးခဲ့ပြီး ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ဒုတိယနေ့ကျင်းပ




**ရန်ကုန် ဇူလိုင် ၆**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမ အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်၌ ဆက်လက်ကျင်းပသည်။

**ကြွရောက်တော်မူ**

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် သာသနာရေးဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် သာသနာရေးမှူးများ တက်ရောက် ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇဧက ဆောင်ရွက်တော်မူ၍ အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်အပေါ် အဂ္ဂမဟာပဏ္ဍိတ ဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာ သီဟာလင်္ကာရာဘိဝံသကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုစိတ္တကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များ အပေါ် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသာဘိဝံသကလည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ရပ်နားသည်။

မွန်းလွဲပိုင်းတွင် အစည်းအဝေး ဒုတိယနေ့ (ဒုတိယပိုင်း)ကို ဆက်လက်ကျင်းပပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတကလည်းကောင်း၊ သာသနာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနန္ဒပါလကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တသူရိယကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

**အောင်မြင်စွာကျင်းပပြီးစီး**

ဆက်လက်၍ အဋ္ဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ပထမအဖွဲ့ခွဲ၏ ပဉ္စမအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဇဧက အတည်ပြုချက်ရယူပြီး အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသည်။

ယနေ့ အစည်းအဝေးသို့ ကြွရောက်တော်မူလာ ကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက် ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ ဒါယိကာမ ဓမ္မမိတ်ဆွေများက ကျေးနစတ္တာလီသ (၃၉)ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တာချီလိတ်မြို့၌ သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

**တာချီလိတ် ဇူလိုင် ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ်၌ ဇူလိုင် ၆ ရက်တွင် ကျရောက်သည့် (၁၀၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ အထိမ်းအမှတ် "ပစ်တိုင်းထောင်" အထွေထွေစီးပွားရေးလုပ်ငန်းနှင့် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက JA စားသောက်ဆိုင် အပေါ်ထပ်ခန်းမ၌ ကျင်းပသည်။

**ဖတ်ကြားတင်သွင်း**

အစည်းအဝေးတွင် သဘာပတိဖြစ်သူ "ပစ်တိုင်းထောင်" အထွေထွေစီးပွားရေးလုပ်ငန်းနှင့် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်တို့က အမှာစကားပြောကြားကာ အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အမှုဆောင်အဖွဲ့ဝင် ဒေါ်နီလာက ဖတ်ကြားတင်သွင်းပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများအား ဌာနခွဲစာရေး ဦးအောင်မျိုးသူက ဖတ်ကြားတင်သွင်းသည်။

အဆိုပါ သမဝါယမအသင်းလီမိတက်တွင် အသင်းဝင် ၁၀၉ ဦးရှိပြီး အစည်းအဝေးတက်ရောက်လာသူများကို ပုစွန်ဆီတစ်ပိဿာဘူး တစ်ဘူးစီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း(MOEAA)မှ တာဝန်ရှိသူများ၊ နိုင်ငံအလိုက် လုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင်များနှင့် တွေ့ဆုံ




**နေပြည်တော် ဇူလိုင် ၆**

အလုပ်သမား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် မြန်မာပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း(MOEAA) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံအလိုက် လုပ်ငန်းကော်မတီအဖွဲ့ ခေါင်းဆောင်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ Melia Hotel ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာပြည်ပအလုပ်အကိုင် ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း(MOEAA)တွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယား၊ အခြားဟူ၍ နိုင်ငံအလိုက် အသင်းငယ်များ ဖွဲ့စည်းထားကြောင်း၊ MOEAA သည် အေဂျင်စီပေါင်း ၅၀၀ ကျော်ရှိသဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် အသင်းများ ဖွဲ့စည်းပေးပြီး ပြည်ပသို့ အလုပ်သမားစေလွှတ်မှုကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံအလိုက် အသင်းငယ်များ စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် ပြည်ပရှိ အမှန်တကယ် အလုပ်အကိုင်များကို အလုပ်သမားများအနေဖြင့် ရရှိအောင် ဆောင်ရွက်ကြရာတွင် ဝန်ဆောင်ခအနေဖြင့် အနည်းဆုံးဖြစ်ရန်လိုအပ်ကြောင်း၊ ပြည်ပ အလုပ်လုပ်ကိုင်လိုသူ အလုပ်သမားများ အလိမ်မခံရစေရန် အသင်းများ ညီညီညွတ်ညွတ် ဆောင်ရွက်သွားကြရန်၊ အထူးသဖြင့် အလုပ်သမားများ ပြည်ပမထွက်ခွာမီ စာချုပ်ချုပ်ဆိုရာတွင် လစာ၏ ၂၅ ရာခိုင်နှုန်းကို မိသားစုထံ အစိုးရပုံမှန်လမ်းကြောင်းမှ ပြန်လည်ပေးပို့ရန်၊ အခွန်နှစ်ရာခိုင်နှုန်းပေးဆောင်ရန် ပါရှိပြီးဖြစ်သဖြင့် အေဂျင်စီများ အနေဖြင့် အလုပ်သမားစေလွှတ်ရုံမဟုတ်ဘဲ မိသားစုလွှဲပို့ငွေများ ပြန်ပို့စေရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စေလွှတ်စာရင်းအရ မှတ်တမ်းတင်ထားပြီး မိသားစုလွှဲပို့ငွေပြန်ပို့ခြင်း ရှိ၊ မရှိ စိစစ်နေပါကြောင်း၊ နိုင်ငံတော်အတွက် ဝင်ငွေကို တစ်ဖက်တစ်လမ်းမှ ရှာဖွေပေးနေခြင်းဖြစ်၍ တာဝန်အပြင် စေတနာပါထည့်ပြီး ဆောင်ရွက်ရန် လိုကြောင်းနှင့် နိုင်ငံအလိုက် အသင်းခေါင်းဆောင်များအနေဖြင့် တွေ့ကြုံနေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံအလိုက် လုပ်ငန်းကော်မတီအဖွဲ့ခေါင်းဆောင်များ၏ ပြည်ပနိုင်ငံများသို့ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ မေးမြန်းချက်များအပေါ် လိုအပ်သည်များ ရှင်းလင်းမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံ ကြည့်ရှုစစ်ဆေး ရေဘေးကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ထောက်ပံ့

မြစ်ကြီးနား ဇူလိုင် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံတို့သို့ သွားရောက်ပြီး မြစ်ကြီးနားခရိုင်အတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ဘေးသင့်ခဲ့သူများအား ထောက်ပံ့ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ပေးပို့ထားသည့် ကယ်ဆယ်ရေးပစ္စည်းများနှင့်၊ သိုလှောင်ရုံအတွင်း ပစ္စည်းများ သိုလှောင်ထားရှိမှု၊ ကယ်ဆယ်ထောက်ပံ့မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံအတွင်း ပစ္စည်းများသိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မဲခေါင်-လန်ချန်း ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် ပြန်လည်ထူထောင်ရေးဦးစီးဌာန မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိပြီး သင်တန်းဖွင့်လှစ်ရန် စီစဉ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

## ရင်းရင်းနှီးနှီး နှုတ်ဆက်

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ပေါ်ရှိ မြေမြင့်ရပ်ကွက် ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးရှောင်စခန်းသို့ သွားရောက်ပြီး ဆန်ရိက္ခာ၊ ငါးသေတ္တာဘူး၊ အဝတ်အထည်၊ သွားတိုက်ဆေး၊ သွားတိုက်တံစသည့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်၍ ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို မေးမြန်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ခွဲဘူ မြစ်ကြီးနားမြို့ရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။

ယင်းနောက် မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် သာသနာ့ရံသီ ဘုန်းတော်ကြီးကျောင်းရှိ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ တစ်ကိုယ်ရေသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ရေဘေးသင့်ပြည်သူများ၏ လတ်တလော စားသောက်နေထိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေတို့ကို မေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

## အားပေးစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းနှင့် မနောအိမ်တော်တို့သို့ ရောက်ရှိပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြသည့် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။

ထို့နောက် မြစ်ကြီးနားတက္ကသိုလ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး ဗလမင်းထင် ဧက ၁၀၀ စံပြစိုက်ကွင်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက ရေကြီးရေလျှံမှုကြောင့် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ ရေနစ်မြုပ်မှုအခြေအနေနှင့် ပြန်လည်စိုက်ပျိုးရန် စီမံဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေဘေးအန္တရာယ်တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနား တက်ရောက်

ပုသိမ် ဇူလိုင် ၆

ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကန်သုံးဆင့် Royal Lake ရေပြင်၌ ယမန်နေ့တွင် ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ပုသိမ်လေတပ်စခန်းဌာနချုပ်မှူး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ဇာတ်တိုက်လေ့ကျင့်မှုများကို အစဉ်အဆက်မပြတ် လုပ်ဆောင်သွားရန် လမ်းညွှန်မှာကြားသည်။ ထို့နောက် ရေကြီးရေလျှံမှုဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား အစီအစဉ်အလိုက် ဇာတ်တိုက်လေ့ကျင့်ကြပြီး ဇာတ်တိုက်လေ့ကျင့်မှုအပြီးတွင် စက်လှေမီးလောင်မှုအား မီးငြိမ်းသတ်မှုသရုပ်ပြသခြင်း၊ စက်လှေများအသုံးပြုကာ ရှေ့နောက်စီတန်း၍ ရေပက်ဖျန်းသရုပ်ပြသခြင်း၊ ရင်ပေါင်တန်းသဏ္ဌာန်ဖြင့် ရေရှောင်စုံပက်ဖျန်းသရုပ်ပြသခြင်း၊ မြားဦးသဏ္ဌာန်ဖြင့် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်အား အလေးပြုတန်းဖြုတ်ထွက်ခွာခြင်းများ ဆောင်ရွက်ကြသည်။



ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို မီးသတ်တပ်ဖွဲ့ဝင် ၁၁၆ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၅ ဦး၊ မြန်မာနိုင်ငံလူမှုကယ်ဆယ်ရေးအဖွဲ့ဝင် ၁၅ ဦး၊ ပြည်သူ ၁၀၀ တို့ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစဉ် ပြည်သူအားလုံးပါဝင်

----- လင်းလက်နေခြည် -----

### စနစ်တကျရှိရသည်

နေ့စဉ် "စား၊ ဝတ်၊ နေရေး" ကို ရင်ဆိုင်ဖြေရှင်းနေကြရသည့် မိသားစုတစ်စုတွင် မိသားစုဝင်အရေအတွက်၊ အသက်အရွယ်၊ အလုပ်လုပ်ကိုင်နိုင်မှု၊ ဝင်ငွေ၊ ပညာအရည်အချင်း စသည့် အခြေအနေများကို စနစ်တကျ စီမံခန့်ခွဲရသည်။ မိသားစုဝင်အရေအတွက်ပေါ် မူတည်၍ ဖြစ်ပေါ်နေသည့် ဝင်ငွေနှင့် အသုံးစရိတ်၊ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားသော ကုန်ကျစရိတ်များ၊ မိသားစုဝင် တိုးပွားလာနိုင်မှုနှင့် ဝင်ငွေတိုးပွားလာနိုင်မှု စသည့် အချက်များကို ကြိုတင်မြော်တွေးကာ ပြင်ဆင်ဆောင်ရွက်ကြရသည်။ မိသားစုဝင် သက်ကြီးရွယ်အိုများအတွက် လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုကုန်ကျစရိတ်များ၊ ငယ်ရွယ်သူများအတွက် ပညာရေးဆိုင်ရာ လိုအပ်သည့် ကုန်ကျစရိတ်များနှင့် တစ်ဖက်တွင် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်ရှိသူများထံမှ ရရှိနိုင်သည့် ဝင်ငွေတို့ကို အခြေခံ၍ လိုအပ်သည့် မိသားစုအစီအမံများကို ချမှတ်ကြရသည်။ မှန်ကန်သော မိသားစုအစီအမံ ချမှတ်ထားနိုင်မှသာ စီးပွားရေး၊ လူမှုရေး စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် မိသားစုတစ်စုဖြစ်နိုင်မည် ဖြစ်သည်။

### အမှန်ကိုသိမှ အမှန်ဖြစ်မည်

သာမန်အားဖြင့် လူဦးရေ အနည်းဆုံးနှစ်ဦးမှ အများဆုံး ၁၀ ဦး ခန့်သာရှိနိုင်သည့် မိသားစုတစ်စုကို စီမံခန့်ခွဲရသည်မှာ မလွယ်ကူသည်ဟုဆိုပါလျှင် လူဦးရေသန်းပေါင်းများစွာရှိနေသော နိုင်ငံတစ်နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် စီမံခန့်ခွဲရသည်မှာ ပို၍ပင်ခက်နေသည်မှာ မလွဲဧကန် အမှန်ပင်ဖြစ်သည်။ နိုင်ငံအတွင်းရှိ လူဦးရေ၊ ပြည်သူများ၏ လူမှုစီးပွားဘဝအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေနှင့် လိုအပ်ချက်များ စသည့်အခြေအနေများကို အခြေခံ၍ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် မူဝါဒများကို ချမှတ်ကြရသည်။ မူဝါဒဆိုသည်မှာ မှန်ကန်တိကျသည့် အချက်အလက်များကို အခြေခံ၍ချမှတ်နိုင်မှသာ ထိရောက်သည့် မူဝါဒဖြစ်နိုင်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ် ပုံဖော်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝသယံဇာတ အရင်းအမြစ်အပါအဝင် အခြားသောအရင်းအမြစ်များ မည်မျှပင် ပေါ်ကြွယ်ဝစေကာမူ နိုင်ငံအတွင်းရှိ လူသားအရင်းအမြစ်များကို မှန်ကန်စွာအသုံးချနိုင်ခြင်းမရှိပါက ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်နိုင်မည် မဟုတ်ပေ။ သန်းခေါင်စာရင်းကောက်ယူခြင်းဖြင့် လူဦးရေဆိုင်ရာအချက်အလက်များနှင့် နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ မွေးဖွားနှုန်း၊ သေဆုံးမှုနှုန်း၊ သက်ကြီးရွယ်အို၊ မသန်စွမ်း စသည့်လူမှုစီးပွားအချက်အလက်များကို ရရှိနိုင်မည်ဖြစ်သည်။ နိုင်ငံအတွင်းရှိ လူဦးရေနှင့် လူမှုစီးပွားဘဝအခြေအနေ အစရှိသည့် လူသားအရင်းအမြစ်နှင့်စပ်လျဉ်းသည့် အခြေအနေ

> ❝ ၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် သန်းခေါင်စာရင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် လိုအပ်သည့် မူဝါဒများချမှတ်ခြင်း ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ခြင်းတို့အတွက် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ပျော်ရွှင်ချမ်းသာသော မိသားစုတစ်စုဖြစ်စေရန်အတွက် မိသားစုဝင်အားလုံးက တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့် အနေဖြင့် ပါဝင်ဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ပင်ဖြစ် ❞



တောင်ကြီးမြို့ မြို့တော်ခန်းမ၌ မေ ၂၂ ရက်က ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် တာဝန်ရှိသူများ ပြည်လုံးကျွတ်သန်းခေါင်စာရင်းတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အရပ်ရပ်ကို အခြေခံ၍ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များတွင် အချိုးညီညီ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် မူဝါဒများချမှတ်ခြင်းနှင့် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် သန်းခေါင်စာရင်း ကောက်ယူခြင်းကို နိုင်ငံတိုင်းက ဆောင်ရွက်နေကြခြင်းဖြစ်သည်။

### သန်းခေါင်စာရင်း

"သန်းခေါင်စာရင်း (Census)" ဆိုသည်မှာ လက်တင်ဝေါဟာရဖြစ်သည့် "Censere"မှ ဆင်းသက်လာပြီး ခန့်မှန်းခြင်းဟု အဓိပ္ပာယ်ရသည်။ ဘီစီ ၂၅၀၀ ခန့်၌ အီဂျစ်ပြည်တွင် ပိရမစ်များ တည်ဆောက်ရန်အတွက် လိုအပ်သည့် လုပ်သားအင်အားစုဆောင်းနိုင်ရန် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ခန့်၊ ဘီစီ ၃၈၀၀ ခန့်ကာလတွင် ဘေဘီလုံမြို့၌ လူဦးရေ၊ မွေးမြူရေးကဏ္ဍ၊ ထောပတ်၊ ပျားရည်၊ နို့၊ သိုးမွေးနှင့် ဟင်းသီးဟင်းရွက်တို့၏ အရေအတွက် ပမာဏများနှင့် အခြေအနေများ ကိုသိရှိနိုင်ရေး ခြောက်နှစ်လျှင်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူခဲ့သည်ဟု သိရသည်။

ကုလသမဂ္ဂက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုသည်မှာ "လူတစ်ဦးချင်းစီကိုကောက်ယူရမည်၊ နယ်နိမိတ်တစ်ခုအတွင်းရှိ လူအားလုံးကို ကောက်ယူရမည်၊ သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း တစ်ပြိုင်တည်းကောက်ယူရမည်" စသည့် အင်္ဂါရပ်များနှင့် ကိုက်ညီရန်လိုအပ်ပြီး အနည်းဆုံး ဆယ်နှစ်လျှင် တစ်ကြိမ် ကောက်ယူရန်လည်း အကြံပြုထားသည်ကိုတွေ့ရသည်။ မြန်မာအဘိဓာန်တွင် "သန်းခေါင်စာရင်း" ဆိုသည်မှာ "တစ်နိုင်ငံလုံးတွင် တစ်ပြိုင်တည်း ကောက်ယူသည့် လူဦးရေစာရင်း၊ အိမ်ထောင်စုပါ အမည်နှင့်တကွသော လူဦးရေစာရင်း" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

### သာလွန်မင်းလက်ထက်မှစ၍

မြန်မာ့သမိုင်းကို ပြန်လည်လေ့လာကြည့်သည့်အခါ ဘီစီ ၅၀၀ ခန့်တွင် တကောင်းဘုရင်မင်းဆက် သတိုးသီဟမဟာဓမ္မရာဇာဘုရင်လက်ထက်တွင် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့သည်။ လူဦးရေအကြောင်းအရာ၊ အိမ်ခြေလယ်ယာမြေ သီးနှံထွက်၊ အခွန်တော်ငွေ စသည့်စာရင်းတို့ကို သိရှိနိုင်ရေးအတွက် သာလွန်မင်းလက်ထက် မြန်မာသက္ကရာဇ် ၉၉၉ ခုနှစ်နှင့် ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၀၄၅ ခုနှစ်တွင် သန်းခေါင်စာရင်း သဘောသက်ရောက်သည့် စစ်တမ်းများကောက်ယူခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သည်။ ဗြိတိသျှအစိုးရလက်ထက်တွင် အိန္ဒိယသန်းခေါင်စာရင်း၏ အစိတ်အပိုင်းတစ်ခုအဖြစ် ၁၈၇၂ ခုနှစ်၌ ပထမဦးဆုံးအကြိမ် သန်းခေါင်စာရင်းကောက်ယူခဲ့ပြီး ၁၈၈၁ ခုနှစ်မှ ၁၉၄၁ ခုနှစ် ကာလအတွင်း ဆယ်နှစ်လျှင်တစ်ကြိမ် ပုံမှန်သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။

### သန်းခေါင်စာရင်းကောက်ယူခြင်း

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး နိုင်ငံတော်ပြန်လည်တည်ဆောက်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရာတွင် အရေးကြီးသည့် မူဝါဒ၊ စီမံကိန်းများကို ချမှတ်နိုင်ရေးအတွက် သန်းခေါင်စာရင်းကောက်ယူရန်ကြိုးစားဆောင်ရွက်ခဲ့သည်။ ၁၉၅၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် သန်းခေါင်စာရင်းမင်းကြီးရုံးကို စတင်ဖွဲ့စည်း၍ ၁၉၅၃ ခုနှစ်တွင် မြို့ပြဒေသများကိုလည်းကောင်း၊ ၁၉၅၄ ခုနှစ်တွင် ကျေးလက်ဒေသများ၏ ၁၅ ရာခိုင်နှုန်းကိုလည်းကောင်း သန်းခေါင်စာရင်း ကောက်ယူခဲ့သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် မူဝါဒ၊ စီမံကိန်းများချမှတ်နိုင်ရေးအတွက် လိုအပ်သည့် လူဦးရေစာရင်းများကို စနစ်တကျကောက်ယူရန် ၁၉၇၂ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံ သန်းခေါင်စာရင်း ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။

၁၉၇၃ ခုနှစ် ဧပြီလတွင် ပထမဦးဆုံးသော ပြည်လုံးကျွတ် သန်းခေါင်စာရင်းကို ကောက်ယူခဲ့ပြီး နိုင်ငံ့ရေိယာ၏ ၈၅ ဒသမ ၁ ရာခိုင်နှုန်း စုစုပေါင်း လူဦးရေ၏ ၉၇ ဒသမ ၁ ရာခိုင်နှုန်းကို လွှမ်းခြုံကောက်ယူနိုင်ခဲ့သည်။ ၁၉၈၃ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ထပ်မံကောက်ယူခဲ့ပြီး သန်းခေါင်စာရင်းကိစ္စရပ်များကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ၁၉၉၈ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်နေ့တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်တွင် ပြည်သူ့အင်အားဦးစီးဌာနကို စတင်တည်ထောင်၍ ဥပဒေနှင့်အညီ သန်းခေါင်စာရင်းကိစ္စရပ်များကို စနစ်တကျ ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ခေတ်စနစ်နှင့်အညီ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့သည်။ နှစ်ပေါင်းများစွာ မကောက်ယူနိုင်ခဲ့သည့် သန်းခေါင်စာရင်းကို ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ အောင်မြင်စွာ ကောက်ယူနိုင်ခဲ့ပြီး မတ်လ ၂၉ ရက်နေ့ ညသန်းခေါင်ယံတွင်ရှိသော မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းရှိ နေသူများအားလုံးကို စာရင်း စနစ်တကျပြုစုနိုင်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ထပ်မံကောက်ယူခဲ့သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူမှုမှရရှိလာသော လူဦးရေဆိုင်ရာ အချက်အလက်များကို အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

စာမျက်နှာ ၇ သို့ ❂

# ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်နှင့် သာကေတမြို့နယ်တို့တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ဖြစ်ပွားမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက်နှင့် သာကေတမြို့နယ် အနော်မာရပ်ကွက်တို့တွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားနေကြောင်း သတင်းအရ ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဆရာဝန်များ၊ သူနာပြုများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည်ဒေါပုံမြို့နယ် အောင်မင်္ဂလာရပ်ကွက် အောင်သိဒ္ဓိဓမ္မာရုံတွင်ဖွင့်လှစ်ထားရှိသည့် ယာယီဆေးပေးခန်းသို့ရောက်ရှိရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ရောဂါထိန်းချုပ်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ နေအိမ်ရှိအခန်းများအားလုံးနှင့်အိမ်သာများအား ကလိုရင်းဆေးရည်ဖြင့်ကြမ်းတိုက်ခြင်း၊ သန့်ရှင်းရေးလုပ်ခြင်းများဆောင်ရွက်စေပြီး Water Purification Tablets များဖြန့်ဝေခြင်း၊ အလားတူရောဂါထပ်မံဖြစ်ပွားသူ ရှိ/မရှိ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည်နွယ်အေးရပ်ကွက်အတွင်းအိမ်သာ တည်ဆောက်သုံးစွဲမှုနှင့် ရေသုံးစွဲမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

အဆိုပါနွယ်အေးရပ်ကွက်တွင်နေထိုင်ကြသူအများစုသည် ကျူးကျော်နေထိုင်ခြင်းဖြစ်ပြီးအိမ်ခြေ ၁၆၆ အိမ်၊ လူဦးရေ ၆၄၆ ဦး နေထိုင်ကြပြီး ခြောက်ခန်းတွဲပါ ဘုံအိမ်သာ တစ်လုံး၊ သုံးခန်းတွဲပါ ဘုံအိမ်သာ တစ်လုံး၊ အခြားအိမ်သာ သုံးလုံးနှင့်သုံးရေအဖြစ်လက်နှိပ်တုံကင်ရေနှင့် မိုးရေအသုံးပြုကြပြီး သောက်ရေအဖြစ် ရေသန့်ဘူးများကိုအသုံးပြုကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာကေတမြို့နယ် ထူပါရုံရပ်ကွက်နှင့် အနော်မာရပ်ကွက်တွင် ဂျိုးဖြူရေပေးဝေသည့်ပိုက်ပေါက်သည့်နေရာအားကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ကျန်းမာရေးဝန်ထမ်းများနှင့်တာဝန်ရှိသူများသည် အနော်မာရပ်ကွက်ရှိ ဝမ်းပျက်၊ ဝမ်းလျှောဖြစ်ပွားရာလမ်းရှိ နေအိမ်များတွင် သိုလှောင်ထားသောရေကန်များ၊ တိုင်ကီများ၊ အုတ်ကန်များအား Stock Solution ဖျော်၍ ကလိုရင်းဆေးခတ်ခြင်း၊ Water purification Tablets များခတ်ခြင်းနှင့် ဖြန့်ဝေခြင်း၊ ရောဂါဖြစ်ပွားသည့် နေအိမ်များမှ သောက်ရေနှင့်သုံးရေ ရေနမူနာများ ယူ၍ အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနသို့ ပေးပို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပြီး အလားတူရောဂါ ထပ်မံဖြစ်ပွားမှု ရှိ/မရှိစောင့်ကြပ်ကြည့်ရှုနိုင်ရေးအတွက်အနော်မာရပ်ကွက် လမ်းသစ်(၂)လမ်း ရတနာသီရိဓမ္မာရုံတွင်ဆေးခန်းဖွင့်လှစ်ထားရှိကြောင်းနှင့် ဝမ်းပျက်၊ ဝမ်းလျှောခြင်းကြောင့်ဆေးရုံတက်လူနာ ရှစ်ဦး၊ ဆေးရုံပြင်ပလူနာနှစ်ဦး၊ ကျန်းမာရေးဌာနမှ ကွင်းဆင်းကုသပေးစဉ် တွေ့ရှိခဲ့ရသော လူနာနှစ်ဦး စုစုပေါင်း ဝမ်းပျက်ဝမ်းလျှော လူနာဦးရေ ၁၂ ဦးရှိခဲ့ပြီး ၎င်းတို့အနက်မှ တစ်ဦးသည် ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြောင့် မဟုတ်ဘဲ ခုခံအား ကျဆင်းမှုရောဂါအခံရှိ၍ သေဆုံးခဲ့ကြောင်းနှင့် အဆိုပါရပ်ကွက်များအတွင်းဆေးခန်းဖွင့်လှစ်၍ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းအား ဆောင်ရွက်ထားရှိကြောင်းနှင့်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူနာများအတွက် ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက သာကေတမြို့နယ် သာကေတအဝိုင်းတွင် မြို့နယ်နေပြည်သူများ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်ရန်နေရာနှင့် ရေဝဏ်ရေပေးဝေရေးစခန်းနှင့် ရေဂါလန် နှစ်သိန်းဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီးတာဝန်ရှိသူများအားလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

❂ စာမျက်နှာ ၆ မှ

### ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း

အချိန်နှင့်အမျှ ပြောင်းလဲနေသည့် စာရင်းများတွင် လူဦးရေ ဆိုင်ရာစာရင်းများသည် တစ်ခုအပါအဝင်ဖြစ်သဖြင့် လူဦးရေဆိုင်ရာ စာရင်းများအပါအဝင် အခြားသောလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသည့် အချက်အလက်များကို ရရှိရန် ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ထပ်မံကောက်ယူမည် ဖြစ်သည်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်ကို ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့ ညသန်းခေါင်ယံအချိန်ကိုသတ်မှတ်၍ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ၁၅ ရက်ကြာ ကောက်ယူမည်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူရာ၌ တွေ့ရှိရာအရပ် တွင်ကောက်ယူသည့်မှု (De-facto method)ကို အသုံးပြု၍ စာရင်း ကောက်များက Mobile Tablet များအသုံးပြု၍ တစ်အိမ်တက်ဆင်း ကောက်ယူနည်း (Canvasser method) ဖြင့် ကောက်ယူသွားမည်ဖြစ်သည်။

အိမ်ထောင်စုအလိုက် လူဦးရေနှင့် အဖွဲ့အစည်းအလိုက်လူဦးရေဥပမာ–ဘုန်းကြီးကျောင်း၊ ဘိုးဘွားရိပ်သာ၊ ဂေဟာ၊ ဆေးရုံ၊ အကျဉ်း ထောင်၊ စစ်တန်းလျား (လူပျိုလိုင်း)၊ အိမ်ခြေရာမဲ့များ (အိုးမဲ့အိမ်မဲ့ ဖြစ်နေသူများ၊ ရေကြည်ရာမြက်နုရာ လှည့်လည်သွားလာနေထိုင်သူများ) အားလုံးကို ကောက်ယူသွားမည်ဖြစ်သည်။ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်သည် နိုင်ငံရေး၊ စစ်ရေး၊ အခွန်ကောက်ယူခြင်း စသည်တို့နှင့်လည်းကောင်း၊ နိုင်ငံသားကတ်ရှိခြင်း၊ မရှိခြင်း၊ အိမ်ထောင်စုစာရင်းရှိခြင်း၊ မရှိခြင်း၊ နိုင်ငံသားဖြစ်ခြင်း၊ မဖြစ်ခြင်း စသည်တို့နှင့်လည်းကောင်း၊ မြေ၊ အဆောက်အအုံ စသည့်ပိုင်ဆိုင်မှုများနှင့်လည်းကောင်း လုံးဝသက်ဆိုင်ခြင်းမရှိပေ။

#### ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့

၂၀၁၃ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေပုဒ်မ ၁၄ တွင် "သန်းခေါင်စာရင်းကောက်ယူထားသော အချက်အလက်များနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းနှင့် စာအုပ်များကို သန်းခေါင်စာရင်းကောက်ယူရန် တာဝန်ရှိသူမှအပ မည်သူမျှစစ်ဆေးခြင်း သို့မဟုတ် ကူးယူသိမ်းဆည်းခြင်းမပြုရ" ဟုလည်းကောင်း၊ ပုဒ်မ ၁၅ တွင် "ဤဥပဒေအရ သန်းခေါင်စာရင်းကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာ ကိစ္စမှတစ်ပါးအခြား မည်သည့် ကိစ္စအတွက်မျှ အသုံးပြုခြင်း သို့မဟုတ် စစ်ဆေးခြင်းမပြုရ"ဟု ပြဋ္ဌာန်းထားသည်။

၂၀၂၄ ခုနှစ်တွင် ကောက်ယူမည့် သန်းခေါင်စာရင်းသည် နိုင်ငံတော်၏ အနာဂတ်အတွက် လိုအပ်သည့် မူဝါဒများချမှတ်ခြင်း ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများချမှတ်ခြင်းတို့အတွက် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်ပင်ဖြစ်သည်။ ပျော်ရွှင်ချမ်းသာသော မိသားစုတစ်စုဖြစ်စေရန်အတွက် မိသားစုဝင်အားလုံးက တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အုတ်တစ်ချပ်သဲတစ်ပွင့်အနေဖြင့် ပါဝင်ဆောင်ရွက်ရန်မှာ နိုင်ငံသားအားလုံး၏တာဝန်ပင်ဖြစ်သည်။ မှန်ကန်သောအချက်အလက်များမှသည် မှန်ကန်သော မူဝါဒများကို ချမှတ်နိုင်မည်ဖြစ်သဖြင့် ပြည်သူအားလုံးက သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်တွင် မှန်ကန်တိကျသော အချက်အလက်များကိုပံ့ပိုးကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် "ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့"ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား**

- ဩစတြေးလျစာရင်းအင်းဗျူရို၊ Website၊
- ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ Website၊
- လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေ၊ ၂၀၁၃၊ မြန်မာနိုင်ငံ၊
- နေ့စဉ်ထုတ်သတင်းစာများ။






## မြေသားရေကန်အနက်နှိုက် တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီး

**ခရမ်း ဇူလိုင် ၆**

ရန်ကုန်းတိုင်းဒေသကြီး ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေသားရေကန် အနက်နှိုက် တူးဖော်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယမန်နေ့နံနက်ပိုင်းက အနောက်အပေါက်ကုန်းကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် အနောက်အပေါက်ကုန်းကျေးရွာတွင် အလျား ၁၃၅ ပေ၊ အနံ ပေ ၁၃၀၊ အနက် ၃ ပေ ရှိ မြေသားရေကန်အနက်နှိုက် တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးသည်။

အဆိုပါလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၇ ဒသမ ၇၇ သန်းဖြင့် ဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **မောင်နိုင်**

# ရန်ကုန်တိုင်းဒေသကြီး အချို့မြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ရန်ကုန်တိုင်းဒေသကြီး အချို့မြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုနှင့် ပတ်သက်ပြီး မီဒီယာများမေးမြန်းထားတာကို ပြန်လည်ပြောကြားသွားပါမယ်။ စဖြစ်တာကတော့ ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဲကွင်းကျုးကျော်ရပ်ကွက်မှာဖြစ်ပါတယ်။ အဲဒီမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေတယ်ဆိုပြီး သတင်းရရှိခဲ့ပါတယ်။ ဒါကြောင့် ဇူလိုင် ၃ ရက်က သွားရောက်စစ်ဆေးတဲ့အခါမှာ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာ ဖြစ်ပွားသူ ၁၂ ဦးရှိကြောင်းတွေ့ရှိရပါတယ်။ အဲဒီထဲက ဆေးရုံတက်ရောက်ကုသသူ ကိုးဦး ရှိခဲ့ပါတယ်။ အဲဒီကိုးဦးရဲ့ဝမ်းနမူနာတွေကို စစ်ဆေးခဲ့ပါတယ်။ စစ်ဆေးတဲ့အခါမှာ တစ်ဦးက ကာလဝမ်းရောဂါပိုးတွေ့ရှိတယ်ဆိုတဲ့ အဖြေထွက်ခဲ့ပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ကြီးဌာန အနေနဲ့ ဆေးရုံအသီးသီးမှာ တက်ရောက်နေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာပြတဲ့ လူနာတွေကို ကာလဝမ်းရောဂါပိုး ရှိ / မရှိ စစ်ဆေးခဲ့ပါတယ်။ ဒီနေ့ထိတွေ့ရှိရတာကတော့ ဝိတိုရိယဆေးရုံမှာ တစ်ဦး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ လေးဦး စုစုပေါင်း ငါးဦး တွေ့ရှိတယ်ဆိုတဲ့ အဖြေထွက်ရှိခဲ့ပါတယ်။ ကျန်တဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာပြတဲ့သူတွေကတော့ ကာလဝမ်းရောဂါပိုး မတွေ့ရှိခဲ့ပါဘူး။




ဒါနဲ့ပတ်သက်ပြီးတော့ ဖြစ်ပွားတဲ့နေရာ ဒေါပုံမြို့နယ် နွယ်အေးရပ်ကွက် သဲကွင်းကျုးကျော်ရပ်ကွက်ကို ရန်ကုန်တိုင်းဒေသကြီးက တာဝန်ရှိသူတွေ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့တွေနဲ့ သွားရောက်စစ်ဆေးတဲ့အခါမှာ အဲဒီနေရာမှာ အိမ်ခြေ ၁၆၆ လုံး၊ လူဦးရေ ၆၄၆ ဦး နေထိုင်ပြီး အများသုံးအိမ်သာက ၁၂ ခန်းသာရှိကြောင်းတွေ့ရပါတယ်။ ဒီဟာကလည်း ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားစေတဲ့ အကြောင်းရင်းလို့ပဲ သုံးသပ်ရပါတယ်။ ရောဂါဖြစ်ပွားမှုကို စောစီးစွာသိရှိပြီး စောစောစီးစီးကုသပေးနိုင်ဖို့ အဲဒီနေရာမှာပဲ ဆောင်ရွက်လျက်ရှိပါတယ်။ လိုအပ်တဲ့ကိစ္စတွေဖြစ်တဲ့ လမ်းဘေးစားသောက်ဆိုင်တွေကို ယာယီပိတ်ထားတာတွေ၊ ရေနဲ့ပတ်ဝန်းကျင်သန့်ရှင်းမှုလုပ်ငန်းများ အားဖြည့်ဆောင်ရွက်တာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ခုန ကျွန်တော်ပြောတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ ဆေးရုံတက်ရောက်သူထဲမှာ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် သေဆုံးသူမရှိပါဘူး။ အဲဒီထဲက တစ်ဦးကတော့ ဝမ်းပျက်ဝမ်းလျှောရောဂါကြောင့် မဟုတ်ဘဲနဲ့ နဂိုကတည်းက ခုခံအားကျဆင်းမှု ကူးစက်ရောဂါအခံရှိလို့ သေဆုံးခဲ့ကြောင်း သိရပါတယ်။ ဒီရပ်ကွက်တွေကို သွားရောက်စစ်ဆေးပြီးတော့ ယာယီဆေးခန်းဖွင့်လှစ်ပြီး လူနာသစ်တွေလာရောက်ပြသမှု အခြေအနေတွေကို လက်ခံတာတွေ၊ တိုင်းဒေသကြီးက တာဝန်ရှိအဖွဲ့အစည်းတွေ၊ ဒေသခံကျန်းမာရေးဝန်ထမ်းတွေနဲ့ လူမှုအဖွဲ့အစည်းတွေ၊ Volunteer တွေကနေပြီး ရပ်ကွက်အတွင်း သန့်ရှင်းတဲ့ ရေရရှိရေး ကလိုရင်းဆေးခတ်တာတွေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်တာတွေ၊ ရေသန့်ဖြန့်ဝေတာတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဒ့ါအပြင် လူနာနေအိမ်တွေသွားရောက်ပြီး ရောဂါဗေဒဆိုင်ရာတွေကို စုံစမ်းထောက်လှမ်းတာတွေ၊ လူနာနဲ့အနီးကပ်ထိတွေ့သူတွေကို ကျန်းမာရေးပညာပေးတာတွေ၊ ပဋိဇီဝဆေးတွေတိုက်ကျွေးတာတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးတို့ကလည်း သွားရောက်ကွင်းဆင်းစစ်ဆေး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ကူးစက်)ညွှန်ကြားရေးမှူးဦးစီးတဲ့ ဗဟိုတုံ့ပြန်ရေးအဖွဲ့စေလွှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေရာမှာ ပြောချင်တာက ဝမ်းပျက်ဝမ်းလျှောရောဂါဆိုတာ မိုးဦးကာလမှာဖြစ်ပွားတတ်တဲ့ ရောဂါမျိုးဖြစ်ပါတယ်။ ဝမ်းပျက်ဝမ်းလျှောရောဂါနဲ့ပတ်သက်ပြီး သတိပြုဖွယ်ရာတွေကို ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ လှုံ့ဆော်စာတွေထုတ်ပြန်ပေးလျက်ရှိပါတယ်။ ဒီလှုံ့ဆော်စာတွေ၊ တိုက်တွန်းချက်တွေ ကို သေချာဖတ်ပြီး ကြိုတင်ကာကွယ်တာတွေ၊ ကြိုတင်တားဆီးတာတွေ၊ လိုက်နာတာတွေဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ အကျဉ်းချုပ်အနေနဲ့ကတော့ ရေကိုကျိုချက်သောက်တာ၊ ကျန်းမာရေးဝန်ကြီးဌာနရဲ့ညွှန်ကြားချက်အတိုင်း ကလိုရင်းဆေးခတ်ပြီး သောက်တာ၊ အစားအစာတွေကို သန့်ရှင်းစွာချက်ပြုတ်ပြီး ယင်မနားအောင် ဖုံးအုပ်ထားတာတွေ၊ယင်လုံအိမ်သာတွေအသုံးပြုဖို့ ဒါတွေကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း အဆက်မပြတ် စောင့်ကြည့်ဆောင်ရွက်လျက်ရှိသလို ဒေသဆိုင်ရာအာဏာပိုင်များကလည်း အဆက်မပြတ်စောင့်ကြည့်အလေးထား ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ကျန်းမာရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များရဲ့ ရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးသတိပေးချက်လှုံ့ဆော်မှုတွေကို အတူလိုက်နာပြီး ပူးပေါင်းဆောင်ရွက်သွားကြဖို့မေတ္တာရပ်ခံလိုပါတယ်။

အားလုံးကိုကျေးဇူးတင်ပါတယ်။

---

✻ မြစ်ရေဝင်ရောက်မှုမှ

သံဃာတော်များအား ဆွမ်းဆန်နှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခြင်း၊ မြေပြိုမှုဖြစ်ပေါ်လျက်ရှိသည့် လားဝယ်ကျေးရွာ၌ ရေလွှဲမြောင်းများ တူးဖော်ပေးခြင်း၊ ရွှေ့ပြောင်းရန်လိုအပ်သော အိမ်ထောင်စုများအား ရေဘေးကင်းလွတ်ရာ နေရာများဖြစ်သည့် မြသိန်းတန်ဘုရားကုန်း၊ တပ်ဦးနန္ဒဝန်ဘုန်းတော်ကြီးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်း(ဇီးဖြူကုန်း)စသည့် နေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

---

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

---

# ယခုနှစ်ခြောက်လတာကာလအတွင်း စည်းကမ်းလိုက်နာမှုအားနည်းသည့် ဝိုင်ဘီအက်စ်ယာဉ်မောင်းများအား အရေးယူဆောင်ရွက်မှု သုံးသောင်းကျော်ရှိ

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် ဝိုင်ဘီအက်စ်ခရီးသည်တင် ယာဉ်များ၏ စည်းကမ်းဖောက်ဖျက်မှုများကို အရေးယူဆောင်ရွက်လျက်ရှိရာ ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လတာ ကာလအတွင်း စည်းကမ်းလိုက်နာမှုအားနည်းသည့် ဝိုင်ဘီအက်စ်ယာဉ်မောင်းများအား အရေးယူဆောင်ရွက်မှု သုံးသောင်းကျော် ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ(YRTC)မှ သိရသည်။



ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသည့် ဝိုင်ဘီအက်စ်ခရီးသည်တင်ယာဉ်များကို တွေ့ရစဉ်။

**အရေးယူဆောင်ရွက်မှု စုစုပေါင်း ၃၄၆၅၄ မှုဖြစ်**

ခြောက်လတာကာလ အတွင်း အရေးယူဆောင်ရွက်မှုများမှာ မှတ်သားဖမ်းဆီးမှု ၃၁၇၆၄ မှု၊ တိုင်ကြားမှု(Call Center) ၄၀၉ မှု၊ Facebook အမှု သုံးမှု၊ မီးနီဖြတ်မောင်းနှင်မှု ၁၈၂ မှု၊ သတ်မှတ်ကီလိုမီတာထက် ကျော်လွန်မောင်းနှင်မှု ၁၃၃၀၊ သတ်မှတ်လမ်းကြောင်းအတိုင်းမမောင်းနှင်မှု ၂၅၅ မှု၊ မဆင်မခြင် မောင်းနှင်မှု ၁၇၉ မှု၊ နယ်ကျော်မောင်းနှင်မှု တစ်မှု၊ ရပ်နားချိန်ကြန့်ကြာမှု ၁၀၆ မှု၊ ယာဉ်တစ်စီးနှင့်တစ်စီး ယှဉ်ပြိုင် ကျော်တက်မောင်းနှင်မှု ၃၂၉ မှု၊ မချေမငံပြောဆိုမှုနှစ်မှုနှင့် အခြားအမှု ၅၄ မှု စုစုပေါင်း ၃၄၆၅၄ မှုဖြစ်သည်။

"ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့လမ်းညွှန်ချက်အရကျွန်တော်တို့ YRTC ရဲ့ရည်မှန်းချက်ဖြစ်တဲ့ ဘေးကင်းလုံခြုံပြီးဝန်ဆောင်မှုကောင်းတဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေးကို ကြိုးပမ်းဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီရည်မှန်းချက်ကိုအကောင်အထည်ဖော်တဲ့အခါမှာ စည်းကမ်းချိုးဖောက်တဲ့ ယာဉ်မောင်းတွေကို အရေးယူမှုတွေပြုလုပ်ရခြင်းပဲဖြစ်ပါတယ်"ဟု YRTC တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

**အရေးယူဆောင်ရွက်လျက်ရှိ**

ဝိုင်ဘီအက်စ်ယာဉ်မောင်းများနှင့်ပတ်သက်သည့်တိုင်ကြားမှုများကို YRTC ၏ပြစ်ဒဏ် ၁၃၈ ချက်နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပြီး ယာဉ်အကူပါရှိမှု၊ ယာဉ်စီးခပိုတောင်းခံမှု၊ ယာဉ်မတော်တဆမှု၊ စီစီတီဗွီ ဖုံးကွယ်ထားရှိမှု၊ စီစီတီဗွီ၏ဆက်စပ်ပစ္စည်းများ ပျက်စီး/ပျောက်ဆုံးမှု၊ ခရီးစဉ်မှတ်တမ်းမပါရှိမှု၊ နယ်ကျော်ပြေးဆွဲမှု၊ YRTC မှထုတ်ပေးထားသည့် ID ကတ်မပါရှိမှုတို့ကိုလည်း စုံခုံဖွဲ့စည်းအရေးယူဆောင်ရွက်လျက်ရှိကြောင်း YRTC မှ သိရသည်။

**ကိုထက်**

# မုံရွာမြို့၌ (၁၀၂)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနား ကျင်းပ



တာဝန်ရှိသူများက (၁၀၂)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုတေးသီချင်း Video Click အား ကြည့်ရှုအားပေးကြပြီး အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**မုံရွာ ဇူလိုင် ၆**

(၁၀၂)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ချင်းတွင်းခန်းမ၌ ကျင်းပသည်။

**ကြိုးပမ်းဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က သမဝါယမနှင့်အသင်းစုများအနေဖြင့် ယနေ့ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သမဝါယမ ဆောင်ပုဒ်နှင့်အညီ သမဝါယမလုပ်ငန်းများနှင့် သမဝါယမအသင်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ကျေးလက်နှင့်မြို့ပြ အခြေခံပြည်သူများ၏ အနာဂတ်ဘဝပိုမိုကောင်းမွန်ရေးအား သမဝါယမကဏ္ဍမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် (၁၀၂)နှစ်ပြည့် အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အတွက် အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် ဥက္ကဋ္ဌက ပေးပို့သည့်သဝဏ်လွှာအား တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ် ကိုယ်စားလှယ် ဦးထွန်းမြင့်က ဖတ်ကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ဝန်ထမ်းသား/သမီးများအား ဆုများချီးမြှင့်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လေးဘာသာဂုဏ်ထူးရှင်အားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကမှ နှစ်ဘာသာဂုဏ်ထူးရှင်အား လည်းကောင်း၊ တိုင်းဒေသကြီး တရားသူကြီးချုပ်က တစ်ဘာသာ ဂုဏ်ထူးရှင်အား လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရိုးရိုးအောင်မြင်သူများအား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်

**တိုင်းဒေသကြီး (မြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးသန့်စင် သာကေတမြို့နယ်ရှိ ကမ်းလွန်ရေနံ အခြေစိုက်စခန်း ကြည့်ရှုစစ်ဆေး



စနစ်တကျပြုပြင်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီရေးနှင့်

**နေပြည်တော် ဇူလိုင် ၆**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ကမ်းလွန်ရေနံ အခြေစိုက်စခန်းသို့ ရောက်ရှိပြီး စတိုဂိုဒေါင်အသစ်များ တည်ဆောက်ပြီးစီးမှု၊ ရေယာဉ်နှင့် ရေလုံသင်္ဘောကျင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဂဟေဆက်ကျွမ်းကျင်သင်တန်း၊ စက်မှု၊ လျှပ်စစ်ကျွမ်းကျင်သင်တန်းများနှင့် ရုံးလုပ်ငန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ ကျွမ်းကျင်မှုအခြေခံသင်တန်းများ ပို့ချနိုင်ရေး သင်တန်းခန်းမနှင့် ပို့ချမည့်အစီအမံများ စီစဉ်ဆောင်ရွက်နေမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ လူမှုတာဝန်သိလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာများတွင် လျှပ်စစ်မီးကြိုးများ၊ ရေဆိုးမြောင်းများနှင့် မိလ္လာစနစ်များ

အချိန်နှင့်တစ်ပြေးညီ ပြီးစီးနိုင်ရေး၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီစေရေး ကြပ်မတ်ဆောင်ရွက်ကြရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် Standard Operating Procedure များနှင့်အညီ အလေးထားလိုက်နာဆောင်ရွက်ရန်၊ သင်တန်းခန်းမ၌ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစေရေးနှင့် သင်တန်းသားအိပ်ဆောင်များ သန့်ရှင်းသပ်ရပ်စေရေး အလေးထားဆောင်ရွက်ရန်၊ လူမှုတာဝန်သိလုပ်ငန်းများကို အမှန်တကယ်လိုအပ်နေသည့် နေရာများအတွက် ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ရေး စနစ်တကျစီမံဆောင်ရွက်ရန်၊ ရေကြီးရေလျှံမှုများအတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးအစီအမံများ ကြိုတင်ပြင်ဆင်ထားရှိရန်နှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသပ်ရပ်ရေးနှင့် လိုအပ်ချက်များ စိစစ်ဖြည့်ဆည်းပေးရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ပန်းတနော်မြို့၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်

**ပန်းတနော် ဇူလိုင် ၆**

မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ပန်းတနော်မြို့ လူထုအခြေပြုဖက်ဖြိုးဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်စီက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သင်တန်းနည်းပြဆရာမများက လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုး၊ သဘာဝခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ လက်သန့်ဆေးရည်၊ Body Scrub စသည့် ပြုလုပ်နည်းများကို ဇူလိုင် ၆ ရက်မှ ၁၀ ရက်အထိ သင်တန်းသား ၂၀ တို့အား စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(မြန်/ ဆက်)**

# စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ



**ကျုံပျော် ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

ဦးစွာ ကျုံပျော်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ကျပန်း၊ စာစီစာကုံးနှင့် ကဗျာရွတ်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ယဉ်ဆွေဝင်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကာ ကျောင်းသား ကျောင်းသူလေးများက တေးသီချင်း၊ အကများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါပွဲတော်တွင် လူငယ်အသိပညာပေးဟောပြောပွဲ၊ ဖျော်ဖြေပွဲ၊ လူငယ်စကားဝိုင်း၊ ဓာတ်ပုံပြခန်း၊ စာအုပ်စာစောင်ပြခန်း၊ ပုံပြော၊ ကျပန်း၊ စာစီစာကုံးနှင့် ကဗျာရွတ်ပြိုင်ပွဲများ၊ စကားပုံဆက်၊ အရုပ်ဆက်၊ ဉာဏ်စမ်းပဟေဠိနှင့် ခါးလှည့်ကွင်းပြိုင်ပွဲများအပြင် စာအုပ်ဈေးရောင်းပွဲတော်ကိုပါ ထည့်သွင်း၍ နှစ်ရက်တာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(မြန်/ဆက်)**

# မိုးစပါးစိုက်ပျိုးမည့်တောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများပေးအပ်



**ပေါက်ခေါင်း ဇူလိုင် ၆**

ပေါက်ခေါင်းမြို့နယ် သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းစုတို့ ပူးပေါင်း၍ မိုးစပါးစိုက်ပျိုးမည့်အသင်းသားတောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများ ဖြန့်ဝေပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ငါးခွအိုင်ကျေးရွာ၌ ကျင်းပသည်။

အဆိုပါပေးအပ်ပွဲတွင် ပေါက်ခေါင်းမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများက ငါးခွအိုင်ကျေးရွာ ငွေလမင်း စိုက်/ထွေအခြေခံသမဝါယမအသင်းမှ ယခုနှစ်မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား သွင်းအားစုဓာတ်မြေဩဇာများပေးအပ်ခဲ့သည်။

ယင်းပေးအပ်ပွဲသို့ သမဝါယမအသင်းစုဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ ကျေးရွာရပ်မိရပ်ဖများနှင့် အသင်းသားတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သန်းထွန်းအောင်(မြန်/ဆက်)**

# နှလုံးသားထဲက မြကန်နှင့် ပုဂံလွမ်းချင်း

မြင့်စိုး(နတလ)

မြကန်သာ
တောင်ကျချောင်းတေး
ရေဝင်ပြေးလှည့်
ရေအေးကြည်စွာ
ကန်ပိုင်မာလျက်
ကြာပေါင်းထုံထုံ
ငှက်မျိုးစုံသည်
ဘုံဝတီသာ
နန္ဒာပေလော
တူစွဟုတ္တာ

အမည်မသိရေးစာဆို
[ပုဂံခေတ်ကျစွာမင်းလက်ထက်ခန့်]

**နှလုံးသားထဲက မြကန်**

နှလုံးသားထဲက မြကန်ဟု ကျွန်တော် တင်စားခေါ်ဝေါ်လိုက်ရခြင်းမှာ ၁၉၇၅၊ ၁၉၇၆ ခုနှစ်အချိန်ကာလ၊ ပုဂံဆိုတာ မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်ရှိသည်ကိုပင် တိတိပပ မသိသေးသော အထက်တန်းကျောင်းသားဘဝကတည်းက "မြကန်" သည် ကျွန်တော့်ရင်ထဲသို့ တိုးဝှေ့နေရာယူထားပြီး ဖြစ်နေ၍ပါတည်း။ အမည်မသိရေးစာဆို ရေးဖွဲ့ထားသော မြကန်ကဗျာလေးက တစ်ကြောင်းချင်းလည်း တစ်ကြောင်းချင်းမို့၊ တစ်ပုဒ်လုံးလည်း တစ်ပုဒ်လုံးမို့ မေ့ထားဖို့ရာ၊ မေ့သွားဖို့ရာ မစွမ်းသာသောကြောင့် ယနေ့အသက် ၆၆ နှစ် အဘိုးအိုပေါက်စဘဝရောက်သည်အထိ နှလုံးသားမှာ စူးစူးနစ်နစ် ထိုးစိုက်နေရာယူထားခြင်း ဖြစ်ပါလိမ့်မည်။ ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်၊ ဘုံဝတီသာ၊ နန္ဒာပေလော ဆိုသည့် အဖွဲ့အနွဲ့က အလင်္ကာမြောက်လွန်းလှသလို ကြားရခဲ မြင်ရခဲပေလို့လားတော့မသိ၊ "တူစွဟုတ္တာ" ဆိုသည့် စကားလုံးလေးများ၏ အဖိအဖော့ကို ခံစားလာမိသည်မှာလည်း နှစ်ပေါင်း ၄၀ မကတော့ပြီ။ ဆိုရသော် ကျွန်တော့်နှလုံးသားထဲမှာ မြကန်၏ ပုံရိပ်များက အမြဲတမ်း တည်ရှိလို့နေပါသည်။

မြကန်သည် တုရင်တောင်၏ အနောက်ဘက်တွင်တည်ရှိပြီး ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီးကိုယ်တိုင် ဦးဆောင်လျက် ပုဂံသူ ပုဂံသားအပေါင်းတို့ တူးဖော်ထားသော ကန်ဖြစ်ကြောင်း၊ မြကန်၏ မူလအမည်မှာ မဟာနိဗ္ဗာနလက်ဆွဲချီရေကန် (မဟာနိဗ္ဗာန်လက်ဆွဲချီကန်) ဖြစ်ကြောင်း၊ သေခြင်းမရှိသောဟု အနက်အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အမရကန် (မ-မရဏ) ဟူ၍လည်း ခေါ်ကြကြောင်း သိရသည်။ ကန်အမျိုးအစားမှာ ပိုက်လှမ်းတောင်အား တာတမံအရံအတားမျိုး ပိတ်ဆို့ကာဆီးဆောင်ရွက်ထားသည့် တစ်ဖက်ဆည်ကန် အမျိုးအစားဖြစ်သည်။ သက္ကရာဇ် ၅၉၈ ခုနှစ်တွင် ပုဂံကျစွာမင်းကြီးက မြကန်ကို ပြန်လည်ပြုပြင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည် ဆို၏။ သို့ကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ အမည်မသိရေးစာဆို၏ ရေးဖွဲ့သည့်အချိန်ကာလကို ပုဂံခေတ်ကျစွာမင်းလက်ထက်ခန့်ဟု ဖော်ပြထားကြောင်း တွေ့ရသည်။



မြင်းကပါရွာမှ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံစဉ်။

**မြကန်သို့ ရောက်ခဲ့ကြသည်**

သည်တစ်ခေါက် ပုဂံ/ ညောင်ဦးခရီးစဉ်မှာ တုရင်တောင်ခြေရှိ မြကန်သို့ အရင်သွားဖြစ်ခဲ့ကြသည်။ ပုဂံသို့မရောက်မီ ဇွန်လ ၁၈ ရက်နေ့ နံနက်ပိုင်းမှာ မိတ္ထီလာမြို့နယ်အတွင်းရှိ ရေချိုကျေးရွာအုပ်စု ကျေးရွာ ၁၄ ရွာက ဝါစိုက်သမဝါယမ အသင်းသား တောင်သူများနှင့်တွေ့ဆုံပြီး ဝါအထွက်တိုးရန်၊ အဆင့်မီဝါများရရှိစေရန်အတွက် မျိုးနှင့်သွင်းအားစု ဓာတ်မြေဩဇာများ ပံ့ပိုးပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဝါကြိတ်ဝါဖိစက်များ လိုအပ်လျှင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးမည်။ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ဝါကြိတ်ဝါဖိစက်ရုံများတွင် စက်အင်အားတိုးချဲ့လိုပါကလည်း ကူညီချိတ်ဆက်ဆောင်ရွက်ပေးမည်။ နိုင်ငံတော်၏ မျှော်မှန်းချက်ဖြစ်သော အဆင့်မီချည်မျှင်ထုတ်လုပ်ခြင်း၊ အထည်ရက်လုပ်ခြင်းလုပ်ငန်းများအထိ တောင်သူများ၊ လုပ်ငန်းရှင်များ စနစ်တကျ ပါဝင်လာစေရေးတို့ကိုလည်း တိုက်တွန်းမှာကြားခဲ့သည်။ စက်မှုဝန်ကြီးဌာန၏ ချည်မျှင်နှင့် အထည်စက်ရုံများ၊ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံများ၊ ပုဂ္ဂလိက ချည်မျှင်နှင့် အထည်စက်ရုံများနှင့် တောင်သူများ အချိတ်အဆက်မိရန် လိုအပ်သကဲ့သို့ ရက်ကန်းလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍကိုလည်း မေ့ထား၍မရပေ။ ဆိုရသော် ဝါပင်စိုက်၍ ဝါဂွမ်းထုတ်ယူပြီး ချည်ထည်ရက်လုပ်သည့်အဆင့်ထိ ဝါလုပ်ငန်းစဉ်ကြီးတစ်ခုလုံးတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ တောင်သူများအနေဖြင့် မိမိပါဝင်ရမည့် အခန်းကဏ္ဍအလိုက် ရည်မှန်းချက်ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းအားထုတ်ကြဖို့ လိုပါသည်။

ဝါစိုက်ပျိုးရေးကိစ္စကို ရေချိုရွာတွင် ပြောဆိုဆွေးနွေးအပြီး ကျောက်ပန်းတောင်းမြို့နယ်ထဲက ကြက်ပြစ်ကျေးရွာသို့ ဆက်လက်ထွက်ခွာကြကာ သမဝါယမအသင်းဖွဲ့ထားသော ဝါစိုက်တောင်သူ

> ❛မြင်းကပါရွာသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် စံပြကျေးရွာ (Smart Village) အဖြစ်သတ်မှတ်ပြီး ခွင့်ပြုရန်ပုံငွေဖြင့် ရွာတွင်းလမ်း ခုနစ်ဖာလုံ စတင်ဆောင်ရွက်ပေးနေသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ အာဆီယံနိုင်ငံများအတွင်း လူမှုစီးပွားဘဝမြင့်မားရေး၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးရွာကွန်ရက် ချိတ်ဆက်မှုအတွက်လည်း ရွေးချယ်ထားသော ကျေးရွာဖြစ်ပေသည်။ စံပြကျေးရွာ (Smart Village) စီမံကိန်းနှင့်အတူ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် ယွန်းထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပေရာ အနာဂတ်ကာလ ခရီးသွားလုပ်ငန်းကိုပါ များစွာအထောက်အကူပြုမည်❜

များနှင့် တွေ့ဆုံခဲ့သည်။ မိုးဝါမီသူများ မိုးဝါစိုက်ပျိုးရေးအတွက် မျိုးရထားပြီး/မပြီး၊ မရသေးလျှင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးမည်။ သွင်းအားစုဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ ထည့်သွင်းနိုင်ရေး၊ ပိုးသတ်ဆေးများ အသုံးပြုနိုင်ရေး ကူညီပံ့ပိုးပေးမည်။ ထိုမှ ကျောက်ပန်းတောင်းမြို့နယ်ထဲက နှစ်ကျပ်ခွဲကျေးရွာသို့ ရောက်ရှိချိန်တွင်မူ ဆီထွက်သီးနှံစိုက်ပျိုးရေးကို ဦးစားပေးဆွေးနွေးဖြစ်သည်။ သည်ရွာက အိမ်ခြေ ၁၀၀၀ ကျော်ရှိပြီး ဆီထွက်သီးနှံမြေပဲနှင့် နှမ်းကိုသာ အများဆုံးစိုက်ပျိုးသောရွာဖြစ်၏။ ထီးတော်ရှင်(ထီးလှူပ်ဘုရား)ရှိနေ၍လည်း လူသိများသောရွာကြီးဖြစ်သည်။ နှစ်ကျပ်ခွဲရွာမှ တောင်သူများနှင့် တွေ့ဆုံအပြီး ပုဂံ/ညောင်ဦးကို ခရီးဆက်ခဲ့ရာ ထိုနေ့ညနေပိုင်းတွင် ရောက်လာခဲ့ကြသည်။ အတူလိုက်ပါလာသည့် အဖွဲ့ဝင်များထဲ၌ မြကန်ကို မရောက်ဖူး၊ မမြင်ဖူးသေးသူများရှိနေ၍ သူတို့ကို ပို့ဆောင်ပေးချင်သည်။ ကိုယ်တိုင်ကလည်း မြကန်၏အငွေ့အသက်ကို ပြန်လည်ခံစားလိုသည်။

သည့်အတွက် ကျွန်တော်တို့အဖွဲ့ ဇွန်လ ၁၈ ရက်နေ့ ညနေပိုင်းတွင် တုရင်တောင်ခြေအနီးက မြကန်သို့ ရောက်ရှိခဲ့ကြသည်။

**ကျန်စစ်သားမင်းကြီး၏ မြကန်ကျောက်စာ**

အချို့သောနှစ်များ၌ ယခုလို ဇွန်လရောက်လျှင် မြကန်အတွင်းမှာ ရေစဝင်နေပြီဖြစ်ကြောင်း သိရသည်။ မြကန်၏ ကန်ပေါင်ရိုးပေါ်မှ လှမ်းမျှော်ကြည့်ရှုလျှင် ကျန်စစ်သားမင်းကြီး၏ မြကန်ကျောက်စာစိုက်ထူခဲ့သော အမှတ်အသားပြနေရာလေးကို တွေ့နေရသည်။ အဆိုပါကျောက်စာမူရင်းကို သက်ဆိုင်ရာဝန်ကြီးဌာနက ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ သိမ်းဆည်းထားကြောင်းနှင့် ကိုယ်ပွားကျောက်စာတစ်ချပ်ကိုမူ ကန်ပေါင်ပေါ်ရှိ အဆောက်အအုံလေးထဲတွင် ထားရှိပေးကြောင်း သိရ၍ ဝင်ရောက်လေ့လာကြည့်ရှုခဲ့ပါသည်။

ဂြိ။ နမောတဿ ဘဂဝတော အရဟတော သံမာသံဗုဒ္ဓဿ ပ္ပတိဓမ္မရာဇဿ ... မုနိ အစချီ၍ ရေးသားထားသော ပါဠိစကားလုံးများ၏ အောက်တွင် မြန်မာအဓိပ္ပာယ်ပြန်ဆိုထားသည်မှာ လူတို့၏ သက်တမ်းနှစ်သောင်းကာလ၌ ကဿပဗုဒ္ဓဘုရားသခင်သည် ဤလောကတွင် ပွင့်တော်မူပြီးနောက် ဗာရာဏသီပြည်ကိုအမှီပြု၍ ဣသိပတနမည်သော မိဂဒါဝုန်တောဝယ် မဟာဝိဟာရကျောင်းတော်ကြီး၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အတို့သခင်ဤအရှင်တရားမင်းသည် ကုဋေရှစ်ဆယ်ရှိသော သူကြွယ်ဖြစ်၍ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ အထူးထူးသောကောင်းမှုတို့ကိုပြု၏။ ထိုကဿပဗုဒ္ဓဘုရားသာသနာတော်၌ အသက်အတိုင်းနေ၍ ထိုမှစုတေခဲ့သော် ပါဋ္ဌလိပုတ်ပြည်တွင် မင်းမျိုး၌ ဖြစ်လာ၏။ ထိုအခါ ရန်စစ်ဝန်ကြီးသည် ထခဲ့၏။ ပါဋ္ဌလိပုတ်ပြည်တွင် သွား၍ဖြစ်သော အတို့သခင်တရားမင်းသည် ထိုစစ်ကိုလျှင် အကြွင်းမဲ့ ရှုံးစေ၍ (ဝါ) အရှုံးကြီးရှုံးစေ၍ လူအပေါင်းတို့အား ချမ်းသာစေ၏။ အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ အထူးထူးသောကောင်းမှုတို့ကိုပြု၏။ မင်းကျင့်တရားဆယ်ပါးကို စောင့်ထိန်းပြီးလျှင် အသက်အတိုင်းနေ၍ ထို——ခဲ့သော်——မပြည်ရာမ မင်းမျိုး၌ ဖြစ်လေ၏။ ကိုယ်ပွားကျောက်စာ၏ အောက်ဆုံးစာကြောင်း စာလုံးနှစ်လုံးကိုမူ ကျွန်တော်ဖတ်မရခဲ့ပါ။

စာမျက်နှာ ၁၁ သို့ ❖



အရှေ့ဖွားစောကျေးရွာအဝင်လမ်းကို စတင်ပြုပြင်ဖောက်လုပ်ပေးနေစဉ်။

❖ စာမျက်နှာ ၁၀ မှ

**အရှေ့ဖွားစော၊ မြင်းကပါနှင့် မင်းနန်သူ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် မေလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သို့ သွားရောက်ခဲ့သော ခရီးစဉ်အတွင်း အောက်ပါအတိုင်း လမ်းညွှန်ခဲ့ပါသည်-

**“ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိရေကန်များနှင့်အထင်ကရနေရာများသို့ သွားလာမှုလွယ်ကူချောမွေ့စေရန်အတွက် ဂျင်းကျောက်ဖြင့်လမ်းများခင်းပေးရန်”**

အထက်ပါလမ်းညွှန်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့်အတူ မေလ ၂၈ ရက်နေ့တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ပြုပြင်ဖောက်လုပ်ပေးရမည့်လမ်းများ အခြေအနေကို လိုက်လံကြည့်ရှုစစ်ဆေးကာ လမ်းများကို ဦးစားပေးအဆင့်သတ်မှတ်ခြင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနက တာဝန်ယူမည့်လမ်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူမည့်လမ်းများ အကြမ်းဖျင်းခွဲဝေသတ်မှတ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ လျာထားသတ်မှတ်ချက်အရ မိမိတို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက တာဝန်ယူပြုပြင်ဖောက်လုပ်ပေးရမည့် ပထမဦးစားပေး ခြောက်လမ်းမှာ အရှေ့ဖွားစောကျေးရွာအဝင်မှ ဇေယျဝေရီကန်သို့သွားသောလမ်း၊ မြင်းကပါကျေးရွာတွင်းလမ်းများ၊ ကုန်းတန်းကြီးကျေးရွာအဝင်လမ်း၊ မင်းနန်သူကျေးရွာအဝင်လမ်း၊ အနောက်ဖွားစောကျေးရွာအဝင်လမ်း၊ ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာအဝင်လမ်းတို့ ဖြစ်ပါသည်။ ဒုတိယဦးစားပေး သုံးလမ်းမှာ ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်း၊ မင်းနန်သူကျေးရွာ ရွာတွင်းလမ်းများ၊ တောင်ဘီကျေးရွာ ရွာတွင်းလမ်းများ ဖြစ်ကြသည်။ ဇွန်လ ၁၉ ရက်နေ့တွင်ကျွန်တော်နှင့်အတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးသန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာချုပ် ဦးလှခိုင်၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်လတ်၊ သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ပြည့်စိုး၊ ခရိုင်နှင့် မြို့နယ်အဆင့် အင်ဂျင်နီယာများ၊ ဒေသမှ တာဝန်ရှိသူများ လိုက်ပါလျက် အထက်ပါလမ်းကိုးလမ်းကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပါသည်။



ပြုပြင်ဖောက်လုပ်ပေးထားသော မြင်းကပါကျေးရွာ အဝင်လမ်း။

အဆိုပါ လမ်းကိုးလမ်းအနက် အရှေ့ဖွားစောကျေးရွာအဝင်မှ ဇေယျဝေရီကန်သို့ သွားရာလမ်း၊ မြင်းကပါကျေးရွာတွင်းလမ်းများနှင့် ကုန်းတန်းကြီးကျေးရွာအဝင်လမ်းတို့တွင် ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။ အရှေ့ဖွားစော၊ အနောက်ဖွားစောရွာများသည် ပုဂံခေတ် နရသီဟပတေ့မင်းကြီး၏ မိဖုရားခေါင်ကြီးဖြစ်သော မိဖုရားဖွားစောနှင့် ဆက်နွှယ်နေသောရွာများ ဖြစ်ကြသည်။ မိဖုရားဖွားစောကို စောလှဝန်းဟူ၍လည်း ခေါ်ကြ၏။ ပုဂံခေတ်တွင် မိဖုရားသက်တမ်းရှည်ကြာသူ၊ ဉာဏ်ပညာကြီးသူ၊ ရုပ်ရည်ချောမောသူအဖြစ်နှင့်လည်း ထင်ရှားခဲ့သည်။ နရသီဟပတေ့ဘုရင်ကိုလည်း ထိန်းကျောင်းတည့်မတ်ပေးနိုင်သူဟူ၍လည်းသိရ၏။ နရသီဟပတေ့မင်း လွန်လေသောအခါ ကျော်စွာမင်းကိုလည်းကောင်း၊ တစ်စီးရှင်သီဟသူကိုလည်းကောင်း ထီးနန်းရရှိအောင် ကူညီပေးခဲ့သူလည်းဖြစ်၏။ မိဖုရားဖွားစောသည် အေဒီ ၁၂၉၅-၉၆ တွင် ကွယ်လွန်သည်ဟု ဖော်ပြထားရာ ယင်းနောက်ပိုင်းတွင် စောဘွဲ့ခံမိဖုရား အများအပြားပေါ်ထွက်ခဲ့ကြောင်း၊ မိဖုရားဖွားစော၏ ညီမတော်များထဲမှ တတိယဖွားစောအမည်ခံမိဖုရားသည် သားတော်သမီးတော်တို့နှင့်အတူ ပုဂံ၏အရှေ့တောင်ဘက် သုံးမိုင်ခန့်အကွာတွင် ရွာကြီးတစ်ရွာတည်ခဲ့ရာ ဖွားစောရွာဟု အမည်တွင်ခဲ့ကြောင်း သိရသည်။

အရှေ့ဖွားစောရွာအဝင်မှ ဇေယျဝေရီကန်သို့ သွားရာလမ်းသည် တစ်မိုင် သုံးဖာလုံခန့် ရှည်လျားပြီး ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ အနိမ့်ပိုင်း ပေ ၅၂၄၀ ခန့်ကို နှစ်ပေ မြေသားဒုဖို့ပေးရန် လိုအပ်ပြီး ပေ ၅၀ ရေကျော်တစ်စင်း၊ ပေ ၈၀ ရေကျော်တစ်စင်းနှင့် ပေ ၁၅၀ ရေကျော်တစ်စင်းတို့ကိုလည်း ထည့်သွင်းတည်ဆောက်ပေးရမည်ဖြစ်သည်။ မြင်းကပါရွာသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွက် စံပြကျေးရွာ (Smart Village) အဖြစ် သတ်မှတ်ပြီး ခွင့်ပြုရန်ပုံငွေဖြင့် ရွာတွင်းလမ်းခုနစ်ဖာလုံ စတင်ဆောင်ရွက်ပေးနေသော ကျေးရွာတစ်ရွာဖြစ်ပါသည်။ ရပ်ကွက်ကြီး ခြောက်ခု၊ အိမ်ခြေ ၁၁၅၁ အိမ်၊ လူဦးရေ ၅၂၆၃ ဦး နေထိုင်လျက်ရှိပြီး သမိုင်းဝင်မနူဟာဘုရား၊ မြစေတီဘုရားတို့အပါအဝင် ဘုရားစေတီ ၁၃ ဆူ၊ ဘုန်းကြီးကျောင်း ၁၄ ကျောင်း၊ အထက်တန်း(ခွဲ) တစ်ကျောင်း၊ ဆေးပေးခန်း တစ်ခန်း၊ ဈေးတစ်ခု၊ ယွန်းပစ္စည်းဆိုင် ၁၇ ဆိုင်တို့ ရှိနေပြီး အာဆီယံနိုင်ငံများအတွင်း လူမှုစီးပွားဘဝမြင့်မားရေး၊ ဆင်းရဲမှုလျှော့ချရေးဆိုင်ရာ ကျေးရွာကွန်ရက် ချိတ်ဆက်မှုအတွက်လည်း ရွေးချယ်ထားသော ကျေးရွာဖြစ်ပေသည်။ စံပြကျေးရွာ (Smart Village) စီမံကိန်းနှင့်အတူ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများအပြင် ယွန်းထည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အားပေးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပေရာ အနာဂတ်ကာလ ခရီးသွားလုပ်ငန်းကိုပါ များစွာအထောက်အကူပြုမည်ဖြစ်သည်။

မင်းနန်သူကျေးရွာအဝင်လမ်းသည် ညောင်ဦးမှ ပုဂံမြို့သစ်သို့ ဆက်သွယ်ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင် ကတ္တရာလမ်းသစ်မှ ရွာတွင်းသို့ဝင်ရသည့် အရှည် ၂ ဒသမ ၅၈ ဖာလုံခန့် လမ်းဖြစ်သည်။ ရွာတွင်းသို့ ရောက်သွားသောအခါ၌လည်း ညောင်ဦး-ပုဂံမြို့သစ် ကတ္တရာလမ်းဟောင်းနှင့် ဆုံနေသောကြောင့် ၎င်းအဝင်လမ်း ၂ ဒသမ ၅၈ ဖာလုံကို ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးပါရန် ဒေသခံများက တင်ပြလာပါသည်။ မင်းနန်သူကျေးရွာအတွင်းရှိ ရွာတွင်းလမ်းများ အနေဖြင့်လည်း စုစုပေါင်း ၂ ဒသမ ၅ ဖာလုံခန့်ရှိလေရာ ဂျင်းကျောက်ခင်းနိုင်ရေး တွက်ချက်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

ကုန်းတန်းကြီးကျေးရွာ အဝင်လမ်းသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် အရှည် လေးဖာလုံ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း စတင်ဆောင်ရွက်နေပြီဖြစ်ရာ ကျန်လမ်း တစ်မိုင်ကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ပုဂံမြို့သစ်မှ နတ်ကြို့အိုင်ကျေးရွာသို့ သွားသောအဝင်လမ်းကမူ ၁/၄ မိုင် အရှည်ရှိပြီး ယင်းလမ်းပေါ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် အလျားပေ ၆၀၊ အနံပေ ၂၀ ရှိ ရေကျော်တစ်စင်း စတင်တည်ဆောက်ပေးနေပြီဖြစ်သည်။ ကျန်လမ်းများဖြစ်သည့် အနောက်ဖွားစောကျေးရွာအဝင်လမ်း ၂ ဒသမ ၆၅ ဖာလုံ၊ ဖျောက်ဆိပ်ပင်ကျေးရွာအဝင်လမ်း သုံးဖာလုံ၊ တောင်ဘီကျေးရွာအဝင်လမ်း ၅ ဒသမ ၂ ဖာလုံတို့ကိုလည်း လိုက်လံကြည့်ရှုခဲ့ရာ သတ်မှတ်ကာလအမီ ဂျင်းကျောက်ခင်း၍ ပြုပြင်ဖောက်လုပ်ပေးနိုင်ရေး၊ လိုအပ်သည့်လမ်းအကျယ်ရရှိရေး ညှိနှိုင်းတွက်ချက်ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

**ပုဂံလွမ်းချင်း**

ကျွန်တော့်ဘဝမှာ ဘယ်နှကြိမ်ဘယ်နှခါပဲ ရောက်ခဲ့ရောက်ခဲ့၊ ထပ်မံ၍ သွားချင်မိသော မြို့ရွာဒေသများ ရှိနေပါသည်။ မြန်မာပြည်မြောက်ဘက်အစွန်ဆုံးက အိမ်ခြေ ၂၀ ကျော်သာရှိသော ပန်နန်းဒင်မြို့လေးသို့ သုံးကြိမ်၊ ခေါင်လန်ဖူးမြို့သို့ လေးကြိမ်၊ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းထဲက မက်မန်းမြို့လေးသို့ လေးကြိမ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသက ဟိုမိန်းမြို့လေးသို့ လေးကြိမ်ရောက်ခဲ့ဖူးပါပြီ။ သွားခွင့်ကြုံလျှင်လည်း ထပ်၍သွားပါဦးမည်။ ချင်းပြည်နယ်က ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံမြို့တို့သည်လည်းကောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့တို့သည်လည်းကောင်း၊ ရခိုင်ဒေသမြို့ရွာတို့သည်လည်းကောင်း ကျွန်တော့်နှလုံးသားပုံရိပ်ထဲမှာ ထင်ဟပ်နေဆဲ။ ထိုနည်းနှင်နှင်ပင် ကျွန်တော် ထပ်ကာထပ်ကာ ရောက်ဖူးချင်သောနေရာတစ်ခုမှာ ပုဂံ/ညောင်ဦးဒေသဖြစ်သည်။ ပုဂံရှိရှေးဟောင်းစေတီဘုရားပုထိုးများ၏ အရိပ်အာဝါသကို မှီခိုနေထိုင်ရင်းခံစားရသည့် အေးငြိမ်းချမ်းသာမှုသည် ဘယ်အရာနှင့်မျှ မနှိုင်းယှဉ်နိုင်လောက်အောင် သိမ်မွေ့နူးညံ့လွန်းသည်။ နောက်ထပ်သည့်ထက်ပိုသော အရာတစ်ခုကတော့ သွားလေသူဇနီးသည်နှင့်အတူ ကုသိုလ်ပြုခဲ့ဖူးသည့် ဘုရားပုထိုးစေတီများစွာရှိနေသော၊ အမှတ်တရများစွာရှိနေသော အရပ်ဒေသတစ်ခုဖြစ်နေ၍ပါတည်း။ ကျွန်တော်ချစ်သော ပုဂံ၊ ကျွန်တော်လွမ်းမိသော ပုဂံ၊ သည်နေရာ သည်လိုအရပ်ဒေသတွေမှာ လမ်းများပြုပြင်ဖောက်လုပ်ပေးရင်း ကုသိုလ်ပြုခွင့် ထပ်မံရရှိခြင်းအတွက် ဝမ်းမြောက်မိပါသည်။ ။

# ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

ပုသိမ် ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ယမန်နေ့က ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ပုသိမ်ခရိုင်လူထုအခြေပြုဖဟိုဌာန၌ ကျင်းပသည်။




အဆိုပါ အသိပညာပေးစကားဝိုင်းတွင် ပုသိမ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမျိုးမြင့်ထွန်းနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ကေခိုင်စိုးတို့က ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့အကြောင်း၊ သစ်တောသစ်ပင်များ၏အသုံးဝင်ပုံ၊ ရာသီဥတုပြောင်းလဲမှုသစ်တောများအကြောင်းနှင့် မြန်မာနိုင်ငံတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်၍ အပြန်အလှန်ဆွေးနွေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**



ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သန်းဖြူ၊ ကညနတိုင်းဒေသကြီး ဦးစီးမှူး ဦးရဲနိုင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဝင်များသည် ဇူလိုင် ၅ ရက်က ပဲခူးယာဉ်ဝင်းအတွင်း၌ ယာဉ်များတွင် လိုင်စင်လုပ်ငန်း၊ မီးသတ်ဆေးဘူး၊ မှန်ခွဲတူ၊ ခါးပတ်များ ပါရှိမှု ရှိ၊ မရှိစစ်ဆေးစဉ်။ ငွေနိုင်(ပဲခူး)

# စည်းနဲ့ ကမ်းနဲ့ မြန်မာစာ

ဒေါက်တာထွန်းတင့်

## ရုပ်ပြောင်း ရုပ်လွဲ၊ သို့မဟုတ် အငှားခန္ဓာမြောင်ကြတယ် (၄)

အသံဖြစ်ရာ ဌာန်တူသော ဗျည်းအက္ခရာချင်းဖြစ်စေ၊ အသံဖြစ်ရာ ဌာန်နီးသော ဗျည်းအက္ခရာချင်းဖြစ်စေ၊ အသံဖြစ်ဟန်တူသော ဗျည်းအက္ခရာချင်းဖြစ်စေ၊ အသံဖြစ်ဟန်နီးစပ်သော ဗျည်းအက္ခရာချင်းဖြစ်စေ၊ အသံဆက်နွှယ်မှုရှိသော သရချင်းဖြစ်စေ ပြောင်းလဲတတ်သည်။ ရုပ်ပြောင်းရုပ်လွှဲလုပ်သည်ဟုဆိုပါရစေ။ ယခုတင်ပြမည့် ရုပ်ပြောင်းရုပ်လွှဲ ဗျည်းအက္ခရာနှစ်လုံးမှာ ‘သ’နှင့် ‘စ’ ဖြစ်သည်။ ‘သ’ သည် သွားဌာန်၌ဖြစ်သော ဗျည်းဖြစ်သည်။ အသံဖြစ်ဟန်အားဖြင့် ပွတ်တိုက်ဗျည်းဖြစ်သည်။ ‘စ’သည် သွားရင်း၌ဖြစ်သော ဗျည်းဖြစ်သည်။ အသံဖြစ်ဟန်အားဖြင့် ပွတ်တိုက်ဗျည်းပင်ဖြစ်သည်။ အသံဖြစ်ရာ ဌာန်နီးပြီး အသံဖြစ်ဟန်တူသော ဗျည်းနှစ်လုံးဖြစ်သဖြင့် ‘သ’မှ ‘စ’သို့ဖြစ်စေ၊ ‘စ’ မှ ‘သ’ သို့ဖြစ်စေ အပြန်အလှန်ပြောင်းနိုင်ကြသည်။ ယခုတင်ပြလိုသည်မှာ ‘သ’ မှ ‘စ’ သို့ ပြောင်းသော ရုပ်ပြောင်းရုပ်လွှဲအကြောင်းဖြစ်သည်။ တစ်နည်းဆိုသော် ‘သ’ သည် ‘စ’ ၌ အငှားခန္ဓာမြောင်သည့်အကြောင်းဖြစ်သည်။

**စတေး < သန္တေး < ဂန္ထိ**

‘စတေးသည်’ ဟူသောစကားကို လူအများကြားဖူးသိဖူး ပြောဖူးရေးဖူးကြသည်။ အလွန်အသုံးတွင်သော စကားလည်းဖြစ်သည်။ ‘စတေး’ ၏ အဓိပ္ပာယ်ကို သိသည်ဟုလည်း ထင်မှတ်ကြသည်။ သို့ရာတွင် ‘စတေး’၏ အဓိပ္ပာယ်ကို တကယ်သိသူ၊ အမှန်သိသူ အလွန်နည်းပါလိမ့်မည်။ ‘စတေး’၏ ရင်းမြစ်၊ စတေး၏အနက်ကို သိသူကားပို၍ပင် နည်းပါလိမ့်မည်။ မြန်မာစာအဖွဲ့က ပြုစုသော ခရီးဆောင်မြန်မာအဘိဓာန်တွင် ‘စတေး’၏ အဓိပ္ပာယ်ကို နှစ်ချက်ဖွင့်ပြထားပါသည်။ ဝါစင်္ဂအားဖြင့် ကြိယာများဖြစ်ကြသည်။ အဓိပ္ပာယ်တစ်ချက်မှာ ရှေးအခါက မြို့တည်ခြင်း၊ ကန်၊ ဆည်မြောင်း တူးဖော်ခြင်း စသည့်ကိစ္စတို့တွင် လုပ်ငန်းပြီးဆုံးအောင်မြင်ရေးအတွက် နတ်ပသသည်’ ဟူ၍ ဖြစ်ပါသည်။ နောက်တစ်ချက်မှာ တင်စားသော စကား၊ ဥပစာစကားအဖြစ်သုံးသည့် အဓိပ္ပာယ်ဖြစ်ကြောင်း ပြထားပါသည်။ အဓိပ္ပာယ်မှာ ‘ယုံကြည်ချက်အတွက် အဆုံးရှုံးခံဆောင်ရွက်သည်’ ဟူ၍ ဖြစ်ပါသည်။ ‘စတေး’၏ ရင်းမြစ်ဘာသာစကားကို ‘သက္ကတဘာသာ ဂန္ထိ’ဟု ပြထားပါသည်။ ခရီးဆောင်မြန်မာအဘိဓာန်တွင် အဘိဓာန်အမျိုးအစားအလိုအရ လိုအပ်သမျှသာ ဖွင့်ပြထားခြင်းဖြစ်ပါလိမ့်မည်။

အနည်းငယ်ချဲ့၍ ရှင်းပြလိုပါသည်။ သက္ကတဘာသာ ‘ဂန္ထိ’ ဟူသော ဝေါဟာရသည် ‘စိတ်၏ငြိမ်သက်ခြင်း၊ တစ်နည်း ကာမ၊ ကောဓ စသည်တို့၏ ပျောက်ငြိမ်းခြင်း’ ဟူသော အနက်ရှိသည်ဟု အဘယာရာမဆရာတော် မြန်မာပြန်ပြုစုသည့် အမရကောသ အဘိဓာန်တွင် ပြထားပါသည်။ သက္ကတဘာသာ ‘ဂန္ထိ’ သည် ပါဠိဘာသာ ‘သန္တိ’ နှင့် အခြေခံအားဖြင့် အနက်တူသည်။ ဆရာကြီး ဦးဟုတ်စိန်ပြုစုသော ပဒတ္ထမဉ္ဇူသာ ပါဠိ-မြန်မာအဘိဓာန်တွင် ‘သန္တိ’ သည် သက္ကတဘာသာ ‘ဂန္ထိ’ နှင့်တူသည်ဟုပြပြီး ‘ငြိမ်းချမ်းခြင်း၊ ကိလေသာ၏ ငြိမ်းရာနိဗ္ဗာန်’ ဟု ဖွင့်ပြထားပါသည်။ သက္ကတဘာသာ ‘ဂန္ထိ’ မှ ‘ဂန္တေး’၊ ‘ဂန္တေး’မှ ‘သန္တေး’၊ ‘သန္တေး’ မှ ‘သတေး’ > ‘စတေး’ သို့ ပြောင်းရွေ့လာနိုင်သကဲ့သို့ ပါဠိဘာသာ သန္တိ၊ သန္တေးမှ တိုက်ရိုက် သတေး> စတေးသို့ ပြောင်းရွေ့နိုင်ပါသည်။ သို့ရာတွင် လောကီပညာရပ်ဆိုင်ရာ အမည်နာမဝေါဟာရများသည် သက္ကတဝေါဟာရများမှ ပြောင်းရွေ့လာတတ်သဖြင့် ‘စတေး’ သည် သက္ကတဘာသာ ‘ဂန္ထိ’မှ ပြောင်းရွေ့လာသည်ဟူသော ယူဆချက်သည် ယုတ္တိပိုတန်သည်ဟု ယူဆရပေသည်။

ဤတွင် မြန်မာတို့သုံးနှုန်းပြောဆိုရေးသားလေ့ရှိသော၊ မြန်မာစာပေတွင်တွေ့ရသော ဝေါဟာရသုံးလုံးအကြောင်းကို ဆွေးနွေးလိုပါသည်။ ယင်းဝေါဟာရများမှာ သန္တေး၊ သန္တေးနှင့် စတေး တို့ဖြစ်ပါသည်။

ဂန္ထိ > ဂန္တေး ၏အနက်မှာ စိတ်၏ငြိမ်သက်ခြင်း၊ ကာမ၊ ကောဓ စသည်တို့ ပျောက်ငြိမ်းခြင်းဖြစ်ရာ ထိုမှတစ်ဆင့် အစစအရာရာ ငြိမ်းချမ်းခြင်း၊ အနှောင့်အယှက်အဟန့်အတားမှန်သမျှ ရှင်းပပျောက်ငြိမ်းခြင်း၊ လုပ်ငန်းဆောင်တာများ အနှောင့်အယှက်ကင်း၍ အောင်မြင်ခြင်းသဘောကိုလည်း ဆောင်ပေသည်။ ထိုသို့ ငြိမ်းချမ်းသန့်ရှင်း စင်ကြယ် အောင်မြင်စေရန် ပြုသည်ကိုပင် ‘သန္တေးသည်’ဟု ဆိုသည်။ ထို့ကြောင့် မြို့ရာနင်းခြင်း၊ မြို့တည်ခြင်း၊ ကန်တူးခြင်း၊ ဆည်ဆောက်ခြင်းစသည့် အမှုကိစ္စများ အောင်မြင်စေရန် အတွက် နတ်များ၊ ဂြိုဟ်များကို ပူဇော်ပသသည်ကို မြို့၊ ကန်၊ ဆည် စသည် ‘သန္တေးသည်’ ဟုဆိုသည်။ ထိုသို့ပြုသဖြင့် မင်္ဂလာရှိစေသည်ဟု ယူဆကြသဖြင့် မင်္ဂလာပြုသည်ဟုလည်း ခံယူကြသည်။ နတ်များ၊ ဂြိုဟ်များကို ပူဇော်ရာတွင် အစပထမက မုန့်ပဲသရေစာများဖြင့်သာ ပူဇော်ကြမည်။ နောင်တွင် ငါး၊ သား၊ ဟင်းလျာများဖြင့် ပူဇော်ကြမည်။ လုပ်ငန်းမအောင်မြင်သေးပါက ကြက်၊ ဝက်၊ ကျွဲ၊ နွား စသည်တို့ကိုသတ်၍ ပူဇော်ပသကြပေလိမ့်မည်။ သန္တေးသည်ဆိုသည်မှာ မင်္ဂလာပြုခြင်း၊ နတ်ပူဇော်ခြင်း၊ ဂြိုဟ်ပူဇော်ခြင်းဖြစ်၍ အကုသိုလ်မှု ပါဝင်ဖွယ်မရှိပါ။ နောင်တွင် အယူအဆအမှား၊ ရည်ရွယ်ချက်အမှားများကြောင့် လူကိုပင်သတ်၍ ပူဇော်သော အကျင့်အထိအဖြစ်ဆိုးလာရသည်။ မသင့်လျော်သော၊ မကောင်းသောအဓိပ္ပာယ်ကိုပါ ဆောင်လေတော့သည်။

အမှန်စင်စစ် ‘သန္တေး’ ၏ မူလအနက်မှာ အလွန်ကောင်းပါသည်။ အထက်တွင်ဆိုခဲ့သည့်အတိုင်း စိတ်၏ငြိမ်သက်ခြင်း၊ ကာမ၊ ကောဓ စသည်တို့မှ ပျောက်ငြိမ်းခြင်းဟူ၍ဖြစ်ပြီး ယင်းကို အခြေပြု၍ ငြိမ်းအေးအောင်ပြုသည်။ ကျက်သရေမင်္ဂလာရှိအောင် ဆောင်ရွက်သည်။ နတ်ပူဇော်ပသသည်၊ ဂြိုဟ်ပူဇော်ပသသည်၊ လုပ်ငန်းဆောင်တာပြီးမြောက်အောင် ပူဇော်ပသသည်၊ မကောင်းမှုဒုစရိုက်ကို ဆေးလျှော်သည်စသည့် အနက်အဓိပ္ပာယ်များကို ဆောင်လာပါသည်။ ထိုမှတစ်ဆင့် မင်္ဂလာပြုသည့်အနေဖြင့် ဦးခေါင်းဆေးလျှော်သည်ဟူသော အဓိပ္ပာယ်ကိုပင် ဆောင်လာပါသည်။

မကောင်းမှု အပြစ်အနာအဆာ၊ အညစ်အကြေး စသည်တို့ကို ဆေးကြောသည်ဟူသောအနက်ဖြင့် ဆရာတော် ရှင်မဟာသီလဝံသက ‘သန္တေးစင်နေ၊ ဗျာဒိတ်ရေဖြင့်၊ ပြောက်ချေမှဲ့ကပ်၊ ဆဲ့ရှစ်ရပ်၌၊ မအပ်ကျိုးနည်း၊ မြူအထည်းကို၊ သုတ်လှည်းလျှော်ဖြူ၊ ရှင်တုံမူကား’ (ပါရမီ*၈၂) ဟု စပ်ဆိုခဲ့ပါသည်။

ညီတော် ပေါလဇနကသည် နောင်တော်အရိဋ္ဌဇနကနှင့် စစ်ထိုးရန် မိတ္ထီလာပြည်သို့ စစ်ချီရန်စီမံဆောင်ရွက်ရာတွင် စစ်ဆင် စစ်မြင်းတို့ကို ဦးခေါင်းဆေးလျှော်ခြင်း သန္တေးမင်္ဂလာ၊ ပြည်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ်တို့အား ပူဇော်ပသသော သန္တေးမင်္ဂလာတို့ကို ဆောင်ရွက်ကြောင်းကို ‘မြင်းဆင်ခေါင်းဆေး၊ သန္တေးယတြာ၊ ပြည်ရွာစောင့်တတ်၊ နတ်ခပဲအား၊ ကျင့်မြဲကော်ရော်၊ မျှို့ကြီးခေါ်၍၊ ပူဇော်ခဲ့ပြီး’ (ဇနက*၉) ဟု တွင်းသင်းတိုက်ဝန် မဟာစည်သူက ရေးဖွဲ့ခဲ့ပါသည်။

ဤသို့လျှင် မြို့သန္တေးသည့်အမှု၊ ဦးခေါင်းသန္တေးသည် အမှုတို့ဖြင့် မင်္ဂလာရှိအောင်၊ အောင်မြင်အောင် ပြုလုပ်စီရင်ကြကြောင်းကို မှတ်တမ်းမှတ်ရာ တွေ့ရှိရပါသည်။

‘သန္တေး’ ကို ဦးခေါင်းအားလျှော်သည်ဟူသော အနက်သက်သက်ဖြင့်လည်း စပ်ဆိုကြသည်။ တွင်းသင်းတိုက်ဝန်မဟာစည်သူသည်ပင်ဝေဿန္တရာပျို့၌ ‘ထိုရောအခါ၊ မယ်ကဏှာနှင့်၊ ဇာလီနွဲ့နှောင်း၊ နန်းညွှန့်ညောင်းကို၊ ဦးခေါင်းသန္တေး၊ ကိုယ်သန့်ဆေး၍’ (ဝေပျို့ *၂၇၇) ဟု စပ်ဆိုထားပါသည်။ ထို့အတူ မန်လည်ဆရာတော်ဘုရားကြီးက ‘သန္တေး’ကို ဦးခေါင်းဆေးလျှော်သည်ဟူသော အနက်ဖြင့် မဃဒေဝလင်္ကာကြီးတွင် ‘မင်းမှုသန္တေး၊ ဦးတော်ဆေးပြီး (မဃ*၅၇) ဟုလည်းကောင်း၊ ‘မင်္ဂလာသန္တေး၊ ရွှေသန္တေးဖြင့်၊ ဦးဆေးခေါင်းလျှော်’ (မဃ*၄၁၆) ဟု လည်းကောင်း စပ်ဆိုခဲ့ပါသည်။

(ဆက်လက်ဖော်ပြပါမည်)

## (၇၇)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်အကြို ဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများ ကျင်းပ



**ပဲခူး ဇူလိုင် ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အခြေခံပညာအထက်တန်းကျောင်း မြို့အနောက်(ခ)၌ ဇူလိုင် ၄ ရက်က (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ စာစီစာကုံး ပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို ကျင်းပခဲ့သည်။

ဦးစွာ အခြေခံပညာအထက်တန်းကျောင်း မြို့အနောက်(ခ)မှ အထက်တန်းပြဆရာမ ဒေါ်လေးဝါအောင်က အတုယူဖွယ် ဗိုလ်ချုပ်အောင်ဆန်း စိတ်ဓာတ် ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ထို့နောက် အာဇာနည်နေ့နှင့် ကျွန်ုပ်တို့တာဝန် ခေါင်းစဉ်ဖြင့် စာစီစာကုံး ပြိုင်ပွဲကိုကျင်းပရာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၅ ဦး၊ အလယ်တန်းအဆင့် ၄၂ ဦး၊ မူလတန်းအဆင့် ၂၁ ဦး စုစုပေါင်း ၉၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ထို့ပြင် “ဦးညွှတ်ပါသည် အာဇာနည်” ခေါင်းစဉ်ဖြင့် ကဗျာပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အထက်တန်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအား ဆုချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ကလောမြို့နယ်၌ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကလော ဇူလိုင် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(လ-၁)ကျောင်း၌ ခြင်အန္တရာယ်သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၉ ရက် နံနက် ၇ နာရီက ကလောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့်နှင့် ကလောခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့်အဖွဲ့ဝင်များ ဦးဆောင်၍ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ခရိုင်/ မြို့နယ်အဆင့်ဌာနဆိုင်ရာများပူးပေါင်း၍ ကလောမြို့ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)(လ-၁)ကျောင်းဝင်းအတွင်းရှိ ချုံနွယ်၊ မြက်ပင်၊ ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်း၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မုဒုံမြို့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မုဒုံ ဇူလိုင် ၆**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇူလိုင် ၄ ရက်က ကျောက်တလုံးကျေးရွာရှိ နယ်မြေခံတပ်နယ်၌ ပြုလုပ်ပေးသည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မုဒုံမြို့နယ်ဦးစီးမှူး ဦးဆန်းဦးနှင့် ဝန်ထမ်းများက နယ်မြေခံတပ်နယ်မှ တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုဝင်များအား အိမ်ထောင်စုလူဦးရေစာရင်း ၂၁ စု၊ အသက် ၁၀ နှစ်ပြည့် နိုင် - ၃ (က) နှင့် အသက် ၁၈ နှစ်ပြည့် နိုင် - ၆ (က) နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအလဲနှင့် မိတ္တူ စုစုပေါင်း ၁၅ ဦးအား ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



**အောင်မျိုးသူ (ပြန်/ဆက်)**

# တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များ ထုတ်လုပ်မည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင် ပြောကြား

**အက်စ်တာနာ ဇူလိုင် ၆**

ရုရှားနိုင်ငံသည် အမေရိကန်၏ ဒုံးကျည်ထုတ်လုပ်မှုများကို တုံ့ပြန်သည့်အနေဖြင့် တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များ ထုတ်လုပ်မည်ဖြစ်ကြောင်း သမ္မတ ဗလာဒီမာပူတင်က ယမန်နေ့တွင် ပြောကြားသည်။

အမေရိကန်သည် အလယ်အလတ်အဆင့် နျူကလီးယား လက်နက်ထုတ်လုပ်မှုတားမြစ်ရေး သဘောတူစာချုပ်မှ နုတ်ထွက်ပြီး ယခုကဲ့သို့ တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များကို ထုတ်လုပ်ခဲ့သဖြင့် ရုရှားနိုင်ငံသည်လည်း အနာဂတ်တွင် အမေရိကန်၏ရန်မှ ကာကွယ်ရေးအတွက် ဒုံးကျည်များ စမ်းသပ်ထုတ်လုပ်ရန် အခွင့်အရေးရှိကြောင်း အက်စ်တာနာမြို့တွင် ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ပူတင်က သတင်းထောက်များကို ထပ်လောင်းပြောကြားသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့ဒေသများ၌ အမေရိကန်က တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များကို ဖြန့်ကြက်ထားသဖြင့် ရုရှား နိုင်ငံသည်လည်း တာတိုနှင့် တာလတ်ပစ်ဒုံးကျည်များ ထုတ်လုပ်ရန်လိုအပ်သည့် သုတေသန များဆောင်ရွက်ပြီး စတင်ထုတ်လုပ်ရန် ပြင်ဆင်နေကြောင်း ပူတင်က ပြောကြားသည်။

ရုရှားနှင့် အမေရိကန်နိုင်ငံတို့သည် ၁၉၈၇ ခုနှစ်တွင် လက်နက်ထိန်းချုပ်ရေးစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ရာတွင် စာချုပ်အရ ကီလိုမီတာ ၅၀၀ မှ ၅၅၀၀ အကွာအဝေးအတွင်း ပစ်ခတ်နိုင်သည့် ဒုံးကျည်များထုတ်လုပ်ခြင်းကို တားမြစ်ခဲ့သည်။ သို့ရာတွင် ၂၀၁၉ ခုနှစ်၌ အမေရိကန်က ယင်းစာချုပ်မှ နုတ်ထွက်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# အီရန်သမ္မတရွေးကောက်ပွဲတွင် မာဆက် ပီဇီရှ်ကီရန် ထောက်ခံမဲအသာစီးဖြင့် အနိုင်ရ

**တီဟီရန် ဇူလိုင် ၆**

အီရန်သမ္မတရွေးကောက်ပွဲ ဆန္ဒမဲရလဒ်များအရ ပြုပြင်ပြောင်းလဲရေးသမား မာဆက် ပီဇီရှ်ကီရန်သည် ထောက်ခံမဲအသာစီးဖြင့် အီရန်သမ္မတရွေးကောက်ပွဲတွင် အနိုင်ရခဲ့ကြောင်း သိရသည်။

မာဆက် ပီဇီရှ်ကီရန်သည် မဲဆွယ်ကာလတွင် အနောက်နိုင်ငံများနှင့် ပိုမိုဆွေးနွေးမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။

မေလက ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သမ္မတ အီဘရာဟင်ရိုင်စီ သေဆုံးပြီးနောက် လျှပ်တစ်ပြက် ရွေးကောက်ပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။




အီရန်နိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒအပေါ် ပြုပြင်ပြောင်းလဲရေးဝါဒီနှင့် ရှေးရိုးဆန်သော ကွန်ဆာဗေးတစ်များအကြား သိသိသာသာ ကွဲပြားသောအမြင်များဖြင့် အီရန်နိုင်ငံ ပြည်သူများသည် ယခုကျင်းပသည့်သမ္မတရွေးကောက်ပွဲတွင် ဆန္ဒမဲများပေးခဲ့ခြင်းဖြစ်သည်။

မာဆက် ပီဇီရှ်ကီရန်သည် ဒုတိယလွှတ်တော်ဥက္ကဋ္ဌနှင့် ကျန်းမာရေးဝန်ကြီးဟောင်းဖြစ်သည်။ အီရန်အပေါ် ပိတ်ဆို့အရေးယူမှုများကို ရုပ်သိမ်းပေးရန်အတွက် အမေရိကန် အပါအဝင် ဥရောပနိုင်ငံများနှင့် ဆက်ဆံရေးကို မြှင့်တင်ရန် ဆန္ဒရှိသူလည်းဖြစ်သည်။

သမ္မတ အီဘရာဟင်ရိုင်စီ၏ သဘောထားတင်းမာသော သံတမန်ရေးရာမူဝါဒကို ပြုပြင်ပြောင်းလဲရန် မာဆက် ပီဇီရှ်ကီရန်က မျှော်လင့်ထားကြောင်း သိရသည်။

သို့သော် အီရန် ဘာသာရေးခေါင်းဆောင် အယာတိုလာ အလီခါမေနီက အရေးကြီးသည့် မူဝါဒများနှင့်ပတ်သက်ပြီး အနောက်နိုင်ငံများအပေါ် ခုခံချေပပြောဆိုခြင်းများရှိခြင်းကြောင့် အီရန်နိုင်ငံနှင့် အနောက်နိုင်ငံများအကြား ဆက်ဆံရေး တိုးတက်လာနိုင်မည်လားဆိုသည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ကာရေဘီယံကျွန်းစုနိုင်ငံများသို့ ဆိုင်ကလုန်းမုန်တိုင်း Beryl ဝင်ရောက်တိုက်ခတ်

**ကင်းတောင်း ဇူလိုင် ၆**

ကာရေဘီယံ ကျွန်းစုဒေသများရှိ ဒေသခံတစ်သန်းကျော်သည် ဆိုင်ကလုန်းမုန်တိုင်း Beryl တိုက်ခတ်မှုကို ထိခိုက်ခံစားခဲ့ရကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်ဟု ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

ယင်းဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကာရေဘီယံကျွန်းစုအရှေ့ပိုင်းရှိ Saint Vincent and the Grenadines ကျွန်းနိုင်ငံရှိ ဒေသခံ ၄၀၀၀၀၊ ကာရေဘီယံပင်လယ်အရှေ့ပိုင်းရှိ Grenada ကျွန်းနိုင်ငံမှ ဒေသခံ ၁၁၀၀၀၀ နှင့် ဂျမေကာကျွန်းနိုင်ငံမှ ဒေသခံ ၈၂၀၀၀၀ ထိခိုက်ခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံးက ပြောကြားသည်။ ယင်းဆိုင်ကလုန်း မုန်တိုင်းကြောင့် ၁၁ ဦးသေဆုံးပြီး နေအိမ်အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည်။

အဆိုပါနိုင်ငံများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများအတွက် ကုလသမဂ္ဂအရေးပေါ်တုံ့ပြန်ရေးရန်ပုံငွေမှ ကန်ဒါလာ လေးသန်း ကျခံသုံးစွဲခဲ့ကြောင်း သိရသည်။

ကာရေဘီယံ သဘာဝဘေးစီမံခန့်ခွဲရေးအေဂျင်စီနှင့် လက်တွဲပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်မည်ဟု ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးရုံးက ထပ်လောင်းပြောကြားသည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ထိုင်းနိုင်ငံမြို့တော် ဗန်ကောက်နှင့် လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းတို့အကြား ရထားပြေးဆွဲမည်

**ဗန်ကောက် ဇူလိုင် ၆**

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်နှင့် လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်းတို့အကြား နိုင်ငံတကာအဆင့် ရထားပြေးဆွဲမှုကို ဇူလိုင် ၁၉ ရက်တွင် စတင်မည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ ရထားပို့ဆောင်ရေးဌာနက ပြောကြားခဲ့သည်ဟု ဗန်ကောက်ပို့စ်သတင်းတစ်ရပ်အရ သိရသည်။



ယင်းရထားသည် ထိုင်းနိုင်ငံ Krung Thep Aphiwat Central Terminal Station(Bangkok Central)မှ ဇူလိုင် ၁၉ ရက် ည ၉နာရီ ၂၅ မိနစ်တွင် ထွက်ခွာမည်ဖြစ်ပြီး လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ Kham-savath Station သို့ ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီ ၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။

ခရီးသည်များအနေဖြင့် ရထားဆိုက်ရောက်သည့်အချိန်တွင် မြို့တော်ဗီယင်ကျန်းရှိ လွတ်လပ်ရေးအောင်ပွဲအထိမ်းအမှတ် ပက်တူဆိုင်းဂိတ်တံခါးအပါအဝင် လာအိုနိုင်ငံရှိ ဒေသအများအပြားသို့ သွားရောက်လည်ပတ်နိုင်သည့်အပြင် တရုတ်-လာအို မြန်နှုန်းမြင့်ရထားကို စီးနင်းကာ တရုတ်နိုင်ငံသို့ သွားရောက်နိုင်သည်။

ထိုင်းနိုင်ငံနှင့်လာအိုနိုင်ငံအကြား ရထားခရီးစဉ်ပြေးဆွဲခြင်းဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ထိုင်းနှင့်လာအိုမှ ရထားလုပ်ငန်း တာဝန်ရှိသူများအကြား ဆွေးနွေးခဲ့ကြကြောင်း ထိုင်းနိုင်ငံ ရထားပို့ဆောင်ရေးဌာန တာဝန်ရှိသူ Ekkarat Sriarayanpong က ပြောကြားသည်။ **ကိုးကား - ဗန်ကောက်ပို့စ်၊ ဘာသာပြန် - စိုးသူရ**

# တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်၌ လေဆင်နှာမောင်း တိုက်ခတ်၊ ငါးဦး သေဆုံး

**ပေကျင်း ဇူလိုင် ၆**

တရုတ်နိုင်ငံအရှေ့ပိုင်း ရှန်ဒေါင်းပြည်နယ်၌ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ငါးဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဇူလိုင် ၆ ရက်တွင် ပြောကြားသည်။

ဇူလိုင် ၅ ရက် ဒေသစံတော်ချိန် မွန်းလွဲပိုင်းက ဒေါင်မင်စီရင်စုနှင့် ဂျူရန်ချန်စီရင်စုတို့၌ လေဆင်နှာမောင်းတိုက်ခတ်ခဲ့ပြီး ၈၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယင်းတို့အနက် ငါးဦး သေဆုံးခဲ့ကြောင်း ဟေဇယ်မြို့ အရေးပေါ်စီမံခန့်ခွဲမှုဗျူရိုက အတည်ပြုပြောကြားသည်။ ပဏာမစုံစမ်းစစ်ဆေးမှုအရ အိမ်ခြေ ၂၈၂၀၊ ကောက်ပဲသီးနှံ ဧက ၆၀၉၀၀(၄၀၆၀ ဟက်တာ) နှင့် ဓာတ်အားလိုင်း ၄၈ လိုင်း ပျက်စီးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် လမ်းမများ၊ ဆက်သွယ်ရေး၊ ရေနှင့် လျှပ်စစ်ဓာတ်အားထောက်ပံ့မှုများ ပြန်လည်ရရှိကာ ဒေသခံကယ်ဆယ်ရေးသမားများက ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကာ ပြန်လည်နေရာချထားပေးလျက်ရှိသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုတွင် ပျက်စီးဆုံးရှုံးသွားသည့် ပြည်သူများ၏ အိမ်များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများကို ကျယ်ကျယ်ပြန့်ပြန့် စစ်တမ်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

ရှန်ဒေါင်းပြည်နယ်၌ တစ်နှစ်လျှင် ပျမ်းမျှ လေဆင်နှာမောင်း အနည်းဆုံး တစ်ကြိမ်ဖြစ်ပွားကြောင်း အမျိုးသားရာသီဥတုစင်တာ၏ အချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ ဒေသအများအပြား၌ အပူချိန်မြင့်တက်

**တိုကျို ဇူလိုင် ၆**

ဂျပန်နိုင်ငံအနောက်ပိုင်းတွင် အပူချိန် ၃၇ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့ပြီး အပူလှိုင်းများကျရောက်ခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

နိုင်ငံအရှေ့ပိုင်းတွင်လည်း ထူးခြားစွာ အပူချိန်မြင့်တက်ခဲ့ပြီး ဒေသခံများအား အပူလျှပ်ဝေဒနာမှ ကာကွယ်ရန်အတွက် တာဝန်ရှိသူများက ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

ပစိဖိတ်သမုဒ္ဒရာအတွင်း ရာသီဥတုပြောင်းလဲမှုကြောင့် အကျိုးဆက်အဖြစ် ဂျပန်အရှေ့ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် အပူချိန်မြင့်တက်ခဲ့သည်။ ကိုချီစီရင်စု ရှီမာတိုမြို့ရှိ နီရှိတိုဆာဒေသတွင် ၃၇ ဒသမ ၈ ဒီဂရီဆဲလ်စီးယပ်၊ တိုကူရှီးမားစီရင်စု မီမာမြို့နှင့် ကိုချီစီရင်စု မိုတိုယာမာမြို့များတွင် ၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ်နှင့် ဆိုင်းတမစီရင်စု ကိုရှိဂါယာမြို့တွင် ၃၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်စသည်ဖြင့် နေ့အပူချိန် အသီးသီး မြင့်တက်ခဲ့သည်။

ထို့ပြင် ဆိုင်းတမစီရင်စုရှိ မြို့အများအပြားတွင်လည်း အပူချိန် ၃၉ ဒီဂရီဆဲလ်စီးယပ်အထိ မြင့်တက်ခဲ့သည်။ နိုင်ငံအတွင်းရှိ တိုကျို၊ ရှီဇူအိုကာ၊ အီချီ၊ အီဟိမီနှင့် မီယာဇာကီဒေသများရှိ ဒေသခံများအား အပူလျှပ်ဝေဒနာကို သတိပြုနေထိုင်ကြရေးအတွက် တာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**

# မွန်ပြည်နယ် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်



**မော်လမြိုင် ဇူလိုင် ၆**

မွန်ပြည်နယ် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ် ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာ စကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်ပြီး ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်က ဥပဒေဆိုင်ရာသိကောင်းစရာများနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေတို့အား ရှင်းလင်းဆွေးနွေးခဲ့ပြီး မွန်ပြည်နယ် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်း အမှတ်စဉ်(၁)တွင် ဥပဒေအရာရှိများက မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်အက်ဥပဒေ၊ ရာဇသတ်ကြီး ဥပဒေနှင့် ဆက်သွယ်ရေးဥပဒေဘာသာရပ်တို့အား သင်ကြားပို့ချခဲ့ကြပြီး သိရှိလိုသည်များ မေးမြန်းခြင်းအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

မွန်ပြည်နယ် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်း အမှတ်စဉ်(၁)ကို သင်တန်းသား သင်တန်းသူ ၈၂ ဦးဖြင့် သင်တန်းကာလ သုံးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# လပွတ္တာမြို့နယ်၌ အခွန်အသိပညာပေးဆွေးနွေး

**လပွတ္တာ ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေနဒီခန်းမ၌ ယနေ့နံနက်ပိုင်းက စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ် အခွန်တိုးတက်ကောက်ခံရရှိရေးနှင့် ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရေး အခွန်အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက အဖွင့်အမှာစကားပြောကြားပြီး ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲခေါင်ထွန်းက အခွန်ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းပြောကြားရာတွင် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ လက်ကိုင်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းများ ရောင်းချဆောင်ရွက်ခြင်းအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးပေးခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ၊ အခွန်ထမ်းပြည်သူများက သိရှိလိုသည်များကိုမေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးရဲခေါင်ထွန်းက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ မူမူ

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့်အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "တောင်ဒဂုံစိုးကြီး" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၈)ရပ်ကွက်နေ စိုးသီဟ(ခ)စိုးကြီးအား မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်တန်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု လွှဲပြောင်းပေးအပ်

**ကျောက်တန်း ဇူလိုင် ၆**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် မြကိုင်းကျေးရွာအုပ်စု ကျုံကျိုက်ကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ) အတိုးရငွေဖြင့် ကျေးရွာလျှပ်စစ်မီးရရှိရေး၊ လမ်းမီးသွယ်တန်းရေး၊ ကျုံကျိုက်ကျေးရွာနှင့် မြေနီတာကျေးရွာ ကျေးရွာချင်းဆက်လမ်းအားမြေသားပိုးခြင်း၊ မြေညှိခြင်း ဆောင်ရွက်ပြီးစီးမှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများလွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျေးရွာ၌ ကျင်းပသည်။

ယင်းသို့ လွှဲပြောင်းပေးရာတွင်



ကျောက်တန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဝင်းနှင့် ဝန်ထမ်းများ၊ ကျုံကျိုက်ကျေးရွာ မြစိမ်းရောင်(ငါးကဏ္ဍ) ကော်မတီအဖွဲ့ တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးရွာလျှပ်စစ်မီးလင်းရေးနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ မြေသားလမ်းခင်းကျင်းခဲ့မှုနှင့် ပတ်သက်သည့် စာရွက်စာတမ်းများအား ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ယုနှင့် ကျေးရွာတာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့သည်။

ယခု ဆောင်ရွက်ပြီးစီး၍ လွှဲပြောင်းခဲ့သည့် လုပ်ငန်းကို မြစိမ်းရောင်(ငါးကဏ္ဍ) အတိုးရငွေကျပ် တစ်ရာငါးဆယ့်ကိုးသိန်းဖြင့် မေလဆန်းမှစ၍ စတင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

သန့်ဇင်ထွန်း(ကျောက်တန်း)

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၆**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ပြည်တွင်း အခွန်များဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဟိုတယ်/တည်းခိုခန်း လုပ်ငန်းရှင်များ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းအရောင်းဆိုင်လုပ်ငန်းရှင်များအား အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မြို့နယ်ပြည်တွင်းအခွန်များဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



**ဆွေးနွေးပြောကြား**

အဆိုပါရှင်းလင်းပွဲတွင် မြို့နယ်အခွန်ကောက်ခံမှုအထောက်အကူပြုဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင်က ပြည်တွင်းအခွန်များဦးစီးဌာန၏ လိုက်နာကျင့်သုံးနေသော အခွန်ဆိုင်ရာ ဥပဒေများ၊ တာဝန်ယူကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ လုပ်ငန်း ရှင်များနှင့် စားသုံးသူပြည်သူများ လိုက်နာဆောင်ရွက်ရန် အချက်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အခွန်ဆိုင်ရာ ဥပဒေရှင်းလင်းပွဲသို့ တက်ရောက်လာကြသည့် မြို့နယ်အတွင်းရှိ အခွန်ထမ်းလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေး ဆောင်ရွက်ခဲ့ပြီး မြို့နယ် အခွန် ကောက် ခံမှု အထောက်အကူပြု အဖွဲ့များနှင့် လုပ်ငန်းရှင် ၆၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မြို့လုံးကျွတ် စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုနှင့် သနပ်ပင်မြို့နယ်အတွင်း ကွင်းဆင်းကြည့်ရှု

ပဲခူး ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အပတ်စဉ်စနေနေ့တိုင်း ရပ်ကွက်အလိုက် မြို့လုံးကျွတ် စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုနှင့် သနပ်ပင်မြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ယနေ့နံနက်ပိုင်းတွင် လိုက်လံကြည့်ရှုအားပေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက်အတွင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းအားဖြင့် သန့်ရှင်းရေးပြုလုပ်နေမှုတို့အား လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် ပဲခူးမြို့ အလင်းရောင်ရပ်ကွက်၊ အခြေခံပညာမူလတန်းလွန်ကျောင်း၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ စုပေါင်းသန့်ရှင်းရေးပြုလုပ်နေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး စုပေါင်းသန့်ရှင်းရေးပြုလုပ်နေသူများအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ ကတွင်းခြံရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်ရာ ကျောင်းအုပ်ဆရာမကြီးက ကျောင်းသား ကျောင်းသူများ ကျောင်းတက်မှုအခြေအနေနှင့် စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ရန်လိုအပ်ချက် အခြေအနေများအား လိုက်လံရှင်းလင်းပြသခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် အောက်စုကျေးရွာအုပ်စုရှိ သဘာဝရေလျှံကွင်းအတွင်း တိုင်းရင်းငါးမျိုးများ စိုက်ထည့်ခြင်းအခမ်းအနားသို့ တက်ရောက်ပြီး ငါးရံ့သားပေါက်ကောင်ရေ တစ်သိန်း၊ ငါးပြေမကောင်ရေ တစ်သိန်းနှင့် ငါးဖန်းမကောင်ရေငါးသောင်းတို့အား သဘာဝရေလျှံကွင်းအတွင်း လွှတ်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် ကမာဖရန်ကျေးရွာ၌ ပြုလုပ်သည့် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိစေရေး မိုးစပါး (YSR–1 စပါးမျိုး) လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် သွင်းအားစုထောက်ပံ့ခြင်းအခမ်းအနားတွင် ဒေသခံတောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာနှင့် အခြားသွင်းအားစုများ ထောက်ပံ့ပေးအပ်ပြီး YSR–1 စပါးမျိုး ပျိုးထောင်ထားရှိမှုနှင့် တစ်ကွင်းတစ်ဆက်တည်း မိုးစပါးလယ်မြေဧက ၁၀၀ လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးနေမှုတို့အား ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သနပ်ပင်မြို့နယ် ဖရဲကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသည့် ဦးရဲထွန်း၏ အသားတိုးနွားနှင့် ဒေသဆိတ်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ကျိုင်းတုံမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကျိုင်းတုံ ဇူလိုင် ၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေးကို ယနေ့နံနက်ပိုင်းက အမှတ် (၅) အခြေခံပညာ အထက်တန်းကျောင်းဝင်းနှင့် ကျောင်းပတ်ဝန်းကျင်တွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းလွင်နှင့် ခရိုင်/ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဝန်ထမ်းများ၊



မီးသတ်တပ်ဖွဲ့ဝင်များက အထက (၅) ကျောင်းဝင်းအတွင်းအပြင်ရှိ ချုံနွယ်များ၊ မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေး၊ အမှိုက်များရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်နေမှုကို တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်နိုင်စိုးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး (ကျိုင်းတုံ) ရဲမှူးကြီး အေးသိန်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)

## မိုးနဲမြို့နယ်၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



မိုးနဲ ဇူလိုင် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် အပတ်စဉ်ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီက နောင်မြိုင်းကျေးရွာအုပ်စုရှိနောင်ခမ်းအခြေခံပညာမူလတန်းကျောင်းနှင့် ကွန်နားကျေးရွာအုပ်စု နားလင့်အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) တို့၌ ဆောင်ရွက်သည်။

သန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပညာရေးဌာနမှ ဆရာဆရာမများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ကျေးရွာနေ ပြည်သူများက ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာရေးနှင့် ခြင်အန္တရာယ် ကင်းရှင်းစေရေးအတွက် ပေါင်းမြက်များ၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းဆောင်ရွက်နေမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မျိုးညွန့်ရွှေ (မိုးနဲ)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၀ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၈၀၀ |
| 95 Ron | ၂၈၁၅ | ၂၈၉၅ | ၂၈၇၅ | ၂၈၂၅ | ၂၈၉၅ | ၂၉၁၀ | ၂၉၂၀ | ၂၈၇၅ | ၃၀၀၅ | ၃၀၃၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၀ | ၂၉၂၀ | ၂၉၃၅ | ၃၃၄၀ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၈၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၀ | ၂၅၆၀ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၀ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၈၅ | ၂၆၀၀ | ၃၀၀၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |
| HSD (10 ppm) | ၂၉၁၅ | ၂၉၉၀ | ၂၉၇၀ | ၂၉၂၅ | ၂၉၉၅ | ၃၀၀၅ | ၃၀၁၅ | ၂၉၇၅ | ၃၁၀၅ | ၃၁၃၅ | ၂၉၈၀ | ၂၉၉၅ | ၃၀၃၀ | ၃၀၂၀ | ၃၀၃၀ | ၃၄၄၀ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၄ |
| 95 Ron | ၂၆၆၈ | ၂၇၅၅ |
| HSD (500 ppm) | ၂၃၄၄ | ၂၄၂၀ |
| HSD (50 ppm) | ၂၇၆၁ | ၂၈၄၆ |
| HSD (10 ppm) | ၂၇၆၁ | ၂၈၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



## မိုင်းပန်မြို့နယ်၌ သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

မိုင်းပန် ဇူလိုင် ၆

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းပန်မြို့နယ်၌ မြို့နယ်ပတ်ဝန်းကျင်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) မြို့မကျောင်း၌ ယနေ့နံနက် ၈ နာရီက သန့်ရှင်းရေးစုပေါင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မိုင်းပန်မြို့နယ် လမ်းအထူးအဖွဲ့(၅) ဦးစီးအရာရှိ ဦးနိုင်လင်းခိုင် ဦးဆောင်သောအဖွဲ့၊ တပ်ရင်း/တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ကျောင်းပတ်ဝန်းကျင်ရှိ ခြင်များခိုအောင်းနိုင်သော ချုံနွယ်များ ရှင်းလင်းခြင်း၊ အမြင်မသင့်တော်သော သစ်ပင်သစ်ကိုင်းများနှင့် ရေမြောင်းအတွင်းရှိ အမှိုက်များ စုပေါင်းရှင်းလင်းခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# အနာဂတ်ကိုထုဆစ်ဖို့ စက်မှုပညာသင်ကြစို့ (အပိုင်း-၃)

----- ဒေါက်တာလပြည့်ခင် -----

**စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြု စက်မှုသင်တန်းများ**

**စက်မှုနှင့် သက်မွေးပညာရွေ့လျားသင်တန်းများ**

စက်မှုသင်တန်းကျောင်းများသို့ နှစ်/ လရှည် သွားရောက် ပညာမသင်ကြားနိုင်သူများအတွက် အဓိကထား၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်နေပြည်သူများ စက်မှုအခြေခံအတတ်ပညာများ နားလည်သိရှိရေး၊ စက်မှုဇုန်လုပ်သားများ၏ ကျွမ်းကျင်မှုအဆင့်မြင့်မားစေရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာစက်မှုသင်တန်းကျောင်း၌ “စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်း” (Mobile Vocational Training Unit) အစီအစဉ်ဖြင့် ကျေးလက်ဒေသများအရောက် လိုက်လံဖွင့်လှစ်သင်ကြားပေးရန်အတွက် စက်မှုနှင့် အသက်မွေးပညာ ရက်တိုသင်တန်းများကို ၂၀၁၄ ခုနှစ် ဇူလိုင်လမှစတင်၍ မကွေးတိုင်းဒေသကြီးတွင် စတင်သင်ကြားပို့ချပေးခဲ့ပါသည်။ ထို့နောက် ၂၀၁၈ ခုနှစ်မှစ၍ “မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း ဘာသာရပ်” (Automobile Maintenance Course) ကို တိုးချဲ့ဖွင့်လှစ်ခဲ့ပါသည်။

သက်ဆိုင်ရာစက်မှုသင်တန်းကျောင်းအလိုက် (Mobile Vocational Training Unit) များ ဖွဲ့စည်းပြီး သင်ကြားမည့်သင်ခန်းစာ၊ လိုအပ်သည့် သင်ထောက်ကူပစ္စည်းနှင့် လေ့ကျင့်ရေးကုန်ကြမ်းပစ္စည်း၊ Mobile Unit တွင် လိုက်ပါမည့်နည်းပြနှင့် အကူနည်းပြ၊ သင်တန်းကာလနှင့် အချိန်ခွဲဝေမှု၊ တစ်ကြိမ်လျှင် လက်ခံနိုင်သည့် သင်တန်းသားအင်အား၊ သင်တန်းသားများတွင်ရှိရမည့် အနိမ့်ဆုံးပညာအရည်အချင်းတို့ကို သတ်မှတ်ရေးဆွဲထားရှိပါသည်။ တစ်ကြိမ်လျှင် လူဦးရေ ၃၀ မှ ၆၀ အတွင်း နှစ်ပတ်ခန့် လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ စက်မှုသင်တန်းကျောင်းများအလိုက် ရေးဆွဲထားသည့်သင်ခန်းစာနှင့် သင်ကြားမည့်အစီအစဉ်အလိုက် အခြေခံလျှပ်စစ်ပညာသင်တန်း (Basic Electricity & Building Wiring Course)၊ အခြေခံသံဂဟေဆက်သင်တန်း (Basic Arc Welding Course)၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း (Small Farm Engine & Motorcycle Maintenance and Repairing)နှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်းဘာသာရပ် (Auto-mobile Maintenance Course) တို့ကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ညှိနှိုင်းတောင်းခံချက်အတိုင်း လိုက်လံသင်ကြားပေးနေခြင်း ဖြစ်ပါသည်။

ADB ကာလတို(၃)လသင်တန်း



Arc Welding



MIG/MAG (Gas Welding )



Small Farm Engine Repairing



Motorcycle Engine Repairing

ထို့အတူ စက်မှုဇုန်များမှ ညှိနှိုင်းတောင်းခံလာပါက စက်မှုဇုန်လုပ်သားများ၏ ကျွမ်းကျင်မှုအဆင့်မြင့်မားစေရေးအတွက် စက်ရုံသုံးလျှပ်စစ်သွယ်တန်းခြင်းသင်တန်းနှင့် လျှပ်စစ်မော်တာပြုပြင်ထိန်းသိမ်းခြင်းသင်တန်းတို့ကို သက်ဆိုင်ရာစက်မှုဇုန်များတွင် လိုက်လံသင်ကြားပေးလျက်ရှိပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် ညှိနှိုင်းလျက် “စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်း”များကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။ မကွေးတိုင်းဒေသကြီးတွင် သင်တန်း ၄၄ ကြိမ်၌ သင်တန်းသား ၁၆၄၉ ဦး၊ မန္တလေးတိုင်းဒေသကြီး ၂၈ ကြိမ်တွင် ၁၆၁၀၊ စစ်ကိုင်းတိုင်းဒေသကြီး ခြောက်ကြိမ်တွင် ၃၁၆ ဦး၊ ရှမ်းပြည်နယ် ကိုးကြိမ်တွင် ၅၈၅ ဦး၊ ရခိုင်ပြည်နယ် ခြောက်ကြိမ်တွင် ၄၇၇ ဦး၊ မွန်ပြည်နယ် သုံးကြိမ်တွင် ၁၉၆ ဦး၊ ကယားပြည်နယ် သုံးကြိမ်တွင် ၁၄၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး ၁၁ ကြိမ်တွင် ၇၆၉ ဦး၊ ပဲခူးတိုင်းဒေသကြီး ရှစ်ကြိမ်တွင် ၃၅၃ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီး လေးကြိမ်တွင် ၂၁၆ ဦးဖြင့် နိုင်ငံတစ်ဝန်း၌ စုစုပေါင်းသင်တန်း ၁၂၂ ကြိမ် ဖွင့်လှစ်၍ ကျေးလက်နေပြည်သူ ၆၃၆၅ ဦးကို ပညာပေးနိုင်ခဲ့ပါသည်။ အခြေခံသံဂဟေဆက်သင်တန်းတွင် ၁၂၀၅ ဦး၊ အခြေခံလျှပ်စစ်ပညာသင်တန်း ၃၇၅၈ ဦး၊ စိုက်ပျိုးရေးသုံးအင်ဂျင်နှင့် မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ၁၂၁၅ ဦးနှင့် မော်တော်ယာဉ်ပြုပြင်ထိန်းသိမ်းခြင်း ဘာသာရပ်တွင် ၁၈၇ ဦးကို ပညာဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

**ADB ကျွမ်းကျင်မှုအခြေပြု ကာလတို သုံးလသင်တန်းများ**

ထို့အပြင် ဝင်ငွေနည်းပါးပြီး အသက်မွေးဝမ်းကျောင်းပညာရပ် လေ့လာသင်ကြားရန် အခွင့်အလမ်းနည်းပါးသည့် ကျေးလက်နေပြည်သူများနှင့် ဒေသခံပြည်သူများအားကျွမ်းကျင်မှု ‘စံ’ အခြေပြု ကာလတိုသင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန်နှင့် ဆင်းရဲမှုလျော့နည်းပပျောက်ရေးကို အထောက်အကူပြုနိုင်ရန် ရည်ရွယ်၍ အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏အစီအစဉ်ဖြင့် စွမ်းရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာအကူအညီပေးအပ်ရေးအစီအစဉ် (Capacity Development Technical Assistance-CDTA) အရ အားလုံးအကျုံးဝင်ဖွံ့ဖြိုးမှုအတွက် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးရှေ့ပြေးစီမံချက်အတွက် အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး)နှင့် အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ)တို့တွင် ၂၀၁၆ ခုနှစ်မှစတင်၍ ကျွမ်းကျင်မှုအခြေပြု ကာလတို သုံးလသင်တန်း (Competency Based Modular Short Course) များကို ဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။

လက်ရှိတွင် လျှပ်စစ်ဂဟေဆက်သင်တန်း၊ ဓာတ်ငွေ့ဂဟေသင်တန်း၊ မော်တော်ဆိုင်ကယ် စက်ပြင်သင်တန်းနှင့် စိုက်ပျိုးရေးသုံးစက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးသင်တန်း စသည့် သင်တန်းအမျိုးအစား လေးမျိုးကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ဘာသာရပ်တစ်ခုစီအတွက် သင်တန်းကာလမှာ သုံးလ ဖြစ်ပါသည်။ အမှတ်(၂) စက်မှုသင်တန်းကျောင်း (မန္တလေး) မှ ၁၉ ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၄၈၀ ကို မွေးထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။ အမှတ်(၄) စက်မှုသင်တန်းကျောင်း (ပခုက္ကူ) အနေဖြင့်လည်း သင်တန်း ၁၂ ကြိမ် ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၃၁၀ ကို ပညာဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

**ADB ကျွမ်းကျင်မှုအခြေပြု ကာလတို သုံးလသင်တန်းများ တက်ရောက်ရန် ရှိရမည့်အရည်အချင်းများ**

အဆိုပါသင်တန်းတက်ရောက်လိုသူများသည် ကျေးလက်ဒေသများတွင် နေထိုင်ပြီး စက်မှုပညာကို အမှန်တကယ် စိတ်ပါဝင်စားသော အသက်(၁၈) နှစ်မှ (၄၀)နှစ်အတွင်းရှိသူ၊ အခြေခံပညာအလယ်တန်းအဆင့်ဖြေဆိုဖူးသူ သို့မဟုတ် သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်တွင် အမှန်တကယ် လုပ်ကိုင်ဖူးပြီး အနည်းဆုံးလုပ်သက် နှစ်နှစ်ရှိကြောင်း အလုပ်ရှင်က ထောက်ခံသူ၊ သင်တန်းတက်ရောက်ရန်အတွက် ငွေကြေးအခက်အခဲရှိပြီး သင်တန်းကာလပြီးဆုံးအောင်တက်ရောက်နိုင်သူ ကျေးလက်ပြည်သူများနှင့် ဒေသခံပြည်သူများ တက်ရောက်နိုင်ရန်အတွက် တူညီဝတ်စုံ၊ လေ့ကျင့်ရေးသုံးကုန်ကြမ်းပစ္စည်းများ၊ စာရွက်စာတမ်းကြေးများ၊ နေထိုင်ရန်အဆောင်များစသည်ဖြင့် သင်တန်းအတွက် ကုန်ကျမည့်စရိတ်စကများကို အခကြေးငွေမယူဘဲ လက်ခံသင်ကြားပေးလျက်ရှိရာ နိုင်ငံတော်၏ ဆင်းရဲမှုလျော့နည်းပပျောက်ရေးအစီအစဉ်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပြီး အကျိုးရှိစေမည်ဖြစ်ပါသည်။

သင်တန်းသားများကို ထိရောက်စွာ လေ့ကျင့်သင်ကြားနိုင်ရန် ဘာသာရပ်တစ်ခုလျှင် ၁၂ ဦးသာ လက်ခံသင်ကြားပေးခြင်းဖြစ်သည်။ သင်တန်းသားများ အကဲဖြတ်စစ်ဆေးခြင်းကို Module တစ်ခုချင်းအလိုက် နည်းပြများက ကြိုတင်စစ်ဆေးအကဲဖြတ်ပြီး နောက်ဆုံးစစ်ဆေးခြင်းကို စက်မှုဇုန်များမှ ပညာရှင်များနှင့် နည်းပြများပူးပေါင်း၍ ကျွမ်းကျင်မှုအရည်အသွေးကို အကဲဖြတ်စစ်ဆေးပေးခြင်းဖြစ်ပါသည်။ ထို့နောက် သင်တန်းအောင်မြင်သူများကို မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ”သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)က သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းနှင့်အညီ စနစ်တကျ သင်ကြားခဲ့ကြောင်း အသိအမှတ်ပြုအောင်လက်မှတ် ချီးမြှင့်ပါသည်။ သင်တန်းမှ ဖြေဆိုအောင်မြင်ပြီးမြောက်သူများသည် သတ်မှတ်ထားသော ကျွမ်းကျင်မှု “စံ” အခြေခံသော သင်ရိုးညွှန်းတမ်းများဖြင့်

စာမျက်နှာ ၁၉ သို့ ❍

NSSA အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်ရန်အတွက်စစ်ဆေးခြင်း (Examiners for NSSA Certification )













❝ သင်တန်းသားများကို ထိရောက်စွာ လေ့ကျင့်သင်ကြားနိုင်ရန် ဘာသာရပ်တစ်ခုလျှင် ၁၂ ဦးသာ လက်ခံသင်ကြားပေးခြင်းဖြစ်သည်။ သင်တန်းသားများ အကဲဖြတ်စစ်ဆေးခြင်းကို Module တစ်ခုချင်းအလိုက် နည်းပြများက ကြိုတင်စစ်ဆေးအကဲဖြတ်ပြီး နောက်ဆုံးစစ်ဆေးခြင်းကို စက်မှုဇုန်များမှ ပညာရှင်များနှင့် နည်းပြများပူးပေါင်း၍ ကျွမ်းကျင်မှု အရည်အသွေးကို အကဲဖြတ်စစ်ဆေးပေးခြင်းဖြစ်ပါသည်။ ထို့နောက် သင်တန်းအောင်မြင်သူများကို မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)က သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းနှင့်အညီ စနစ်တကျ သင်ကြားခဲ့ကြောင်း အသိအမှတ်ပြုအောင်လက်မှတ်ချီးမြှင့် ❞

❍ စာမျက်နှာ ၁၈ မှ

စနစ်တကျ သင်ကြားထားသူများဖြစ်သဖြင့် အရည်အသွေးအတွက် စိတ်ချယုံကြည်ရပြီး နိုင်ငံတော်၏ ကျွမ်းကျင်လုပ်သား လိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

**ADB ၏ချေးငွေဖြင့်ဆောင်ရွက်နေသည့် Equipping Youth for Employment Project (EYE) စီမံကိန်း**

နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်မှုအခြေခံများ အားကောင်းစေသည့် ရေရှည်အကျိုးသက်ရောက်မှုများ ဖြစ်ထွန်းပေါ်ပေါက်စေရန်နှင့် နည်းပညာနှင့် သက်မွေးပညာလေ့ကျင့်ရေး၌ ကျွမ်းကျင်လုပ်သား ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနမှတစ်ဆင့် သုံးစွဲမည့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ ချေးငွေများဖြင့် Equipping Youth for Employment Project (EYE) စီမံကိန်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါစီမံကိန်းတွင် စက်မှုသင်တန်းကျောင်း လေးကျောင်းဖြစ်သော မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးတို့တွင် သံဂဟေဆက်သင်တန်း၊ ဓာတ်ငွေ့ဂဟေသင်တန်း၊ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်း၊ စိုက်ပျိုးရေးသုံးစက်ပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးသင်တန်း၊ Tractor Diesel/Agro Mechanic, Electrical (House Wiring), Electrical (Industrial Installation) နှင့် Air Conditioning စသည့် နည်းပညာဘာသာရပ်ရှစ်ခုဖြင့် ကာလတိုသုံးလသင်တန်းများကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)နှင့် ပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA) အောက်တွင် အလုပ်အကိုင်အလိုက်ကျွမ်းကျင်မှု "စံ"များ သတ်မှတ်ရေးဆွဲရန်အတွက် အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ ၁၆ ခုကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ဦးဆောင်၍ ဆောင်ရွက်လျက်ရှိရာ သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီကို စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက်ရှိပါသည်။

သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီအနေဖြင့် ကျွမ်းကျင်မှု "စံ" များ ရေးဆွဲခြင်း၊ အလုပ်အကိုင်နယ်ပယ် ခုနစ်မျိုး စစ်ဆေးအကဲဖြတ်ရေးလုပ်ငန်းများကို တာဝန်ယူစစ်ဆေးပေးလျက်ရှိရာ Air Con Installer (Level–1,2)၊ Welder (MMAW, Level–1, 2)၊ Welder (GMAW,Level–1, 2)၊ (FCAW, Level–1, 2)၊ Welder (MAW, Level–3)၊ Foundry Worker (Level – 1, 2)၊ Small Engine Mechanic (Level–1)၊ Machinist (Level–1)၊ Automotive Mechanic (Level–1)၊ Automotive Mechanic (Chassis, Level–2)၊ Automotive Mechanic (Electrical, Level–2)၊ Automotive Mechanic (Power Train, Level–1) နှင့် Pneumatic Technician (Level–2) ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးအတွက် စစ်ဆေးအကဲဖြတ်ရေးဌာနများ တည်ထောင်၍ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးကိစ္စရပ်များ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါကော်မတီအောက်တွင် သက်ဆိုင်ရာဘာသာရပ်အလိုက် စစ်ဆေးအကဲဖြတ်ရေးဌာန (Assessment Centre) Level–1 အဆင့် ၅၃ ခု၊ Level–2 အဆင့် ၃၁ ခု၊ Level–3 အဆင့် သုံးခုတို့ဖြင့် စုစုပေါင်း ၈၇ ခုရှိပြီး Level–1 အဆင့် Assessment Centre ၅၃ ခုတွင် စစ်ဆေးသူ ၂၆ ဦးနှင့် အကဲဖြတ်သူ ၁၇၄ ဦး၊ Level–2 အဆင့် Assessment Centre ၃၁ ခုတွင် စစ်ဆေးသူ ၁၃ ဦးနှင့် အကဲဖြတ်သူ ၇၅ ဦး၊ Level–3 အဆင့် Assessment Centre သုံးခုတွင် စစ်ဆေးသူ တစ်ဦး၊ အကဲဖြတ်သူ လေးဦးတို့ဖြင့် စစ်ဆေးအကဲဖြတ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။ စက်မှုဝန်ကြီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်းများမှ NSSA ဖြင့် ပူးပေါင်းဆောင်ရွက်မှုအဖြစ် Assessment Centre ၁၅ ခု တည်ထောင်၍ စစ်ဆေးအကဲဖြတ်မှုကိစ္စများ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စက်မှုသင်တန်းကျောင်းများမှ ဆရာ ဆရာမ ၅၇ ဦးကလည်း Chief Accessor အဖြစ် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီသည် သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ" များကို ရေးဆွဲပေးလျက်ရှိရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" Level–1 အဆင့် ကိုးခု၊ Level–2 အဆင့် ၁၃ ခုနှင့် Level–3 အဆင့် ရှစ်ခု စုစုပေါင်း ၃၀ ခုကို ရေးဆွဲအတည်ပြုပြီးဖြစ်ပါသည်။ သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီအောက်ရှိ အလုပ်အကိုင်များမှ ကျွမ်းကျင်လုပ်သားများပေါ်ထွက်လာရေး သက်ဆိုင်ရာ အလုပ်အကိုင်နယ်ပယ် ခုနစ်မျိုးအလိုက် စစ်ဆေးအကဲဖြတ်ဌာနများတွင် Level–1 အဆင့် ၄၈၁၉ ဦးနှင့် Level–2 အဆင့် ၁၀၆၄ ဦးဖြင့် စုစုပေါင်းဖြေဆိုသူ ၆၈၀၁ ဦးကို စစ်ဆေးအကဲဖြတ်ဆောင်ရွက်ခဲ့ရာ ၅၈၉၀ ကျွမ်းကျင်မှုအရည်အချင်းပြည့်မီကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနက အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)နှင့် GIZ မှ Project Coordinator/ CIM Expert ဖြစ်သူဦးဆောင်၍ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁) အထည်စက်ရုံ (ရွှေတောင်)နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးအတတ်သင်ကောလိပ် (ဘယ်လင်း) တို့တွင် 5S Lean Innovation Workshop Management သင်တန်း သုံးကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၇၁ ဦး လေ့ကျင့်သင်ကြားပေးခဲ့ပါသည်။ စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနက ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အတွင်း ပါဝင်ဆောင်ရွက်ခဲ့သည့် နေပြည်တော်နှင့် ရန်ကုန်တို့တွင် ကျင်းပပြုလုပ်ခဲ့သော နည်းပညာပြပွဲ၊ ပြိုင်ပွဲများတွင် ရှစ်ကြိမ်တိုင်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သည်။

စက်မှုဝန်ကြီးဌာန စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနအောက်ရှိ စက်မှုသင်တန်းကျောင်းများက ပုံမှန်သင်တန်းများ၊ စက်မှုနှင့် သက်မွေးပညာရွှေ့လျားသင်တန်းများနှင့် ကာလတို သုံးလသင်တန်းများကို ဖွင့်လှစ်ခြင်းဖြင့် နိုင်ငံအတွက် လိုအပ်သော ကျွမ်းကျင်လုပ်သားလိုအပ်ချက်ကို အတန်အသင့် ဖြည့်ဆည်းပေးနိုင်ခဲ့ပါသည်။ ၎င်းအပြင် NSSA ၏ စစ်ဆေးအကဲဖြတ်ရေးဌာန (Assessment Center) အဖြစ် လက်မှတ်ရရှိခြင်းအားဖြင့် သင်တန်းဆင်းများ၏ အရည်အသွေးနှင့် အလုပ်အကိုင် အခွင့်အလမ်းအတွက် ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းများ ဆောင်ရွက်နိုင်ခြင်း၊ အမျိုးသားအဆင့်ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးနိုင်ခြင်း၊ အာဆီယံနိုင်ငံများအကြား အပြန်အလှန် အသိအမှတ်ပြုလက်မှတ်များ ရရှိနိုင်ခြင်း၊ စက်မှုသင်တန်းကျောင်းများ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် သင်ရိုးညွှန်းတမ်းများပြုပြင်ပြောင်းလဲနိုင်ခြင်း၊ ဈေးကွက်၏ကျွမ်းကျင်မှုလိုအပ်ချက်နှင့် ကိုက်ညီမှုအခြေအနေတို့ကို သိရှိနိုင်ခြင်း၊ အရည်အသွေးပြည့်ဝသော ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးနိုင်ခြင်း စသည့်အကျိုးရလဒ်များ ရရှိစေမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မျိုးဆက်သစ်လူငယ်များအနေဖြင့် မိမိတို့ဘဝရေရှည်ရပ်တည်ရေး သေချာခိုင်မာထောက်ကူမှုပေးသော စက်မှုသင်တန်းအမျိုးမျိုးနှင့် စက်မှုသင်တန်းကျောင်းများသို့ ဆက်သွယ်တက်ရောက်သင်ကြားခြင်းဖြင့် အနာဂတ်ဘဝသာယာလှပစေမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

**ကိုးကား**

- **စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ သင်တန်းကျောင်းများကြီးကြပ်ရေးဌာန**
- **စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန**



# ပြည်မြို့၌ သဘာဝဘေးအန္တရာယ်(ငလျင်) ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ ကျင်းပ

ပြည် ဇူလိုင် ၆

ငလျင်ဘေးနှင့်ပတ်သက်သည့် ဆောင်ရန်/ရှောင်ရန်အသိပညာ ဗဟုသုတများကို ဒေသတွင်းပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန်ရည်ရွယ်၍ ပြည်ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ယမန်နေ့နံနက်ပိုင်းက သဘာဝဘေးအန္တရာယ်(ငလျင်) ဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ ကျင်းပဆောင်ရွက်သည်။

အဆိုပါဇာတ်တိုက်လေ့ကျင့်သရုပ်ပြပွဲ၌ မီးသတ်သမားတစ်ဦး၏ စွမ်းဆောင်ရည် စွမ်းရည်ပြသခြင်း၊ ငလျင်လှုပ်၍ အဆောက်အအုံပြိုကျပျက်စီးပြီး ပိမိနေသောလူနာအား ကယ်ထုတ်ခြင်း၊ (EMS)အဖွဲ့၏ အရေးပေါ် ဆေးဘက်ဆိုင်ရာဝန်ဆောင်မှုအား သရုပ်ပြခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့ကြသည်။

ထိုသို့ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ရာသို့ဒေသကွပ်ကဲမှုစစ်ဌာနချုပ်( ပြည်)မှဒုတိယဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးနေလင်းခိုင်နှင့်အရာရှိများ၊ ပြည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ကိုစိုး(ပြည်)

# သန်လျင်မြို့နယ် ပေါက်တောကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

သန်လျင် ဇူလိုင် ၆

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေများ ရာသီမရွေးရရှိစေရန်ရည်ရွယ်၍ အဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မင်္ဂလွန်းကျေးရွာအုပ်စု ပေါက်တောကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ဥမ္မာခိုင်နှင့် ဝန်ထမ်းများသည် ကျေးလက်ရေရရှိရေးအတွက် ပေါက်တောကျေးရွာတွင် အကျယ် လေးလက်မခွဲ ၊ အနက် ပေ ၆၀၀ ရှိ အဝီစိစက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၅၀၀၀ အုတ်ရေကန်တည်ဆောက်ခြင်း၊ ရေစက်ရုံတည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာရှိရပ်မိရပ်ဖများ၊ ရေပေးရေးကော်မတီများနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး ကျေးရွာတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။



အဆိုပါ အဝီစိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေ ကျပ် ၄၆၉ သိန်းဖြင့် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ ကျေးရွာသားများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

၂၂၂

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကား ပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

ဝတ္ထုတို

## ပိုင်ပိုင်




(၁)

ဒီမြို့ကို စရောက်ပါပြီဆိုကတည်းက ဘာတစ်ခုမှ အဆင်မပြေ။ ကိုကိုက ဘယ်လိုနေနေ အကောင်းမြင်တတ်သူဆိုတော့ ဘာသိဘာသာ။

"စိတ်ပျက်လိုက်တာ ကိုကိုရယ်။ မြို့သာဆိုတယ် တောဆန်လိုက်ကြတာ။ အပြုအမူ အပြောအဆိုကအစ။ ခင်လေးကိုလည်း ဒေါ်ကြီးလို့ခေါ်တဲ့သူနဲ့ ကြီးတော်လို့ခေါ်တဲ့သူနဲ့"

"အခေါ်အဝေါ်က ဘာအရေးကြီးလို့လဲကွာ။ ကိုယ်တွေက တစ်နယ်တစ်ကျေးက ပြောင်းလာရသူတွေလေ။ ပတ်ဝန်းကျင်နဲ့ သင့်တင့်အောင်နေစမ်းပါ"

ကိုကိုက ခင်လေးကို အဲဒီလိုပြောလိမ့်မယ်လို့ ထင်သားပဲ။ ကိုကို တာဝန်ကျတဲ့ ကုမ္ပဏီရုံးခွဲနဲ့ အနီးဆုံးကလည်း ဒီရပ်ကွက်ပဲရှိတာ။ စရိုက်ဆန်လိုက်ကြတာက ပြောမဖြစ်အောင်ပဲ။ မနက်မလင်းသေးဘူး အော်ကြီးဟစ်ကျယ်နဲ့ စကားပြောလို့ပြော။ ပုံကျအလုပ်သမားတွေက ပေါမှပေါ။ လမ်းသွားရင်း ကွမ်းတပျစ်ပျစ် ထွေးကြသေးတယ်။ အသန့်ကြိုက်တဲ့ ခင်လေးအတွက်ကတော့ စိတ်ညစ်စရာများသာ။

"ကိုကိုရယ်...တခြားရပ်ကွက်ရှာပါဦး။ ခင်လေး ဒီရပ်ကွက်မှာမနေချင်ဘူး"

"အိမ်ငှားရှာရတာ မလွယ်ဘူးကွ။ တခြားရပ်ကွက်မှာက ဈေးလည်းကြီးတယ်။ ကိုကို ရုံးသွားရုံးပြန်လည်း ဝေးတယ်။ ဆိုင်ကယ်ဆီဖိုးနဲ့ မလွယ်ဘူးလေကွာ"

"ဟင်း....."

ကိုကို ပြောတာလည်းဟုတ်နေပြန်ရော။ ခင်လေး သက်ပျင်းချရင်း ဘာမှမပြောတတ်တော့ဘူး။ တလိမ့်လိမ့်တက်နေတဲ့ ကုန်ဈေးနှုန်းနဲ့ အစစအရာရာ ချွေတာနေရတာ။ မာလာရှမ်းကောတို့ မာလာမောက်ချိုက်တို့ အကင်တို့ဆို အရင်လိုဝယ်မစားရဲတော့ဘူး။ စားချင်စိတ်ကိုသိမ်းထားပြီး ပါးစပ်ယင်မောင်းနေရတဲ့ဘဝ။ ကိုကိုက အခုဆို ကုမ္ပဏီရုံးခွဲတာဝန်ခံရာထူးတက်လို့ လစာလေးနည်းနည်းတိုးလာပါရဲ့။ ကုန်ဈေးနှုန်းနောက်ကိုတော့ အပြေးလိုက်နေရဆဲ။ မိဘလက်ထဲမှာ ရွှေပေါ်မြတင်နေခဲ့ရတဲ့ ခင်လေးကလည်း ဘာအလုပ်မှ ဟုတ်တိပတ်တိမလုပ်တတ်။ ကိုကိုကလည်း ခင်လေးကို ဘာအလုပ်မှ မလုပ်ခိုင်းဘဲ အိမ်ထောင်မှုနဲ့ သားသားကိုသာ ဂရုစိုက်ခိုင်းတယ်။ တစ်လတစ်လ အိမ်ငှားခနဲ့အသုံးစရိတ်လောက်ငအောင် တွက်ချက်ဝယ်ခြမ်းရတာ နေ့စဉ်ခေါင်းကိုက်နေရရော။

(၂)

"ဘယ်လို ကိုကို...သားသားကို ကျောင်းထားရမယ်ဟုတ်လား။ မထားဘူး။ ဒီမြို့မှာတော့ ခင်လေးသားကို ကျောင်းမထားချင်ဘူး။ မမကြီးက သူ့တူကို တာဝန်ယူတယ်။ သူ့ဆီပို့ထားပါတဲ့ ကိုယ်ပိုင်ကျောင်းမှာ ထားမယ်ပြောထား..."

"ဘာ..ကွ"

ခင်လေး စကားမဆုံးခင် ကိုကို့အော်လိုက်သံက အိမ်နံရံကို ဖောက်ထွက်မတတ်ပါဘဲ။

"မင်းက ငါ့လစာနဲ့ ငါ့သားကိုပညာသင်မပေးနိုင်ဘူးဆိုတဲ့ သဘောလား။ ငါ့သားကို ဘယ်သူ့ဆီမှမပို့နိုင်ဘူးကွ"

"ဒီမှာ ခင်လေး... မင်းအမျိုးတွေက ကြီးကြီးကျယ်ကျယ်တွေ။ ကိုယ့်အိုးနဲ့ကိုယ့်ဆန်တန်အောင်နေစမ်း။ ငါက ဘယ်သူ့မှ အောက်ကျမခံချင်တာ မင်းအသိနော်"

သူတပါးအပေါ် အမြဲအကောင်းမြင်တတ်တဲ့ ကိုကိုက ခင်လေးတို့ အသိုင်းအဝိုင်းအပေါ်ကိုတော့ သိပ်ကိုမာနကြီးသူ။ မျက်ဝန်းမှာ မာနရောင်တဖျပ်ဖျပ်လက်နေတဲ့ ကိုကို့ကို ခင်လေး ဘာမှထပ်မပြောရဲတော့ဘူး။ ကိုကိုနဲ့ ခင်လေး လက်ထပ်စဉ်ကတည်းက နှစ်ဖက်မိသားစုအမြင်မကြည်စရာတွေဖြစ်ခဲ့ကြတယ်။ မင်္ဂလာကိစ္စကို ခင်လေးတို့ဘက်က မိန်းကလေးရှင်ပီပီ ထည်ဝါချင် ချဲ့ကားချင်။ ကိုကိုတို့ဘက်ကကျတော့ မကုန်တန်တာမကုန်ရဘဲ တင့်တင့်တယ်တယ်သာ ဆောင်ရွက်ပေးခဲ့တယ်။

"ကိုကိုကလည်း သားသားကို မမကြီးက ကျောင်းကောင်းကောင်းမှာ ထားပေးချင်တာလေ။ ပြီးတော့ မမကြီးက သားသမီးမရသူဆိုတော့ သားကိုသူ့သားအရင်းလေးလိုချစ်နေတာ ကိုကိုသိသားနဲ့ဟာကို..."

"သိတယ်။ သိလို့လည်း သူ့ဆီကို မပို့နိုင်တာ။ ငါ့သားကို အလိုလိုက်အကြိုက်ဆောင်ပြီး သူ့ဆီမှာပဲ နေအောင်သိမ်းသွင်းတော့မှာ ကြိုသိနေတယ်ကွ"

"ဟင်း..."

ကိုကို့ကို ထပ်ပြောလည်းမရနိုင်တာကိုသိလို့ ခင်လေး အတော်စိတ်ညစ်မိပါတယ်။ မမကြီးခင်ပွန်းက ကုန်ကားတွေပိုင်တဲ့သူ။ စီးပွားရေးကောင်းကြလို့ ဆွေမျိုးတွေရဲ့ လိုအပ်ချက်မှန်သမျှကိုလည်း ဖြည့်ဆည်းပေးတတ်ကြပါတယ်။ အသက်ကြီးပြီဖြစ်တဲ့ မိဘနှစ်ပါးကိုလည်း မမကြီးပဲ တာဝန်ယူထားတာ။ ညီအစ်မသုံးယောက်ထဲမှာ ခင်လေးသာ ချွေချွေတာတာနေရတာ။ အစ်မလတ်ကလည်း ကိုယ်ပိုင်စီးပွားရေးနဲ့ အဆင်ပြေပါတယ်။

"ခင်လေးရယ်... ဒီလူကိုမယူပါနဲ့ဆိုတာ ညည်းကပြောမရခဲ့ဘူးအေ။ အဆင်ပြေရဲ့လား။ ညည်းကိုတွေ့လိုက်ရင် နွမ်းဖတ်ဖတ်နဲ့"

"ပြေတယ် မမကြီး။ ကိုကိုက ဘယ်လိုနေနေ ခင်လေးသဘောပါ မမကြီးရဲ့"

ကိုကို့ကို အလိုမကျသလို မမကြီးပြောလာတိုင်း ခင်လေးက အဲဒီလိုပြန်ပြောနေကျပါ။ ကိုကို့အလုပ်ကို အထင်သေးသလို ပြောကြတာကိုလည်း ခင်လေးမကြိုက်ဘူး။ မရှိမရှားဘဝနဲ့ မမကြီးတို့ပေးကမ်းတာကို ဘယ်တုန်းကမှ မယူခဲ့ပါဘူး။ အခုတော့ သားသားကို ပြည့်ပြည့်စုံစုံထားပေးမယ့်မမကြီးဆီကိုပို့ထားချင်တယ်။

(၃)

"အမယ်လေး... ကျောပိုးအိတ်က နှစ်သောင်းခွဲ၊ စာအုပ်တစ်ဒါဇင်က တစ်သောင်းသုံးထောင်၊ ထမင်းဘူးက ရှစ်ထောင်၊ ဆွဲခြင်းလေးက ခုနစ်ထောင် တခြားလိုတာတွေဝယ်ခဲ့တာနဲ့ တစ်သိန်းပျော့ပျော့ကုန်ခဲ့ပြီ ကိုကိုရေ...သားသားအတွက် နေ့စဉ်ကျောင်းမုန့်ဖိုးနဲ့ဆိုတော့ ခင်လေးတို့ ထမင်းတစ်နပ်လျှော့စားရတော့မယ်ထင်တယ်"

သားသားကျောင်းတက်ဖို့ လိုအပ်တာတွေဝယ်ပြီးပြန်လာတဲ့ ခင်လေးက ကိုကို့ကို အငေါ်တူးစကားစလိုက်မိတယ်။ ဖတ်လက်စ စာအုပ်ကို မျက်စေ့ကမခွာဘဲ ကိုကိုပြန်ပြောလိုက်တာက...။

"ထမင်းတစ်နပ် လျှော့ရမယ်ဆိုရင်လည်း လျှော့ရုံပေါ့ကွာ။ ကိုယ့်သားကို သာဂရုစိုက်စမ်းပါ။ ရတာလေးနဲ့ ဝအောင်စား၊ ရှိတာလေးနဲ့ လှအောင်ဝတ်။ ဘယ်အမျိုးဆီကမှ အကူအညီယူတာမျိုး မလုပ်မိစေနဲ့ ခင်လေး"

ခက် ခက်ရချေပြီ။ ဒီထက်လည်း ခင်လေး မချွေတာတတ်တော့ဘူး။ ခင်လေးတို့အငယ်တုန်းက အဖေ့လုပ်ခတစ်ခုတည်းနဲ့ ညီအစ်မသုံးယောက် မပူမပင်ကျောင်းနေခဲ့ရတာ။

(၄)

သားသားကို လက်ဆွဲပြီး ကျောင်းခန်းထဲလိုက်ပို့ရတာ ခင်လေးစိတ်ထဲမှာ မကျေမနပ်နဲ့။ မမကြီးထားပေးမယ့်ကိုယ်ပိုင်ကျောင်းကိုသာ မက်မောနေတဲ့စိတ်က ကြီးစိုးနေဆဲ။ Kg တန်းကလေးတွေက များလိုက်တာ။ ငိုတဲ့ကလေးက ငိုလို့။ အော်ဟစ်ပျော်မြူးနေတဲ့ကလေးတွေက အငြိမ်မနေ။ကလေးကျောင်းလိုက်ပို့ကြတဲ့ အမျိုးသမီးလေးတွေရဲ့ ခပ်နွမ်းနွမ်း မျက်နှာမှာ သားသမီးအတွက် မျှော်လင့်ချက်အပြည့်။ ကျောင်းတက်အစမှာ ကျောင်းပျော်အောင်လို့ မတစ်ထောင်သားသမီးတွေကို ချော့လိုက် မော့လိုက်နဲ့ ချွေးပေါက်ပေါက်ကျနေတဲ့ ဆရာမလေးက အပြုံးမပျက်။

"ကျောင်းတက်တော့မယ်နော်။ မိဘတွေ စိတ်ချပြီးပြန်ကြပါ"

သားသားက ခင်လေးကို တဲ့တာပြလိုက်တယ်။ အိမ်မှာတစ်ယောက်တည်းနေရတဲ့သားက အဖော်တွေတွေ့ရလို့ ပျော်နေလေရဲ့။ သားသားကို ပတ်ဝန်းကျင်က ကလေးတွေနဲ့ ခင်လေးကပေးမဆော့ဘူး။ အိမ်ထဲမှာပဲ ပုံဆွဲလိုက် ခင်လေးသင်တဲ့စာတွေအော်ကျက်လိုက် လက်ရေးလှလေ့ကျင့်လိုက်နဲ့ အချိန်ကုန်ရတာ။

(၅)

"သား...ဒီနေ့လည်း ခဲတံကအတိုတွေချည်းပါလား။ ခဲဖျက်ကလည်း တစ်ဝက်ပဲကျန်တယ်"

"သားသား စာရေးတာ"

"အေးလေ...သား စာရေးဖို့ မေမေက ခဲတံသုံးချောင်း ချွန်ပြီးထည့်ပေးလိုက်တာလေ။ အခုခဲတံအတိုတွေက မေမေထည့်ပေးလိုက်တာတွေ မဟုတ်ဘူး။ သူများက သားခဲတံနဲ့ လဲယူလိုက်တာလား"

ခင်လေးမေးတာကို သားသားက မဖြေဘူး။ ခေါင်းလေးကုတ်ပြီး ရယ်နေတယ်။

"မဖြစ်သေးပါဘူး။ မနက်ဖြန် သားဆရာမကို လိုက်ပြောဦးမှပါ။ကလေးတွေကလည်း လူလည်လုပ်တတ်ကြပါလား။ ငါ့သားလေးက သဘောကောင်းတော့ အနိုင်ကျင့်နေကြတာထင်တယ်"

ခင်လေးစကားကြောင့် ရယ်နေတဲ့ သားသား ချက်ချင်းမျက်နှာပျက်လာတယ်။ အသံတုန်တုန်လေးနဲ့ပြန်ပြောရင်း ငိုပါလေရော။

"မေမေ ဆရာမကိုလိုက်မပြောနဲ့။ သားသား သူငယ်ချင်းကို မပြောနဲ့ အီး..ဟီး...ဟီး"

"ဟာ...ငါ့သား ဘာလို့ငိုနေတာလဲ။ ခင်လေးသားကို ဆူငေါက်နေတာလား။ ဆူတာငေါက်တာမကောင်းဘူးလေကွာ။ သားကို နားဝင်အောင်ချော့မော့ပြောရမယ်လေ"

"သားလာ ဖေဖေ့ကိုပြော ဘာဖြစ်လို့လဲ"

ကိုကို့ကို ဖက်ထားရင်း သားသားအငိုတိတ်သွားပေမယ့် ဘာစကားမှမေးလို့မရဘူး။ ခေါင်းကိုသာ တွင်တွင်ယမ်းပြနေတယ်။

"ကိုကို့သားကတော့လေ။ သူများက သူ့ခဲတံအရှည်ကိုယူပြီး ခဲတံအတိုနဲ့လဲယူတာကို ခံလာတာ နှစ်ရက်ရှိပြီ။ ခင်လေးက မနက်ဖြန် ဆရာမကိုလိုက်ပြောမယ်ဆိုလို့ ငိုတာ ငိုတာ။ ဟွန်း...ကိုယ်ပိုင်ကျောင်းမှာသာဆိုရင် ဒီလုပ်မယ့်ကလေးမရှိလောက်ဘူးရယ်"

"ခင်လေး... မင်း အဲဒီအာရုံကို ဖျောက်စမ်းကွာ"

လေသံမာမာနဲ့ အော်လိုက်တဲ့ ကိုကို့ကို ခင်လေး မကြည်ပေါက်လုပ်ပြီး ခြေဆောင့်ကာ အခန်းထဲဝင်ခဲ့လိုက်တယ်။

(၆)

"ဟုတ်လား။ သား ခဲတံကို ဘယ်သူလဲယူတာလဲ ဆရာမကိုပြော"

ခင်လေးက သားသားဆရာမကို အကျိုးအကြောင်းပြောပြလို့ ဆရာမက သားသားကိုခေါ်ပြီး မေးပါတယ်။ မျက်လုံးလေးပေကလပ်လုပ်ပြီး ပြန်မဖြေဘူး။

"သားက ဘယ်သူယူတယ်ဆိုတာ မဖြေချင်ဘူးလား"

"ကဲ...သားတို့သမီးတို့ မောင်ဘုန်းထက်ခဲတံကို ဘယ်သူလဲယူသလဲ။ ဆရာမကိုပြောနော်။ သူများပစ္စည်းကို မလိုချင်ရဘူးလို့ ဆရာမပြောထားတယ်လေ။ သတ္တိရှိတဲ့ကလေး လိမ္မာတဲ့ကလေးဆိုတာ ကိုယ်လုပ်တာ ဝန်ခံရဲရမယ်"

အပြစ်ကင်းစင်တဲ့ ကလေးလေးတွေက ဆရာမ စကားကိုငြိမ်ပြီး နားထောင်နေကြတယ်။

"ကဲ...ဘယ်သူ ဖြစ်ဖြစ်နောက်ကို သူများပစ္စည်းနဲ့ လဲမယူရဘူးနော်။ ဆရာမ သားသမီးတွေ အကုန်လုံးက လိမ္မာကြတယ်နော်။ ဟုတ်တယ်မလား"

"ဟုတ်ပါတယ် ဆရာမ"

ဆရာမလေး မျက်နှာမှာ ကြင်နာရိပ်အပြည့်နဲ့ ကလေးလေးတွေကို ဆုံးမစကားပြောနေသံက ကရုဏာသံ။ ခင်လေးရင်ထဲမှာ ခဲတံလဲယူတဲ့ကလေးက သားသားသာဆိုရင် အတန်းရှေ့ထွက်လာပြီး သူလုပ်ပါတယ်လို့ဝန်ခံရရင် သားလေး ဘယ်လောက်သိမ်ငယ်ရှာမလဲလို့ စာနာစိတ်နဲ့ တွေးမိလာတယ်။

ခင်လေးကိုယ် ခင်လေးလည်း သူများသားသမီးကို တရားခံလိုလာတိုင်တန်းမိတာကို နောင်တရမိပြီ။

"ဆရာမ...ဘယ်သူ ယူတာလဲလို့ ထပ်ပြီးမမေးပါနဲ့တော့နော်။ ဆရာမ အလုပ်ရှုပ်သွားလို့ အားနာပါတယ်"

"ရပါတယ် အစ်မရယ်။ ကျောင်းမှာကတော့ အဲဒီလိုပါပဲ။ ဆရာ ဆရာမတွေအတွက်ကတော့ ကလေးတွေကို စာတတ်ရုံမကဘူး ကိုယ်ကျင့်တရား စည်းကမ်း တာဝန်ယူချင်စိတ်တွေကိုပါ သင်ကြားပေးကြရတာပဲလေ"

"ဟုတ်ပါတယ် ဆရာမ။ ကျွန်မကို ပြန်ခွင့်ပြုပါနော်"

"ဟုတ်ကဲ့ အစ်မ"

"မေမေ..."

သားသားက ခင်လေးလက်ကိုကိုင်ပြီး မပွင့်တပွင့်လေး ခေါ်လိုက်တယ်။ ဆရာမက သားသားဘာပြောမလဲလို့ အာရုံစိုက်ကြည့်နေတယ်။

"သား...ဘာလဲပြောလေ။ ကျောင်းတက်နေပြီ မေမေ ပြန်တော့မယ်လေ"

"သားသားက ချစ်ထူးကို ခဲတံလဲပေးတာ။ သူ့ခဲတံကအတိုလေးတွေပဲပါတာ။ သူ့အမေကဝယ်မပေးနိုင်ဘူးတဲ့။ မေမေကဝယ်ပေးနိုင်တယ်။ ချစ်ထူးကို မဆူနဲ့။ သားသားကလဲပေးတာ"

"အယ်..."

သားသား စကားကြောင့် ခင်လေးကော ဆရာမကော သားသားနဲ့ အတူထိုင်တဲ့ ချစ်ထူးဆိုတဲ့ ကလေးကိုလှမ်းကြည့်လိုက်မိတယ်။ ခင်လေးတို့ကို လှမ်းကြည့်နေတဲ့ ချစ်ထူးလေးရဲ့ မျက်ဝန်းမှာ အားငယ်တဲ့ အရိပ်လေးတွေနဲ့။

"ချစ်ထူးလေးက ငြိမ်ငြိမ်လေးပဲနေတတ်တဲ့ကလေးပါ အစ်မရယ်။ သူ့အမေကမုဆိုးမလေကလေးသုံးယောက်နဲ့ အဆင်မပြေကြဘူး။ ကျွန်မနဲ့ အိမ်နီးနားချင်းတွေပေါ့"

"ဪ..."

"သားရေ...မောင်ချစ်ထူး..."

ဆရာမက ခေါ်လိုက်တာနဲ့ ချစ်ထူးလေးက လက်ပိုက်ပြီးထလာပါတယ်။ ခင်လေးကို မရဲတရဲလေးမော့ကြည့်နေတယ်။

" အန်တီသား မောင်ဘုန်းထက်က သားကို တအားခင်လို့ ခဲတံလဲပေးတာ။ နောက်ရက်လည်း သားခဲတံလိုရင် မောင်ဘုန်းထက်က ပေးလိမ့်မယ်နော်သား။ စာကြိုးစားကြနော်။ သူငယ်ချင်းတွေ ချစ်ချစ်ခင်ခင်နေကြနော်"

"ဟုတ်...ဟုတ်"

မျက်ဝန်းလေး တောက်ပသွားတဲ့ မောင်ချစ်ထူး။ သူငယ်ချင်းကို လက်ဆွဲပြီး စာသင်ခုံဆီသွားတဲ့ သားသားက ပြုံးပြုံးရွှင်ရွှင်။ ဆရာမက ကြည်ကြည်လင်လင်ပြုံးလို့။ ခင်လေး ရင်ထဲမှာလည်း စာနာစိတ်နဲ့ ကျေကျေနပ်နပ်။ ။

## အိမ်ဆိုင်

❖ ကန်စွန်းနဲ့ ရွှေချဉ်ပေါင်
ခေါင်းထောင်ကာ ဝင့်ကြွား။
❖ ရုံးပတီ စပ်ရတ်တို့
အုပ်အုပ်ထွားထွား။
❖ ခဝဲနဲ့ ဖရုံ
ပုံလုံနဲ့ သဗ္ဗား။
❖ တိမ်သွေးကို အဝသောက်
ဖြိုးမောက်ဖွံ့ထွား။
❖ အိမ်ပတ်လည် မြေပိုမထား
အသင့်စားဖို့ စိုက်ကြပါ။
❖ အိမ်ဈေးဆိုင် သူ့တန်ခိုးနဲ့
ဈေးဖိုးသက်သာ။
❖ ဓာတ်ကြွင်းလည်း မပါ
ရသာလည်း ချိုမွှေး။
❖ ရွှေမိုး ကြုံသခိုက်မှာဖြင့်
မြေထိုးကာ အစုံစိုက်တော့
ကြိုက်ရာရာ ဟင်းတစ်ခွက်
ခူးချက်လို့လွေး ။

ချစ်စထုံးနှောင်(မိတ္ထီလာ)

## လမြတ်နယုန်

✻ လေနှင့်မျောလွင့် တိမ်ရောင်စုံ
မြတ်သောလနယုန်။
✻ မေထုန်ရာသီ ရိုးရာပွဲ
စာတော်ပြန်လို့ခွဲ။
✻ မိုးသည်းလေတဲ့ ခါဝသန်
ရွက်နုများရှင်သန်။
✻ ရေတွေပြည့်လျှံ စီးခွေဆင်း
မြစ်ချောင်းပင်လယ်တွင်း။
✻ ရန်နဲ့လှိုင်သင်း ပန်းစံပယ်
ဖူးပွင့်လှသွေးကြွယ်။
✻ မြတ်လေးပန်းရယ် လေချိုသွေး
ရနံ့ထုံထုံမွှေး။
✻ ရေဖွေးဖွေးနဲ့ လယ်ကွင်းပြင်
ခလောက်ဒေါင်ဒေါင်ဒင်။
✻ ခင်ပျိုမေတို့ ကောက်စိုက်တေး
နားဝင်ချိုမြအေး။

မင်းဝေအောင်(ရဲကျွန်း)

# လူငယ်နှင့်ပညာရေး

## ■ ထက်အောင်လူ (နံ့သာမြေ)

"ပုစွန်လုံးမှာ ဦးခေါင်းမပါဘူး။ သို့ပေမယ့် ချမ်းချမ်းသာသာနေဖို့အတွက် ကိုယ့်တွင်းကို တူးတတ်တယ်။ ဦးခေါင်းပါတဲ့လူက နေရာတကာ ဟိုလူ့မှီခို ဒီလူ့မှီခို လိုက်လုပ်နေရင် ပုစွန်လုံးကို အားနာဖို့ကောင်းတယ်။ ထူးချွန်ထက်မြက်တဲ့ လူငယ်ဆိုတာ ကိုယ့်ဘဝကိုလည်း မြှင့်တင်နိုင်သလို သူတစ်ပါးတို့ရဲ့ ဘဝကိုလည်း မြှင့်တင်ပေးနိုင်စွမ်း ရှိရတယ်။ စာနာစိတ်ရှိတဲ့ လူငယ်ဆိုတာ တစ်ကိုယ်ကောင်းဆန်စိတ် နည်းပါးသလို တစ်ပါးသူတို့ရဲ့ စိတ်ပင်ပန်းမှုတွေကိုလည်း မျှဝေခံစားပေးနိုင်တတ်ကြတယ်။ အသားဖြူခြင်း၊ မဖြူခြင်း၊ ရုပ်ရည်လှခြင်း၊ မလှခြင်းတွေက လူငယ်တစ်ယောက်ရဲ့တန်ဖိုး မဟုတ်ဘူး။ ဘယ်လောက်အစွမ်းအစရှိ မရှိ၊ ဘာတွေ လုပ်နိုင် မလုပ်နိုင်ဆိုတာကမှ လူငယ်တစ်ယောက်ရဲ့ တန်ဖိုးပါ" ဟု ဆရာကြီးဦးအောင်သင်းက လူငယ်များအတွက် တကတက်ကြွကြွ အမြဲပြောလေ့ရှိပါသည်။

လူငယ်ဆိုသည်မှာ မနက်ဖြန်၏ ခေါင်းဆောင်များဖြစ်ကြပေသည်။ လူငယ်တို့သည် ရဲရင့်လျက် စွန့်လွှတ်ပေးဆပ်ရဲကာ မှန်ရာအား အသက်ကိုပင် မငဲ့ကွက်ဘဲ ရှေ့ဆက်ချီတက်ရဲပါပေ၏။ ကျွန်တော်တို့နိုင်ငံ၏ လွတ်လပ်ရေးရယူပေးနိုင်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းသည်ပင် စံပြလူငယ်တစ်ဦး ဖြစ်ပါပေသည်။ "ယနေ့လူငယ် နောင်ဝယ်လူကြီး" ဆိုသကဲ့သို့ လူငယ်တို့ကောင်းမှ လူကြီးလူကောင်းတို့ဖြစ်ကာ တိုင်းပြည်၏ မောင်းနှင်အားကောင်းပါပေမည်။ လူငယ်ဆိုသည်မှာ တိုင်းပြည်၏ရတနာဖြစ်၍ လူချွန်လူကောင်းတို့ ပေါ်ထွန်းမှသာ အနာဂတ်ခေတ်သစ် ထူထောင်နိုင်ပေမည်။ ကျွန်တော်တို့ လူငယ်များသည် အချိန်ဖြုန်း ငွေဖြုန်းရှောင်ကြဉ်ကြရပေမည်။ "တတ်ကောင်းတတ်ရာဟူသမျှကို ကြားမြင်သုတရှိပါစေ"ဆိုသကဲ့သို့ မိမိတို့သင်ယူခဲ့သော တတ်သိပညာတို့အပြင် ပြင်ပအတွေ့အကြုံများလည်း ရရှိလေအောင် ဆည်းပူးရပေမည်။ စာဖတ်ခြင်းမှာ လူငယ်တစ်ယောက်အား ရင့်ကျက်စေပါသည်။ သဘောထားပြည့်ဝစေပါသည်။ အမှား၊ အမှန် ခွဲခြားနိုင်စေသည်။ အပြောအဆို လိမ္မာပါးနပ်စေသည်။ ထို့ကြောင့် "ကျောင်းစာပဲတော်ပြီး ပြင်ပဗဟုသုတမရှိတဲ့ လူငယ်ဟာ တော်ရင်သာ တော်မယ် မထက်မြက်ဘူး၊ လူငယ်ဆိုတာ စာဖတ်ရတယ်ကွဲ့"ဟုဆရာမမိုးမိုး (အင်းလျား) က ဆိုသည်။ လူငယ်တို့သည် စာအုပ်စာပေကို အမြဲမပြတ်ဖတ်ရှုလေ့လာနေကြရပေမည်။ သို့မှသာ သုတရသတို့ ကုံလုံလျက် စာရိတ္တ၊ ဝါရိတ္တ ကောင်းမွန်ကြပေမည်။

လူငယ်ဆိုသည်မှာ မိမိရှေ့ရေးအတွက် မိမိကိုယ်တိုင် စလုပ်ဖို့ပြင်ရပေမည်။ လူငယ်ဆိုသည်မှာ စည်းကမ်းစနစ်တကျရှိကာ ဖျတ်လတ်မှုနှင့် တက်တက်ကြွကြွ ဖြစ်နေကြရပေမည်။ လင်းလက်တောက်ပသောအနာဂတ်နှင့် ရှေ့သို့သာသွားသော သောကြာကြယ်ပမာ ဘဝကိုနောက်ပြန်မလှည့်သင့်ပေ။ ကိုယ့်ထူးကိုယ်ချွန် ကိုယ့်အားကိုယ်ကိုး စိတ်ဓာတ်မျိုးထားကြရပေမည်။

မည်သူ့မျှမကူညီပါစေ အားမလျှော့သောဇွဲလုံ့လနှင့် အလိုရှိရာကို မဆုတ်မနစ်ကြိုးစားကြရပေမည်။

လူငယ်တစ်ယောက် လျှောက်သောလမ်းတွင် ကာယ၊ စိတ္တ၊ သတ္တိတို့ မဟာဇနကအလား ထားရှိကြရပေမည်။

"လူငယ်ဆိုတာ ဘယ်သူမှ လက်ခုပ်မတီးလည်း အမြင့်သို့ ပျံသန်းနိုင်ရမယ်။ အဲဒါ သိန်းငှက်လို အရည်အချင်းပဲ"ဟု ဆရာမယဉ်ယဉ် (ဘက်ရဲ) က ဆို၏။

ဥသျှစ်သီးကြွေကျခြင်းကို မြေပြိုသည်ဟု ထင်မှတ်ကာ တစ်ရစပ်ပြေးနေသော လူငယ်များအား လက်တွေ့ဘဝတွင် တွေ့မြင်နေကြရပေသည်။

ခေတ်ကာလတိုင်း၌ လူငယ်တို့လမ်းပျောက်နေကြရာ "မိမိဘဝကိုမိမိ ဘာမှန်းမသိ ညာမှန်းမသိ" ဖြစ်နေကြသည်။ "ဘာမှန်းမသိသောအခါ ညာသည်ကို ညာမှန်းမသိ" ဖြစ်ကြလေတော့သည်။ ထိုလူငယ်များထဲ၌ မိမိတို့ မပါဝင်ရလေအောင် အထူးသတိထားရပေမည်။

"လူငယ်တစ်ဦး ဖြစ်နေလျက်နဲ့ အယူသီးလွန်းနေရင် အတွေးအခေါ် နည်းရာရောက်တယ်။ လူငယ်တစ်ဦးဖြစ်နေလျက်နဲ့ အတ္တတွေကြီးလွန်းနေရင် အသိဉာဏ်နည်းရာ ရောက်တယ်။ လူငယ်တစ်ဦး ဖြစ်နေလျက်နဲ့ အာဃာတတွေ များလွန်းနေရင် သဘောထားမပြည့်ရာ ရောက်တယ်။ လူငယ်တစ်ဦး ဖြစ်နေလျက်နဲ့ ငါ့ကျမှ ကံဆိုးလေခြင်းဆိုပြီး တညည်းညည်း တညူညူ အတွေးတွေနဲ့ လက်လျှော့အရှုံးပေးနေရင် စိတ်ဓာတ်ပျော့ညံ့ရာရောက်တယ်။ လူငယ်တစ်ဦး ဖြစ်နေလျက်နဲ့ ဖြစ်သမျှအကြောင်း အကောင်းပေ့ါလေဆိုပြီး ကံကြမ္မာရဲ့အမိန့်အောက်မှာ ဒူးထောက်ပေးနေခဲ့ရင် ကိုယ့်ဇွဲ၊ လုံ့လကို မယုံကြည်ရာရောက်တယ်"ဟု ဆရာကြီးဦးအောင်သင်းက ဆို၏။

လူငယ်တို့သည် ဒုစရိုက်များကင်းစင်လျက် မိမိကိုယ်ကို ကောင်းအောင်တည်ဆောက်ကြရပေမည်။ ယနေ့ခေတ်အွန်လိုင်းပေါ်တွင် မိမိအချိန်တို့ အကုန်မခံဘဲ အွန်လိုင်းအား တတ်သိပညာအတွက်သာ အကျိုးရှိရှိ အသုံးချသင့်ပေသည်။ လူငယ်တို့သည် မိမိအနာဂတ်အိပ်မက်ကို လျှောက်လှမ်းကြမှသာ အဓိပ္ပာယ်ရှိ၍ လှပနေပေလိမ့်မည်။

စာအုပ်စာပေတို့မှတစ်ဆင့် ပတ်ဝန်းကျင်နှင့် တွေ့ကြုံနေသောအရာရာတိုင်း၌ မိမိသန္တာန်တွင် ထားသင့်ထားအပ်သော "ယောနိသော မနသိကာရ" နှလုံးသွင်းမှန်ကန်မှုရှိရေး အထူးလိုအပ်ပေသည်။

အတ္တနှင့် အစွန်းရောက်သောစိတ် ကင်းစင်လျက် အရာရာကို အလယ်အလတ်လမ်းစဉ် ကြည့်မြင်တတ်ကာ မျှမျှတတတွေးခေါ် ဆုံးဖြတ်တတ်သော "မဇ္ဈိမပဋိပဒါ"နှလုံးသားဆင်မြန်းကြရပေမည်။ အရာရာ၌ ကောင်းမှုကိုသိ၍ အသိနှင့်လုပ်ခြင်းအား "ဝိဇ္ဇာ" ကောင်းသော၊ အတွေးအကြံ ကောင်းသော၊ အပြောအဆိုကောင်းသော၊ အပြုမူတို့သိ၍ ပြုတတ်သော၊ လှပမှု ထုံမွမ်းသော၊ အကျင့်"စရဏ" ပါဝင်ကာ "ဝိဇ္ဇာစရဏ သမ္ပန္န"သိခြင်းအားအသုံးချလျက် ဘုရားဟောနှင့် လည်း ညီညွတ်ပါပေမည်။ ပညာသည် အကြောင်းကိုရှာခြင်းဖြစ်ရာ အကြောင်းကိုသိ၍ အကောင်းလုပ်ကြရန် အထူးလိုအပ်လှပါပေသည်။

လူငယ်ဟူသည် အမုန်းတရားကင်းစင်လျက် နှလုံးသားကိုအလှဆင်ကြရပေမည်။ ဘဝရှင်သန်ခိုက်တွင် မနာလိုမုန်းတီးမှုမဝင်သောစိတ်၊ ဣဿာမစ္ဆရိယမရှိသောစိတ်နှင့် အဓိပ္ပာယ်ရှိရှိနေထိုင်ကြရပေမည်။ လောကကို အပြစ်မမြင်တတ်သော ရသနှလုံးသားရှိကာ လူတိုင်း၌ရှိတတ်သော အားနည်းချက်ကို နားလည်သဘောပေါက်ကာ သူတစ်ပါးကို တန်ဖိုးထား၊ လေးစားဆက်ဆံတတ်ကြရပေသည်။ ဉာဏ်ပညာကြီးလျက် ချစ်တတ်သောနှလုံးသားရှိကြကာ လောကကို အလှဆင်နိုင်ကြရပေမည်။

ပညာဟုဆိုရာ၌ အသိပညာ အတတ်ပညာတို့ လေ့လာဆည်းပူးနေကြရပေမည်။ ယနေ့လူငယ် နောင်ဝယ်ကြီးဖြစ်၍ အသိပညာ အတတ်ပညာတို့နှင့် တိုင်းပြည်ကို တည်ဆောက်ကြရပေမည်။ သို့မှသာ ခေတ်မီဖွံ့ဖြိုးသော နိုင်ငံဖြစ်ပေမည်။

လူငယ်တို့၏ ပညာရေးသည် တိုင်းပြည်၏ အဓိကမောင်းနှင်အားဖြစ်၍ ပညာတတ်သောလူမျိုး၊ ပညာနှင့်အသက်မွေးသောလူများဖြစ်ရေး ကြိုးစားရန်လိုအပ်ပေသည်။ ပညာရေးအဆင့်အတန်းမြင့်မားရန် လူငယ်တိုင်း လက်လှမ်းမီသမျှ စာအုပ်စာပေတို့ ဖတ်ရှုတွေးကြံလျက် မိမိဘဝတိုးတက်ရေးလမ်းကြောင်းသို့ ဦးတည်ကြရပေမည်။ အတ္တတို့မလွှမ်းခြုံသော လူငယ်များ ပရစိတ်နှင့် တိုင်းကျိုးပြည်ကျိုးထမ်းဆောင်နိုင်ရေး အထူးလိုအပ်ပေသည်။

အချုပ်ဆိုရပါလျှင် "လူငယ်နှင့်ပညာရေး"ဟု တွဲ၍ခေါင်းစဉ်ပေးထားသကဲ့သို့ လူငယ်တို့သည် ပညာရေးဘက်တွင် ထူးချွန်ထက်မြက်နေကြရပေမည်။

လူငယ်တိုင်းပါဝင်လျက် တစ်ဦးတစ်ယောက်ချင်းမှသည် ဝတ်ရည်တို့ လွှမ်းခြုံသောပန်းပမာ အဆင်းလည်းလှ၊ ရနံ့လည်းလှိုင်ကာ မာလာမြိုင်ဥယျာဉ်ကြီးဖြစ်မှသာ အသွင်ဆန်း တင့်ဆန်းပါပေမည်။ အတ္တ၊ ပရမျှသောလူငယ်များ၊ တတ်သိပညာရှိသောလူငယ်များ၊ လူချွန်လူကောင်းများဖြင့် ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတစ်ခုထူထောင်နိုင်ရေး ဆန္ဒပြုရေးသားလိုက်ရပေသည်။ ။

## တို့ကျောင်းတော်

✫ နွေလကုန်လို့ ဝသန်လ
မိုးကဖွဲ့ဖွဲ့ကျ၊
✫ ကျောင်းဖွင့်စမို့ ကျောင်းတော်မှာ
ပေါင်းဖော်စုံညီစွာ။
✫ ပန်းဥယျာဉ်မှာ ကြူကြူမွှေး
အားလုံးရင်မှာအေး၊
အရောင်အသွေး စုံလင်စွာ
တို့ကျောင်းဥယျာဉ်မှာ။
✫ ကြည်နူးဖွယ်ရာ တွေ့မြင်ရ
အားလုံးပန်းတွေလှ၊
အနာဂတ်ရဲ့ ရင်သွေးတွေ
ပညာကြိုးစားလေ။
✫ စာရိတ္တတွေ ပြုပြင်လို့
စိတ်ထားဖြူစင်ဖို့
ပညာတတ်ဖို့ကြိုးစားပါ
တိုင်းပြည်တိုးတက်မှာ။
✫ ကြိုးစားကြပါ ပန်းတိုင်ဦး
လက်တွဲအတူကူး၊
ကျေးဇူးကြီးတဲ့ ကျောင်းတော်မှာ
ခေါင်းလောင်းသံသာသာ။
ယဉ်ကျေးပျူငှာ နှုတ်ဆက်ကြ
မင်္ဂလာပါ ဆရာမ။

မောင်ခ(ပညာရေး)




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

# အနှစ်ချုပ် ဝိပဿနာရှုမှတ်နည်းများ

စံရိပ်ငြိမ်ဆရာတော် အရှင်ဇဝန(ပဲခူး) စီစဉ်သည့် အနှစ်ချုပ် ဝိပဿနာရှုမှတ်နည်းများစာအုပ် ထွက်ရှိလာသည်။

ဗုဒ္ဓဘာသာဝင်တိုင်းသည် မဖြစ်မနေ ပြုလုပ်ကြသည့် အဓိကအလုပ်ကြီးသုံးခုသည် ဒါနအလုပ်၊ သီလအလုပ်နှင့် ဘာဝနာအလုပ်တို့ပင် ဖြစ်သည်။ အဆိုပါ အလုပ်သုံးမျိုးတွင် ဒါနအလုပ်သည် အလွယ်ကူဆုံးနှင့် လူတိုင်းနီးပါးပြုလုပ်ကြသည့် အလုပ်တစ်ခုဖြစ်သည်။

ဗုဒ္ဓဘာသာဝင်များပင် မဟုတ်ပေ။ အခြားသော ဘာသာဝင်များသည်လည်း ပြုလုပ်ကြသည်။ ဒါနအလုပ်သည် ကုသိုလ်ရသည်။ သီလအလုပ်ကို လူတချို့သာ ပြုလုပ်နိုင်ကြသည်။ ဥပမာအားဖြင့် တစ်သက်လုံး သူတစ်ပါးအသက်ကို မသတ်ဘဲ နေနိုင်လားဟုဆိုလျှင် တချို့သူများက အခက်အခဲရှိသည်။ ထိုသို့ ခက်ခဲသော်လည်း တချို့သူများက သီလအလုပ်ကို ကြိုးစားအားထုတ်ကျင့်ကြံ လုပ်ကိုင်သူများရှိသည်။ သီလအလုပ်သည်လည်း ကုသိုလ်ရသည်။ ဘာဝနာအလုပ်သည် ဒါနအလုပ်နှင့် သီလအလုပ်တို့ထက် ပိုမိုခက်ခဲပါသည်။ လက်တွေ့လုပ်ဖြစ်သူနည်း၍ ခက်ခဲခြင်းပင်ဖြစ်သည်။

လူ့ဘဝကိုရောက်ရှိလာပြီး ဝိပဿနာအလုပ်ကို အားမထုတ်ပါက လူဖြစ်ရကျိုးနပ်မည်မဟုတ်ပေ။ ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင်သည် နိဗ္ဗာန်ပင်ဖြစ်သည်။ နိဗ္ဗာန်ကိုရောက်ရှိရန် ဘာဝနာအလုပ်ကလွဲ၍ တခြားမည်သည့်အလုပ်မှ မရှိပေ။ အဆိုပါစာအုပ်တွင် ဗုဒ္ဓဘာသာဝင်များအတွက် အရေးအကြီးဆုံးအလုပ်ဖြစ်သည့် ဝိပဿနာဆိုင်ရာ အလုပ်ပေးတရားများကို ဖော်ပြထားသဖြင့် လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

စာအုပ်ကို မြတ်ရတနာစာပေ၊ ဖုန်း-၀၉ ၇၆၃၉၆၉၉၆၉နှင့် ၀၉ ၇၆၄၉၆၉၉၆၉တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ဖြင့် ဖြန့်ချိသည်။

❖




# ချင်းရောင်ခြည်




ချင်းဗုဒ္ဓသာသနပါလကအဖွဲ့ကထုတ်ဝေသည့် ချင်းရောင်ခြည် စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်၏ ဘဝဆိုတာခေါင်းစဉ်ဖြင့် ကိုယ်ပေးခဲ့သမျှကို ပြန်လည်ရယူစေပြီး ကိုယ်ယူခဲ့သမျှကို ပြန်လည်ပေးဆပ်ရတာဘဝပါ။ အချိုပင်စိုက်ရင် အချိုသီးစားရမယ်၊ အခါးပင်စိုက်ပြီး အချိုသီးစားရလောက်အောင်တော့ နိယာမတရားကြီးက သစ္စာမဲ့မသွားပါဘူး။ ပြောအားရှိတုန်းမှာ အားပါးတရနဲ့ ထိုးနှက်ပြောဆိုခဲ့ပြီး ကိုယ့်အလှည့်ကျမှတော့ အကြမ်းစားလောကဓံတွေက ငါ့ဆီကို လိပ်စာမှားပြီး ဝင်လာသလားလို့ မတွေးဆလိုက်ပါနဲ့။ မမြင်သာတဲ့တုတ်နဲ့ အရိုက်ခံရရင်ပိုနာတယ်။

အလကားနေ ငါမှန်တယ်လုပ်နေပြီး တစ်ဖက်သားကို အချိန်ပြည့်ခလုတ်တိုက်နေလို့ကတော့ သေချာပါတယ်။ အဲဒီလမ်းဟာ ကိုယ်ချော်လဲရမယ့်နေရာပါပဲ။ (နောင်တဆိုတာ ဘဝကိုသေစေတတ်တဲ့ အဆိပ်ပါ) ချစ်ခဲ့ဖူးသည်ရှိ မုန်းခဲ့ဖူးသည်ရှိ ကိုယ့်ဘက်က လိပ်ပြာလုံနေရင် နောင်တတရားနဲ့ ကင်းပါတယ်။

အမှားနဲ့အမှန် နှစ်ခုရဲ့ကြားထဲမှာ အမှားနဲ့တစ်ယောက်ဖြစ်နေပါစေ။ ကိုယ့်ဘက်က သစ္စာဆိုရဲတဲ့ သတ္တိတော့ရှိနေဖို့လိုပါတယ်။

စာအုပ်ကို ဒေါ်တင်တင်ဝင်း(အမှတ်-၀၁၂၁၅)။ အမှုဆောင်၊ ချင်းဗုဒ္ဓသာသနပါလကအဖွဲ့ (၇၄)၊ အခန်း (၂)၊ မြေညီထပ်၊ ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ကထုတ်ဝေသည်။

# အခမဲ့နာရေးကူညီမှုအသင်း(ထောက်ကြံ့) ဖြစ်စဉ်သမိုင်း(၂၀၀၄-၂၀၂၄)




စာရေးသူ ဒွေးကျော်(မဟာဝိဇ္ဇာ) စီစဉ်ရေးသားသည့် အခမဲ့နာရေးကူညီမှုအသင်း(ထောက်ကြံ့) ဖြစ်စဉ်သမိုင်း(၂၀၀၄-၂၀၂၄)စာအုပ် ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ထောက်ကြံ့သမိုင်းအကျဉ်းကို ဖော်ပြထားပြီး အခမဲ့နာရေးကူညီမှုအသင်း(ထောက်ကြံ့)ဖြစ်စဉ်သမိုင်း(၂၀၀၄-၂၀၂၄) ဖြစ်ပေါ်လာပုံ၊ အသင်းမပေါ်ပေါက်မီက အခြေအနေများ၊ အသင်းပေါ်ပေါက်လာပြီး ယနေ့ထိတိုင်ဆောင်ရွက်ပြီး၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ဖော်ပြထားသည်။ အတ္တဟိတနှင့် ပရဟိတသဘောကိုလည်း ရှင်းလင်းထားသည်။ လူမှုအဖွဲ့အစည်းဖြစ်သည့် ရပ်ရွာတိုင်းတွင် နာရေးဖြစ်ပေါ်လာပါက များစွာဒုက္ခရောက်ကြပြီး သင်္ဂြိုဟ်ရေးအခက်အခဲများကြုံတွေ့ကြရသည်။ အဆိုပါအခက်အခဲများကို ထောက်ကြံ့နာရေးကူညီမှုအသင်းက ကူညီဆောင်ရွက်ပေးခဲ့သည်။ အသင်း၏ ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်ချက်များကို စံနမူနာယူ၍ အခြားသောမြို့ရွာကလည်း ၎င်းတို့မြို့ရွာများ၏လိုအပ်ချက်များကို လက်တွေ့သုံးသပ်ရှုမြင်ပြီး အသင်းအဖွဲ့များကို ဥပဒေနှင့်အညီထူထောင်ကာ ဆောင်ရွက်ကြခြင်းဖြင့် လူမှုအကျိုးပြု ပရဟိတလုပ်ငန်းများ များစွာပေါ်ပေါက်လာမည်ဖြစ်ပြီး ရပ်ရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာကာ အေးချမ်းသာယာလှပလာမည်ဖြစ်သည်။

စာအုပ်ကို ရွှေအိမ်စံစာပေ၊ အမှတ် (၃) ဦးဘသင်းလမ်း၊ ပဲခူးလမ်း ရပ်ကွက်၊ ထောက်ကြံ့မြို့။ ဖုန်း-၀၉ ၇၉၅၇၀၇၂၈၇နှင့် ၀၉ ၄၄၃၉၅၀၆၆၂တို့မှ တန်ဖိုးငွေကျပ် ၁၈၀၀၀ဖြင့် ဖြန့်ချိသည်။

# ချစ်သောအိုမီဂါ




စာရေးသူ ရဲကျော်စီစဉ်ရေးသားသည့် ချစ်သောအိုမီဂါစာအုပ် ဒုတိယအကြိမ် ထွက်ရှိလာသည်။

အိုမီဂါ သူ့ကြောင့် အသက်တွေပေးဆပ်ခဲ့ကြရသည်။ သူ့ကြောင့် ထိုခိုက်နာကျင် ဒဏ်ရာဒဏ်ချက်တွေရခဲ့ကြရသည်။ သူ့ကြောင့် ဟိုဘက်၊ ဒီဘက် ပြင်းထန်စွာ တိုက်ခိုက်ခဲ့ကြရပြီး၊ သွေးချောင်းစီးခဲ့ရသည်။ သူ့အတွက်ကြောင့်ပင် စစ်မီးစစ်လျှံများ ဟုန်းဟုန်းတောက်လောင်ခဲ့ရသည်။ သူ့ကို လက်ဝယ်ပိုင်ဆိုင်ထိန်းချုပ်နိုင်ရေး အားထုတ်ကြိုးပမ်းကြသူများနှင့် သူ့ကို ဖက်တွယ်ခုခံရန်ပြုသူများအကြား နှစ်ကာလများစွာ ယှဉ်ပြိုင်အနိုင်လုခဲ့ကြရသည်။ သူ့ခြေရင်း၌ စီးဆင်းခဲ့သော သွေးများကား ခြောက်သွေ့သည်ဟူ၍ မရှိခဲ့။ သာယာလှပစွာ တည်ရှိနေငြားစိမ်းကား၊ အထီးကျန်စွာ တည်ရှိနေပြန်၏။

အိုမီဂါ သင့်အား ရယူပိုင်ဆိုင်လို၏။ သင့်ရင်ခွင်သို့ ခြေစုံပစ်ဝင်ခွင့်ရလို၏။ သင့်ကြောင့် အသက်များ၊ ဘဝများ၊ မျှော်လင့်ချက်များ မြောက်မြားစွာ ပေးဆပ်ခဲ့ရပြီဖြစ်၏။ သို့သော်ငြား မျှော်လင့်ချက်များကား ဝေဝါးပျောက်ကွယ်သွားသည်ဟူ၍မရှိ။ ရည်မှန်းချက်အဖြစ် ပိုမိုခိုင်မာ၍လာချေ၏။ အကျည်းတန်သော်ငြား သင်သည် လှပစွာရှိနေပြန်သည်။ မည်သို့ပင်ဆိုစေ သင့်အား ချစ်မြတ်နိုးပါ၏။

ပြာလဲ့လဲ့မြစ်ပြင်က ရစ်ခွေစီးဆင်းလျက်ရှိပြီး ကွေ့ဝိုက်သော မြစ်ကြောင်း မြစ်ကွေ့၏အတွင်း၌ လှပစွာတည်ရှိနေသော အိုမီဂါသည်ကား သူ့ထံ၌ အပြစ်တစ်စုံတစ်ရာမရှိသည့်ကဲ့သို့ ငြိမ်သက်တိတ်ဆိတ်စွာ ရှိနေလေသည်တကား။

စာအုပ်ကို အော်ကျူးမီဒီယာ၊ ဖုန်း-၀၉ ၅၁၇၆၉၃၆ မှ တန်ဖိုးငွေကျပ် ၆၀၀၀ဖြင့် ဖြန့်ချိသည်။

# အက္ခရာများနှင့် ထုဆစ်ခြင်း




စာရေးသူ လွမ်းဝေအောင်(အမရ)ရဲ့ အက္ခရာများနှင့် ထုဆစ်ခြင်း စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် ကဗျာပေါင်း ၆၈ ပုဒ် ပါဝင်သည်။ ကဗျာကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုကြပေမယ့် ဖြည့်စွက်ပြောရရင် ကဗျာဆိုတာ စကားလုံးတွေနဲ့ သန္ဓေတည် မွေးဖွားလာတဲ့ ကဗျာဆရာရဲ့ သားသမီး၊ အက္ခရာတွေနဲ့ ထုဆစ်ထားတဲ့ ပန်းပုရုပ်၊ ဝေါဟာရတွေနဲ့ ရေးခြယ်ထားတဲ့ ပန်းချီကား၊ ရင်ထဲက တူးဖော်ရရှိတဲ့ ရတနာပါ။ ကဗျာတွေကို ကောင်းတယ်၊ မကောင်းဘူး အလွယ်တကူ ဝေဖန်ကြပေမယ့် ကဗျာဆိုတာ သူ့ပင်ကိုအလှတရားနဲ့သူ ရှိပြီးသားပါ။ ကောင်းတဲ့ကဗျာဖြစ်ဖြစ်၊ မကောင်းတဲ့ကဗျာဖြစ်ဖြစ် ကဗျာဆရာတွေ နှလုံးသားနဲ့လွယ်ပြီး မွေးဖွားရတာပါ။ ဘယ်မိဘမှ သားဆိုး၊ သမီးဆိုးကို မမွေးဖွားချင် ကြသလို၊ ဘယ်ကဗျာဆရာမှလည်း မကောင်းတဲ့ကဗျာတွေကို မွေးဖွားချင်ကြမှာ မဟုတ်ပါ။ မွေးဖွားလာပြီဆိုရင်တော့ ကိုယ်မွေးဖွားထားတဲ့ သားသမီးကို ကောင်းကောင်းဆိုးဆိုး ချစ်ကြတာသဘာဝဓမ္မတာပါ။ ဒီအတွက်ကြောင့်လည်း ကဗျာပိုးစွဲငြိပြီး ချစ်မိခဲ့ရတဲ့ သားသမီးရတနာအဖြစ် စာရေးသူ လွမ်းဝေအောင်(အမရ)က အက္ခရာများနှင့် ထုဆစ်ခြင်း ကဗျာစာအုပ်ကို မွေးဖွားထုဆစ်လိုက်ပါပြီ။ ကဗျာဆရာရဲ့ နှလုံးသားနဲ့ ကဗျာတွေရဲ့ အလှတရားတွေကို တဝကြီးခံစားနိုင်မယ့် ကဗျာစာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း စာပေချစ်မြတ်နိုးသူများအတွက် ညွှန်းဆိုလိုက်ရပါသည်။

စာအုပ်ကို လင်းသန့်စာပေ ၅၉ လမ်း၊ ၁၀၃ လမ်းနှင့် ၁၀၄ လမ်းကြား ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့၊ ဖုန်း- ၀၉-၂၅၈၅၅၅၅၁၀ မှ တန်ဖိုးငွေကျပ် ၄၅၀၀ ဖြင့် ဖြန့်ချိထားသည်။

# မြန်မာနိုင်ငံသစ်တောအသင်း(၁၁)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၆

မြန်မာနိုင်ငံ သစ်တောအသင်း၏(၁၁)နှစ်ပြည့်အထိမ်းအမှတ်နှင့် စတုတ္ထအကြိမ်မြောက် အလုပ်အမှုဆောင်အဖွဲ့ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၄ ရက်က ဗဟန်းမြို့နယ် အားကစားကွင်းအတွင်းရှိ M.3 Food Center ၌ ကျင်းပသည်။

အခမ်းအနားတွင် ပန်းပျိုးလက်ဆရာတော်အရှင်ပညောဘာသက ဩဝါဒစကားမိန့်ကြားပြီး အသင်းနာယကကြီးများဖြစ်သည့်ဒေါက်တာကျော်တင့်နှင့် ဦးတင်ဝင်းတို့က အမှာစကား ပြောကြားခဲ့ကြသည်။

သစ်တောအသင်း၏ (၁၁)နှစ်တာ လျှောက်လှမ်းခဲ့သည့် အတွေ့အကြုံများကို အသင်းအတွင်းရေးမှူး ဦးတင်အေးက တင်ပြခဲ့ပြီး (၁၁)နှစ်တာကာလအတွင်း ရသုံးငွေစာရင်းကို လက်ထောက်စာရင်းစစ်မှူး ဒေါ်လှလှက ဖတ်ကြားကာ တတိယအကြိမ်မြောက်သက်ကြီးပူဇော်ပွဲရသုံးငွေစာရင်းကို လူမှုရေးကော်မတီ အတွင်းရေးမှူး ဦးဌေးသန့်က ဖတ်ကြားခဲ့သည်။

ဆက်လက်၍ လူမှုရေးကော်မတီ၏ ၂၀၁၇ မှ ၂၀၂၃ အထိ လူမှုရေးကိစ္စဆောင်ရွက်မှုများနှင့် ရသုံးငွေစာရင်းရှင်းတမ်းကို လူမှုရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးက တင်ပြခဲ့ပြီး အသင်း၏ ဆောင်ရွက်ပြီးစီးခဲ့သော စီမံကိန်းလုပ်ငန်းများကို အသင်းအလုပ်အမှုဆောင် ဦးခိုင်ဝင်းနောင်က ရှင်းလင်းတင်ပြကာ ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့ လယ်တွင် Da Tijuca သဘာဝအမြဲစိမ်းသစ်တောအကြောင်းကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။



ထို့နောက်စတုတ္ထအကြိမ် အလုပ်အမှုဆောင်အဖွဲ့ကို အတည်ပြုကြောင်း ကြေညာပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို အသင်းဥက္ကဋ္ဌ ဦးသန်းထွန်းက တင်ပြပြီး အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။ ဘော်ဂါသွေး

# တောင်ငူမြို့ ကေတုမတီမြို့သစ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ကေတုမတီမြို့သစ်ရှိ နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါတက္ကသိုလ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**စစ်ဆေးကုသ**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူစုစုပေါင်း ၅၀ တို့ကို ခွဲစိတ်ကုသမှု ဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ် စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်သိုက်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူမန္တလေးတိုင်းဒေသကြီးအောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက် မဟာသန္တာရုံကျောင်းတိုက်ရှိ သံဃာတော် ၁၀၁ ပါးနှင့် ဒေသခံပြည်သူ ၆၆ ဦး တို့ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပျဉ်းမနားမြို့နယ်၌ မိုးရာသီကာလတွင် ဖြစ်ပွားတတ်သည့်ရောဂါများ ကြိုတင်ကာကွယ် နှိမ်နင်းရေးလုပ်ငန်းများအကြောင်း အသိပညာပေး

ပျဉ်းမနား ဇူလိုင် ၆

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့နယ်၌ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကျင်းပသည့် မိုးရာသီကာလအတွင်း ဖြစ်ပွားတတ်သည့် ရောဂါများကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက ဦးကျေးရပ်ကွက် မေတ္တာမွန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုးက မိုးရာသီတွင်ဖြစ်ပွားတတ်သည့် ရောဂါများအကြောင်းနှင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာအေးအေးမာက မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှုအကြောင်းကိုလည်းကောင်း၊ ပျဉ်းမနားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါတိုက်ဖျက်ရေးဌာန (ငှက်ဖျား)မှ ငှက်ဖျားကြီးကြပ်သူ ဦးကိုကိုက ရပ်ကွက်/ ကျေးရွာများအတွင်းသို့ အဖွဲ့များခွဲ၍ လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များနှင့် အဘိတ်ဆေးအသုံးပြုပုံများကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုးနှင့် တာဝန်ရှိသူများက ဦးကျေးရပ်ကွက်ရှိ နေအိမ်များအတွင်း ရေစည်၊ ရေအိုးများ၊ ပန်းအိုးများနှင့် တာယာအဟောင်းများစသည့် ရေတင်ကျန်နိုင်သောနေရာများအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး သွေးလွန်းတုပ်ကွေးရောဂါ၏ လက္ခဏာများနှင့် ပတ်သက်သည့်အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

**မျိုးသီဟ(ပြန်/ဆက်)**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝရေပြင်များနှင့် ဆည်တမံတို့၌ ငါးမျိုးစိတ်ကောင်ရေ ၁၀၆ သိန်း စိုက်ထည့်မည်

ရန်ကုန် ဇူလိုင် ၆

၂၀၂၄ ခုနှစ် မိုးရာသီ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သဘာဝရေပြင်များဖြစ်သည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ဆည်တမံတို့တွင် ငါးမျိုးစိတ်ကောင်ရေ ၁၀၆ သိန်း မျိုးစိုက်ထည့်သွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



ယမန်နှစ်က မြစ်၊ ချောင်းများနှင့် ဆည်တမံတို့တွင် ငါးသားပေါက်ကောင်ရေ ၁၃၅ သိန်း မျိုးစိုက်ထည့်ခဲ့သည်။ ယခုနှစ် မိုးရာသီတွင် ဇူလိုင် ၄ ရက်က တွံတေးငါးသိပ္ပံကျောင်းအနီး ဇီးဖြူကုန်းချောင်းအတွင်းသို့ နှစ်လက်မအရွယ် ငါးခုံးမ သားပေါက်ကောင်ရေ တစ်သိန်းနှင့် ငါးမြစ်ချင်း သားပေါက်ကောင်ရေ တစ်သိန်းစိုက်ထည့်ခဲ့ပြီး ယနေ့တွင် ငမိုးရိပ်ရေထိန်းတံခါးအနီး၌ ငါးမြစ်ချင်းကောင်ရေနှစ်သိန်းနှင့် ငါးခုံးမကောင်ရေ တစ်သိန်း မျိုးစိုက်ထည့်ခဲ့သည်။

“ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးသယံဇာတ ရေရှည်ဖွံ့ဖြိုးတည်တံ့ဖို့အတွက် အဓိကတာဝန်ရှိတဲ့ဌာန ဖြစ်ပါတယ်။ ဒီနှစ်မိုးရာသီမှာလည်း သဘာဝရေပြင်မှာ လျော့သွားတဲ့ငါးတွေကို ပြန်လည်အစားထိုးပြီး မျိုးစိတ်စိုက်ထည့်ပေးနေပါတယ်။ ငါးထုတ်လုပ်မှု တိုးတက်လာရင် ကျေးလက်နေပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတိုးလာပြီး ဝင်ငွေလည်း တိုးလာမှာပါ။ စိုက်ထည့်ပေးတဲ့ ငါးတွေဟာလည်း ဒေသနဲ့ လိုက်လျောညီထွေမှုရှိတဲ့ မျိုးကောင်းမျိုးသန့်ငါးမျိုးစိတ်တွေ ဖြစ်တာကြောင့် ငါးသယံဇာတဖွံ့ဖြိုးရေးကို အထောက်အပံ့ဖြစ်စေပြီး ချမှတ်ထားတဲ့ ရေထွက်ကုန်မူဝါဒနဲ့အညီ ဆောင်ရွက်သွားနိုင်မှာ ဖြစ်ပါတယ်” ဟု ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမြင့်ရွှေက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ရန်ကုန်မြစ်၊ လှိုင်မြစ်၊ ပန်းလှိုင်မြစ်၊ ကုက္ကိုလ်ဝမြစ်၊ အင်း၊ အိုင်၊ ဆည်တမံများနှင့် သဘာဝရေပြင်တို့တွင် ငါးလုပ်ငန်းဦးစီးဌာနမှ သားဖောက်ထုတ်လုပ်သည့် မျိုးကောင်းမျိုးသန့် ငါးသားပေါက်များဖြစ်သည့် ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်းနှင့် ငါးခုံးမတို့ကို နှစ်စဉ်မျိုးစိုက်ထည့်လျက်ရှိရာ တစ်နှစ်သားအရွယ်တွင် ရောင်းတန်းဝင်အရွယ်သို့ရောက်ရှိပြီး ရေလုပ်သားများက ဈေးကွက်သို့ တင်ပို့ရောင်းချမှုမှ တစ်ပိုင်တစ်နိုင်ဝင်ငွေရရှိကြပြီး စားသုံးသူပြည်သူများအနေဖြင့်လည်း ဒေသတွင်းမှရရှိသော ရေထွက်ကုန်များကို ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးလျက်ရှိသည်။

ယခုနှစ် ရေထွက်ကုန်ကဏ္ဍတွင် ၆၀ ရာခိုင်နှုန်းကို တင်ပို့ရောင်းချ၍ ၄၀ ရာခိုင်နှုန်းကို မျိုးစိုက်ထည့်မည်ဟု ချမှတ်ထားသည့် မူဝါဒနှင့်အညီ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင်များနှင့် ဆည်တမံတို့တွင် ငါးမျိုးစိတ်များကို စိုက်ထည့်လျက်ရှိရာ ယခုမိုးရာသီ၌ တိုင်းဒေသကြီးအတွင်းရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်များနှင့် ဆည်တမံတို့တွင် ငါးမျိုးစိတ်ကောင်ရေ ၁၀၆ သိန်း စိုက်ထည့်သွားမည်ဖြစ်သည်။ **ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ-ကနူး**

# ခရိုင်အဆင့် ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများဆောင်ရွက်

ပဲခူး ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် ခရိုင်အဆင့် ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်မှုများကို ဇူလိုင် ၅ ရက် နံနက် ၈ နာရီက ပဲခူးမြို့မဇင်းရပ်ကွက်ရှိ မဇင်းဆည်တွင် ဆောင်ရွက်ကြသည်။



ထိုသို့ သရုပ်ပြလေ့ကျင့်ခြင်းတွင် သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ထားရှိခြင်းနှင့် လတ်တလော မြစ်ရေမြင့်တက်လာပါက ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတကူညီကယ်ဆယ်ရေးအသင်းအဖွဲ့များပါဝင်သော အင်အား ၇၀ ရှိရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်ဖြစ်ပွားမှုပေါ်မူတည်၍ ကဏ္ဍအလိုက်ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများအား လက်တွေ့အသုံးပြု သရုပ်ပြကြသည်။

**ကြည့်ရှုအားပေး**

အဆိုပါ သရုပ်ပြလေ့ကျင့်မှုများကို ခရိုင်အဆင့် ရေပြင်အသက် ကယ်ရှာဖွေကယ်ဆယ်ရေး ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးညီညီလွင်စိုး၊ ပဲခူးခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဟိန်းသူဟန်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက တက်ရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရာဇဓိရာဇ် လမ်းသွယ်(၁)လမ်း၊ အမှတ် (၃၀)၊ မြေတိုင်းရပ်ကွက်အမှတ် (9 MCM)၊ လူနေ ရပ်ကွက်အမှတ်(၄၂)၊ နှစ်(၉၀)ဂရန်မြေ (၂၁.၈) (၀.၀၄၅)ဧကရှိ မြေကွက်အမှတ်မှ တရားဝင်မခွဲမစိတ်ရသေးသော ဒေါ်ရွှေ အမည်ပေါက်ပိုင်ဆိုင်မှု ဆောက်လုပ် ထားသော (၄)ခန်းတွဲ (၂)ထပ်အိမ်အနက်မှ မြေညီထပ် အိမ်သို့မျက်နှာမူလျှင် ဘယ်ဘက်အခြမ်းမပါ (၃)ခန်းနှင့် မြေကွက်အမည်ပေါက် ဂရန်မြေအကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ဒေါ်နော်လားစေး ထံ ကျွန်ုပ်၏မိတ်ဆွေက ပေးချေထားခဲ့ပြီးဖြစ်သည်။

အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက် အထားများဖြင့် (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ရန် ဖြစ်သည်။ ကန့်ကွက် ခြင်းမရှိပါက အရောင်းအဝယ်ကို အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်ဆင့်သီရိခင်ဇော်(LL.B, DML)** — **ဒေါ်တိုးတိုးဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**
**(စဉ်–၁၄၈၄၄)** — **(စဉ်–၄၁၁၃၇/၁၅–၇–၂၀၁၃)**
**A(1) 44၊ ယမုံနာရိပ်မွန်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph: 09–790661173, 09–73139831**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ မြို့ဟောင်း(၇)လမ်း၊ အမှတ် (၅၁၅)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၄)ထပ်တိုက်အဆောက်အဦ၏ ပထမထပ်၊ (၂–လွှာ)၊ (ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၂ပေခွဲx ၅၀ပေ) ရှိ တိုက်ခန်းနှင့် ရေ၊ မီး အစုံအလင်ပါဝင်သော ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထား ရှိသော တိုက်ခန်းဖြစ်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စုနှင်းငြိမ်း [၁၂/လမန(နိုင်)၁၆၆၃၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီး အပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လို ပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၂၄၁၁)**
**အမှတ် (၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၅၀၄၂၂၉၆၊ ၀၉–၄၂၁၀၈၄၃၈၁**

## လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းငွေ [၁၄/အမန(နိုင်) ၂၂၅၆၉၀] နှင့် ဦးနိုင်လင်းဇော် [၁၄/အမန(နိုင်) ၁၁၆၃၉၀]တို့သည် (၂၈–၆–၂၀၂၄)ရက်နေ့ တွင်ပင် အင်းစိန်ခရိုင်တရားရုံးတော်၌ ကွာရှင်းမှတ်ပုံတင်အမှတ်– ၁၆၉/၂၄ (၂၈–၆–၂၀၂၄)ဖြင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်း ပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်နောင် ဦးနိုင်လင်းဇော်နှင့်ပတ်သက် သောကိစ္စအရပ်ရပ်သည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းငွေနှင့် မည်သို့မျှ သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းမင်းဦး** — **ဒေါ်ပြည့်သဉ္ဇာငွေ**
**(LL.B, WIPO–Switzerland)** — **(LL.B, WIPO–Switzerland)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၅၇၄)** — **အထက်တန်းရှေ့နေ(စဉ်–၅၄၅၂၈)**
**အမှတ်(၁၀)၊ ( A )ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊**
**လှိုင်မြစ်လမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၉၄၄၇၀၆၅၁ ၊ ၀၉–၄၄၄၄၆၄၄၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ ရွာသစ်ကျေးရွာ၊ ရွှေသဇင်လမ်း၊ အမှတ်(၂/၁၄၅) ဟုခေါ်တွင်သော (၂၀ပေx ၆၂ပေ)ကျယ်ဝန်းသော မြေကွက်နှင့် ယင်းမြေကွက်နှင့်စပ်လျဉ်းသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို ဆက်စပ်စာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိသူ ဦးစိန်မောင် [၁၂/မရက(နိုင်)၀၉၄၃၇၃]မှ ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမနားလိန်း [၄/ကပလ(နိုင်)၀၀၈၉၃၅] မှ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ် အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများ နှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းမင်းဦး** — **ဒေါ်ပြည့်သဉ္ဇာငွေ**
**(LL.B, WIPO–Switzerland)** — **(LL.B, WIPO–Switzerland)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၅၇၄)** — **အထက်တန်းရှေ့နေ(စဉ်–၅၄၅၂၈)**
**အမှတ်(၁၀)၊ ( A )ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊**
**လှိုင်မြစ်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၉၄၄၇၀၆၅၁ ၊ ၀၉–၄၄၄၄၆၄၄၅၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာ၊ နွယ်နီ လမ်းသွယ်တွင်တည်ရှိသော မြေနှင့် အကျယ်အဝန်း (၁၈ပေx ၅၀ပေ)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်တိုက် (၈)ခန်းတွဲ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်မှုစာချုပ်စာတမ်းအဆက်ဆက်ဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်အေးအေးခိုင် [၇/မလန(နိုင်)၀၇၀၄၁၅]၏ ဝန်ခံကတိပြုကမ်းလှမ်းချက်အရ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးအောင် လှိုင်ဝင်း [၈/ဆဖန(နိုင်)၀၆၂၅၃၅]၊ (၂) ဒေါ်ယဉ်ယဉ်အေး [၈/ဆဖန(နိုင်)၀၆၅၅၀၅] တို့က (၂–၇–၂၀၂၄)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ကြောင်း အများ သိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆင့်သီရိခင်ဇော် (LL.B, D.M.L) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၈၄၄)**
**ဖုန်း – ၀၉–၄၅၁၃၈၁၂၇၂**
**အမှတ်(၃၇)၊ ရာဇဓိရာဇ်လမ်း၊ (၃)ရပ်ကွက်၊ ဗိုလ်တထောင်မြို့ နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်(၃၈)၊ ဦးဥတ္တမလမ်း၊ မြေကွက်အမှတ်(၂၄၅) ဟုခေါ်တွင်သော ဒေါ်ကြည်ဝင်း အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်(မိတ္တူ)ပါ မြေအကျယ် (ပေ ၄၀x ပေ ၆၀)အနက်မှ တရားဝင်မခွဲစိတ်ရသေးသောမြေကွက်ကို မျက်နှာမူ လျှင် ညာဘက်ခြမ်း မြေကွက်အမှတ်(၂၄၄)နှင့် ကပ်လျက်မြေကွက် မြေအကျယ်ပေ (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးကျော်စွာထက် [၉/ပဘန(နိုင်) ၁၃၉၃၂၈]မှ ကိုယ်တိုင် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာ မရှိကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးပြည့်ဖြိုးကျော် [၁၂/အစန(နိုင်) ၂၁၃၆၇၂]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာ ပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၀)ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ညွှန်ကြားသူ** — **ညွှန်ကြားချက်အရ–**
**ဦးပြည့်ဖြိုးကျော်** — **ဒေါ်ဟန်နီထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၃၆၉)**
**အမှတ်(၆၄၀၊ ခ)၊ သမိန်ဗရမ်းလမ်း၊ ၃၅–ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၅၀၅၄၁၂၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တောင်ပိုင်း ရပ်ကွက်၊ ပိတောက်လမ်း၊ အမှတ်(၁၁) ဟုခေါ်တွင်သော (၁၆ပေx ၅၅ပေ)ကျယ်ဝန်း သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထား အကျိုးခံစားလျက်ရှိသူ ဒေါ်သူဇာမြင့် [၁၂/ဥကမ(နိုင်) ၂၂၈၅၇၇]မှ ၎င်းတစ်ဦးတည်းသာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ် အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဖြစ်သူ ဒေါ်သင်းအိစိုး [၇/ညလပ(နိုင်)၀၉၀၄၄၂]မှ ရောင်းဖိုးငွေ၏တစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများနှင့်အတူ ဤကြော်ငြာ ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးသိန်းမင်းဦး** — **ဒေါ်ပြည့်သဉ္ဇာငွေ**
**(LL.B, WIPO–Switzerland)** — **(LL.B, WIPO–Switzerland)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၅၇၄)** — **အထက်တန်းရှေ့နေ(စဉ်–၅၄၅၂၈)**
**အမှတ်(၁၀)၊ ( A )ရုံပထမထပ်၊ အင်းစိန်ဈေးကြီး၊**
**လှိုင်မြစ်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၇၉၄၄၇၀၆၅၁ ၊ ၀၉– ၄၄၄၄၆၄၄၅၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၈၁)၊ ရွှေလီလမ်းသွယ် (၄)လမ်း၊ မြေကွက်အမှတ် (၅၃၇ )၊ (၄၀)ပေx (၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို** လက်ရှိအကျိုးခံစားလျက်ရှိသူ ဦးဝင်းဇော်ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ် မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း နောက်ဆုံးထား၍ ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြမြစိုးဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်– ၇၈၅၃/၁၆–၃–၂၀၁၀)**
**အမှတ်(၂၀)။ အလိန်လည်(၁)လမ်း၊ (၅)ရပ်ကွက်၊ ထန်းတပင်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း – ၀၉–၄၃၁၂၄၃၈၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄၉)၊ မြေကွက်အမှတ် (၁၆၁၂)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ အမှတ် (၁၆၁၂)၊ မြေနီလှော်ကားလမ်း၊ (၁၄၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်ဟု ခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်မှာ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်ဆွေ (MUN–050647) အမည်ပေါက်မှတ်သားထားသည့် ပါမစ်မြေကွက်ဖြစ်ပြီး၊ ယင်းအမည်ပေါက်ထံမှ အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်း ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဖွင့်ဟပြောဆိုဝန်ခံသူ ဦးစည်သူထွန်း(ခ)ဦးဇေယျ [၁၂/ပဇတ(နိုင်)၀၂၉၈၃၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သောစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်အိသီရိကြူ LL.B , M.A (Business Law) တရားလွှတ်တော်ရှေ့နေ (စဉ်–၉၅၃၃)**
**အမှတ် (၃၇)၊ အနော်ရထာလမ်း၊ (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၄၃၁၆၃၄၀၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့ ၊ လှိုင်သာယာမြို့နယ်၊ FMI CITY၊ မြေတိုင်းရပ်ကွက်အမှတ်– ၈၊ မြေကွက်အမှတ်– ၂၄၀၊ စကားဝါ– ၂ လမ်း၌ တည်ရှိသော အိမ်အမှတ်– E–10 မြေအကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ ဒေါ်သန်းသန်းလှိုင် အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်လက်ရှိထားပြီး အရှုပ်အထွေးကင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဦးအောင်ကြည် [၁၂/မဂဒ(နိုင်)၀၀၇၃၁၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လေးလေးမြင့် [၈/ပခက(နိုင်) ၀၂၁၆၂၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်း အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝင်းဝင်းမော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၆၉၅/၁၅–၁၂–၂၀၁၆)**
**ရုံးခန်း(၇၃၇/၇၄၁)၊ (၀၀၅)၊ မာလာနွယ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၄၉၃၃၆၀**


**မိဘမေတ္တာ**

**ဒဂုံမြို့သစ်ဆိပ်ကမ်း အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ရွှေပေါက်ကံမြို့နယ်ရှိ မြေကွက်များ ဈေးကောင်းပေးဝယ်လိုသည်။**

**09 40 70 80 736**


## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈ–ရပ်ကွက်၊ အကွက်အမှတ်– လလ– ၅၁၊ ဦးပိုင်အမှတ် (၃၇)၊ ၅၄x၅၅ ကြား၊ တပင်ရွှေထီး နှင့် ရွှေလုံဗိုလ်လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးအုန်းရွှေ [၉/မတလ(နိုင်) ၁၁၈၁၉၁]၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၅၉၅/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးလိုယုကွယ် [၁၃/ပဆတ (နိုင်) ၀၃၁၃၂၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
မြေတိုင်းရပ်ကွက်အမှတ် (၅၄)၊ မြေကွက်အမှတ်(၄၈၅/ခ)၊ အကျယ်အဝန်း
(၂၀ ပေ x ၆၀ ပေ)ရှိ ဦးသောင်းရီ (KWA–၀၂၂၄၇၁) အမည်ပေါက်
ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၄၈၅/ခ)၊ အင်းဝလမ်း၊
(၅၄) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ရန်ကုန်မြို့ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်
အားလုံးနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်၊ နေအိမ်နှင့်ပတ်သက်၍ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ယုစန်း [၁၂/ဗဟန (နိုင်) ၀၀၇၀၁၉]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာမမ (LL.B, D.M.L,D.I.L)** — **ဒေါ်ခင်မျိုးလတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၂၂၆)** — **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၉၂၇၅)**
**အမှတ် (၄၄)၊ ပ–ထပ်၊ အခန်း (၁၀)၊ ၃၆–လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၃၁၂၁၅၇၃၊ ၀၉–၂၅၄၁၃၀၀၇၄**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ– ၁ နှင့် ၅)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၈၉

ဒေါ်ငြိမ်းရင် — နှင့် — ဦးမြင့်အောင်
**( တရားလို )** — **(တရားပြိုင် )**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ လေးထောင့်ကန် ရပ်ကွက်၊ စိုက်မွေး(၁)၊ အမှတ်(၃/၂/၁)နေ တရားပြိုင် ဦးမြင့်အောင် (ယခုနေရပ် လိပ်စာမသိ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စား လှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၂)ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်နေ့) နေ့မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြညိမ်းအေး)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**အင်းစိန်ခရိုင်တရားရုံး**

**ဥတုရာသီ တောကို မှီ၍**

## စမ်းချောင်းမြို့နယ်၊ လင်း/မြောက်ရပ်ကွက်၊ သရက်တောလမ်း၊ အမှတ် (၂၈)ရှိ (၂)ခန်းတွဲ၊ ဟောင်ကောင် (၃)ထပ်တိုက်၏ (၃လွှာ) (ထပ်ခိုးတစ်ဝက်)ပါ (ခေါင်းရင်းခန်း)၊ (၁၂ ၁/၂ ပေx ၅၀ပေ) ရေ၊ မီး အစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင် ပိုင်ဆိုင်သူ ဦးငွေဦး [၁၂/မရက(နိုင်)၀၈၇၃၄၀] + ဒေါ်အေးအေးမြင့် [၁၂/မရက(နိုင်)၀၄၄၄၅၄]တို့ထံမှ ဒေါ်ခင်မာမြင့် [၁၁/မပတ(နိုင်) ၀၃၆၂၄၃] ကအပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှ စ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

## စမ်းချောင်းမြို့နယ်၊ မြေနီ/မြောက်ရပ်ကွက်၊ သုခလမ်း၊ အမှတ် (၁၀)ရှိ (၂)ခန်းတွဲ (၈) ထပ်တိုက်၏ (၄ လွှာဘီ) (ခေါင်းရင်းခန်း)၊ (၁၂ ၁/၂ x ၅၀ပေ)ခန့်ရှိ ရေ၊ မီး အစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဦးသက်ပိုင်မှူး [၁၂/စခန (နိုင်) ၀၆၂၅၁၇]ထံမှ ဒေါ်ဂူရဂျစ်ကော[၁၂/စခန(နိုင်) ၀၅၆၇၇၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**Japan– ဘုန်းမြင့်(ငါးသိုင်းချောင်း)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09–767772099, 09–774597373, 09–767779901**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ် (၇၉) ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ စတုတ္ထထပ် (၅လွှာ/ဘီ)၊ (တိုက်ကို မျက်နှာမူလျှင် လက်ဝဲ ဘက်အခန်း)၊ အကျယ်အဝန်း (၁၃x၆၀)ပေခန့်ရှိ တိုက်ခန်းတစ်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာအပါအဝင် အကျိုးခံစားခွင့်များအားလုံးကိုဝယ်ယူရန် အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်အေမီဝင်း [၃/ဘအန(နိုင်) ၀၁၂၃၆၄] အား ကျွန်ုပ်တို့၏မိတ်ဆွေမှ တိုက်ခန်းရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း(မူရင်း)များနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ် တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဥပဒေနှင့်အညီ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဒေါ်စိုးစိုးမြင့်** — **ဒေါ်အိဖြိုးဇင်**
**LL.B (စဉ်–၁၀၀၆၃)** — **LL.B, DBL (စဉ်–၁၅၉၇၅)**
**တရားလွှတ်တော်ရှေ့နေ** — **တရားလွှတ်တော်ရှေ့နေ**
**ဖုန်း–၀၉ – ၄၂၀၃၅၉၆၃** — **ဖုန်း–၀၉ – ၇၉၀၁၂၃၄၈၀**
**အမှတ် (၈၆)၊ ၇–လွှာ (စီ)၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂.ဂျီ၊ မြေကွက်အမှတ်-( II ၁၅၀ နှင့် ၁၅၀ A) ၏ တစ်စိတ်တစ်ဒေသ (၉.၇၂၅) ဧက ခန့်ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ကန်တော်ကြီးရိပ်သာအဆင့်မြင့်အိမ်ရာစီမံကိန်းမှ Apartment (Ground Floor + Pent House) အဆောက်အဦအမှတ်(Y-10) ရှိ အခန်းအမှတ်-(1001)၊ အကျယ်အဝန်း (၂၄၀၀)စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အပြီးသတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း**

**အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ Mother Construction Co., Ltd. (ကိုယ်စား) ဒေါ်ကြည်မြင့်သွင် (ဒါရိုက်တာ) [၁၂/ဗဟန (နိုင်) ၀၇၂၄၄၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများလည်း လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၃၂၆၁၄၅**

---

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဒေါ်သိန်းတင်လမ်းထောင့်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂.ဂျီ၊ မြေကွက်အမှတ်-( II ၁၅၀ နှင့် ၁၅၀ A ) ၏ တစ်စိတ်တစ်ဒေသ (၉.၇၂၅) ဧကခန့်ရှိ မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် ကန်တော်ကြီးရိပ်သာအဆင့်မြင့်အိမ်ရာစီမံကိန်းမှ Apartment (Ground Floor + Pent House) အဆောက်အဦအမှတ်(Y-10) ရှိ အခန်းအမှတ်-(1002)၊ အကျယ်အဝန်း (၂၄၀၀)စတုရန်းပေ အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်**

**အပြီးသတ်ဆောင်ရွက်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ထားရှိပိုင်ဆိုင်သူ Mother Construction Co., Ltd. (ကိုယ်စား) ဒေါ်ကြည်မြင့်သွင် (ဒါရိုက်တာ) [၁၂/ ဗဟန (နိုင်) ၀၇၂၄၄၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်းနှင့် အဆိုပါတိုက်ခန်း၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများလည်း လက်ရောက်ရရှိထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A- 1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၃၂၆၁၄၅**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (ဂ) ရပ်ကွက်၊ ရွှေဝါ(၁)လမ်း၊ အမှတ်-(၉၈/ခ) ဟုခေါ်တွင်သော (၁) ခန်းတွဲ(၆)ထပ် ကန်ထရိုက်တိုက်အဆောက်အဦ၏ (ပဉ္စမထပ်) (ဖလွှာ)၊ အကျယ်အဝန်း (အလျား ၁၈ ပေ x အနံ ၅၄ ပေ ) အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကန်ထရိုက်တာအနေဖြင့်ရရှိ ပိုင်ဆိုင်သူ ဦးနေမင်းထွန်း [၇/သနပ (ပြု)၀၀၂၄၄၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးအေးမြင့် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၅၈)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်းအမှတ်(A-1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၄၆၆၇**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာအုပ်စု၊ အစုကြီးကျေးရွာ၊ ရွာလမ်းမ၊ အိမ်အမှတ်-၁၃၂၊ မျက်နှာစာအကျယ်ပေ(၆၀)၊ အရှေ့နောက်အကျယ်ပေ(၁၀၀) ရှိ ဦးထွန်းသိန်းနေထိုင်ပိုင်ဆိုင်သော ရွာမြေအမျိုးအစားမြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်အား လက်ဝယ်ထားရှိပိုင်ဆိုင်နေထိုင်သူများဖြစ်သော ဦးထွန်းသိန်း [၁၂/ထတပ(နိုင်)၀၄၁၄၈၆]နှင့် ဒေါ်ခင်မာဝင်း[၁၂/ထတပ(နိုင်)၀၃၆၁၀၉] တို့ထံမှဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကုဋ္ဌေ [၁၄/ဒဒရ(နိုင်)၁၃၈၅၂၈]မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးကုဋ္ဌေ[၁၄/ဒဒရ(နိုင်)၁၃၈၅၂၈]** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **အမှတ်-၂၂၇၊ ဘုရင့်နောင်(၂)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **(၂၅)ရပ်ကွက်၊ ဘုံရှည်ကုန်းကျေးရွာ၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **ရွှေပြည်သာမြို့နယ်။** | **(၅)ရပ်ကွက်၊** |
| | **ရွှေပြည်သာမြို့နယ်။** |
| | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မှန်နီဇလုပ်အနောက်၊ မြေတိုင်းရပ်ကွက်အမှတ်-(၅၃၂/**A**)၊ မြေကွက်အမှတ် (**၂၂/ခ- ၁**)၊ မြေအမျိုးအစား - ၃၀/ခ ရပြီး (**RR** ဟိုတယ်နှင့်အိမ်ရာဆောက်လုပ်အသုံးပြုခွင့်အမိန့်) ဧရိယာ (၂.၂၂) ဧကအနက်မှ တစ်စိတ်တစ်ဒေသနှင့် မြေကွက်အမှတ် (၂၁C/ က-၁) ၊ မြေအမျိုး အစား - ၃၀/ခရပြီး (**RR** ဟိုတယ်နှင့်အိမ်ရာဆောက်လုပ်အသုံးပြုခွင့်အမိန့်)၊ ဧရိယာ -(၆. ၃၈၁) ဧကအနက်မှ တစ်စိတ်တစ်ဒေသအပါအဝင် ပြည်လမ်းမပေါ် ပေ(၃၈၀) ခန့် မေးတင်သော စုစုပေါင်းဧရိယာ-(၄.၃) ဧကနှင့် မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/**A**)၊ မြေကွက်အမှတ် (**၂၁/C-က-၁**)၊ မြေအမျိုးအစား-၃၀/ခ ရပြီး (**RR** ဟိုတယ်နှင့်အိမ်ရာဆောက်လုပ် အသုံးပြုခွင့်အမိန့်)၊ ဧရိယာ (၆.၃၈၁) ဧကအနက်မှ ဧရိယာ (၀.၉၂၅) ဧကရှိ မြေကွက်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစာရင်းဌာနတွင် မစ္စတာရပ်နီရန်ဂျန်ဒါတ် (ခ) အမည်ပေါက် တစ်ဆက်တစ်စပ်တည်းတည်ရှိသော မြေကွက် (၂)ကွက်၏ စုစုပေါင်းမြေဧရိယာဧက (၅. ၂၂၅) ဧက (၂၂၇၆၀၁) စတုရန်းပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်လက်ဝယ်**ရှိသူဖြစ်ပြီး မိမိတစ်ဦးတည်းဆန္ဒဖြင့် မည်သူ့ကိုမဆို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာသူ ဦးစိုးတင့် [၁၃/လရန(နိုင်)၀၇၂၄၃၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်များနှင့်မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇော်ဝင်းထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ် Strand Condominium၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

---

**ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဆ-ရပ်ကွက်၊ ကရဝိတ်-၁-လမ်း၊ မြေကွက်အမှတ် - ၅၃၆/ဘီ ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)အကျယ်ရှိ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အဆောက်အဦ (RC) နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာချက်**

အထက်ဖော်ပြပါ ဂရန်မြေနှင့်အဆောက်အဦမှာ အမည်ပေါက်ဦးမြင့်စိုး(ခ) ဦးစိန်မြစိုး (ဘ) ဦးဘိုကေမောင် [၁၂/ဥကမ(နိုင်)၀၁၀၆၅၄] သည်တရားဝင်လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ အဆိုပါမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆွေဆွေဦး (ဘ) ဦးကျော်ထွန်း [၁၄/လပတ(နိုင်)၀၀၉၆၇၈]က အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း မူရင်းအထောက်အထား ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့သက်ထား(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၇၀)**
**အမှတ်(၈၉၇)၊ ဗိုလ်လင်းယုန်လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)**
**မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၁၆၃၈၅**

---

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ (၃၃) ရပ်ကွက်၊ ကံ့ကော်မြိုင် (၁)လမ်း၊ တိုက်အမှတ်(၇၆)၊ အလျား ၂၂ ပေ x အနံ ၆၀ ပေ အကျယ်အဝန်းရှိ မြေပေါ်၌ ဆောက်လုပ်ထားသော (၁) ခန်းတွဲ၊ (၃) ထပ်တိုက်၏ ဒုတိယထပ်၊ (၃)လွှာ၊ တိုက်ခန်းတစ်ခန်းနှင့် ၎င်းတိုက်ခန်းနှင့် ပတ်သက်သော ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ ရေစက် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးလှမြင့် [၁၂/မဂတ(နိုင်)၁၂၀၄၉၇] က တရားဝင်လက်ဝယ်ပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုကာ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းမင်းထွန်း [၁၂/ရကန(နိုင်)၀၂၀၅၂၁] က အဆိုပါတိုက်ခန်း ကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုပ်လင်း (LLB, LLM, MRes, JM, PhD)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၈၉၀)**
**တိုက်အမှတ် (၄၅)၊ သုခ (၅၁)လမ်း၊(၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၄၆၇၀၂၃၉**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ရိပ်သာရပ်ကွက်၊ မြို့အုပ်စု(၂)လမ်းတွင် ကွင်းအမှတ်-၀၈၄၀၊ ကွင်းအမည်-ဆတ်သွားကျွန်းကွင်း၊ ဦးပိုင်အမှတ် ၆၆၊ ဦးဘရင် အမည်ပေါက်၊ ဧရိယာ (၀.၂၉)ဧကရှိသည့်အနက် အကျယ်အဝန်းအားဖြင့် အိမ်၏အရှေ့ဘက်ပေအရှည် (၂၂ ပေ ၁၀ လက်မ)၊ အိမ်၏အနောက်ဘက် ပေအရှည် (၂၉ ပေ)၊ အိမ်၏ခေါင်းရင်းဘက်ပေအရှည်(၁၁၈ ပေ)၊အိမ်၏ခြေရင်းဘက်ပေအရှည်(၉၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၊ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးမြင့်ထွန်း [၁၂/လကန(နိုင်)၁၀၉၈၅၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲကျော်သူက အပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ သတ်မှတ်ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည် အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးရဲကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးပြည့်ဖြိုးအောင်** | **ဒေါ်နော်ဇာဇာဦး (LL.B)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၃၄၆၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၂၂)** |

**အမှတ် (၄/၇၉)၊ ဦးချမ်းအေးလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၂၀၇၃၇၁၈၅။ ၀၉-၇၇၈၄၀၅၉၉၈**

---

## ဖခင်အမည်မှန်

အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ တောင်ဥက္ကလာပမြို့နယ် Grade-2တွင် ပညာသင်ကြားနေသော မအိမ့်မှူးမြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးအောင်လွင် [၁၀/ခဆန(နိုင်)၀၉၆၅၃၃]ဖြစ်ပါသည်။

**ဦးအောင်လွင်**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၉၊ ဦးပိုင်အမှတ်(၈၃)/ ၁၁၃လမ်း၊ ၅၀x၅၁လမ်းကြားရှိ ဗကမြင့်စိုး အမည်ပေါက်တောဂရန် မြေကွက်အား၊ တရားလို ဒေါ်သန့်ထက်ထက်ဆန်းက တရားပြိုင် ဦးမြင့်စိုး အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၆၅/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဒေါ်သန့်ထက်ထက်ဆန်း [၉/ခမစ(နိုင်)၀၅၁၆၃၄]က တောဂရန်စာချုပ် တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဖ-၁၉၊ ဦးပိုင်အမှတ်(၆)/ ၁၁၁လမ်း၊ ၅၄x၅၅လမ်းကြားရှိ ဦးသန်းဦး အမည်ပေါက်တောဂရန် မြေကွက်အား၊ တရားလို ဦးအောင်ခင်က တရားပြိုင် ဦးသန်းဦး အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည် မြို့နယ်တရားရုံးတော်၊ တရားမကြီးမှု အမှတ်(၅၆/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးအောင်ခင် [၉/ကဆန(နိုင်)၁၂၀၇၉၀]က တောဂရန် တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဖ-၂၀၊ ဦးပိုင်အမှတ်(၂၅)/၅၅x ပရန်တော်ချောင်းကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဒေါ်ချစ်ရုံ အမည်ပေါက်တောဂရန် မြေကွက်အား၊ တရားလို ဒေါ်ထားထားငြိမ်းက တရားပြိုင် ဒေါ်ချစ်ရုံ အပေါ်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှု အမှတ်(၆၄/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ထားထားငြိမ်း [၉/မနမ(နိုင်) ၀၁၁၂၀]က တောဂရန် တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီခရိုင်၊ မှော်ဘီမြို့နယ်၊ သန္ဒေပင်ကျေးရွာအုပ်စု၊ ကိုးလုံးကွင်း၊ မြောက်ပိုင်း၊ ဗိုလ်ဉာဏ်လမ်း ပေါ်တွင် တည်ရှိသော ကွင်းအမည်-ကိုးလုံးမြောက်ကွင်း၊ ကွင်းအမှတ်-၅၂၁(A)၊ ဦးပိုင်အမှတ်(၁၂)၊ ကျေးရွာအမှတ်-၁၈၉/၁၉၅-၁၉၆၊ ဧရိယာ(၃.၀၁)ဧက၊ မြေအမည်ပေါက် ဦးမြင့်အောင်ဆီမှ ဆက်စပ် စာချုပ်များ ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးရဲမင်းဌေး [၁၂/ထတပ(နိုင်) ၀၇၅၂၈၃] ကိုင်ဆောင်သူထံမှ မြေကွက်အမှတ်- A-7(A)၊ အကျယ်အဝန်း (အလျား ၂၀ပေxအနံ ၆၀ပေ)မြေကွက်နှင့် နှစ်ထပ်တိုက်(၁)လုံး၊ ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရဲမွန်အောင် [၁၂/လသယ(နိုင်) ၀၆၉၀၆၃] က ၎င်းအိမ်ခြံမြေအား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့် တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်မင်းထွန်း (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၀၁)**
**အမှတ်(၂၂)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ပ.လ.ရ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၅၁၁၂၈၇၇၆**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ကျွန်းကြီးအုပ်စု၊ ကျွန်းကလေးကျေးရွာ၊ ကျွန်းကလေး-ကျောက်အိုင်လမ်း၊ အမှတ် (၁၂/၃၂)ပေါ်တွင် တည်ရှိသော ကျေးရွာအမည် သာယာကုန်း၊ ကွင်းအမှတ်-၉၈၃၊ ကွင်းအမည်-လက်ခုပ်ကျွန်း၊ ဦးပိုင်အမှတ်(၅၈/ဋ္ဌ)၊ မြေအမည်ပေါက် ဒေါ်ခင်နှင်းဖြူ [၇/ရတန(နိုင်)၁၆၃၆၁၅] ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်လှိုင်ဦး [၁၃/နခတ(နိုင်)၀၅၁၇၄၂]မှ ၎င်းမြေကွက် အကျယ်အဝန်း အလျား(၇၀)ပေxအနံ (၁၅၀)ပေ၊ အဆောင်လိုင်းခန်း အခန်း(၂၀)ပါ အဆောက်အဦ(၁)လုံး၊ ရေ၊ မီးအစုံအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်နှင်းဖြူထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးကျော်မင်းထွန်း (LL.B-D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၄၀၁)**
**အမှတ်(၂၂)၊ ဘောဂလမ်း၊ ဘောဂရပ်ကွက်၊ ပ.လ.ရ မင်္ဂလာဒုံမြို့နယ်။**
**ဖုန်း-၀၉-၄၅၁၁၂၈၇၇၆**

---

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇/ခ)၊ မြေကွက်အမှတ် (၄/က၁ မှ ၄/က၄ အထိ) လိပ်စာအားဖြင့် ဦးညိုခြံ သီရိဟေမာလမ်း (ခ) ဇဝနလမ်း၊ ဇဝနရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ် ဟုခေါ်တွင်သော မြေကွက်၏ အကျယ်အဝန်း ဧရိယာ (၀. ၇၆)ဧက ပေါ်တွင် ဆောက်လုပ်ထားသော တိုက်(A)ဟုခေါ်တွင်သည့် (၄)ခန်းတွဲ၊ (၈)ထပ်ခွဲတိုက်၏ အပေါ်ဆုံးထပ်မှ Penthouse အခန်းအမှတ် (၈၁+၈၂)ဟုခေါ်တွင်သော စုစုပေါင်းအခန်း(၂)ခန်း၏ အကျယ်အဝန်း (၃၃၆၂)စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးဓာတ်လှေကားသုံးစွဲခွင့်ပါဝင်သော ယင်းတိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အား လုံးတို့ကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသော တိုက်ခန်းဖြစ်၍ ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိဇင် [၁၃/တကန(နိုင်)၀၀၄၁၆၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ် (၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆၊ ၀၉-၄၂၀၈၄၃၈၁**

---

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အိမ်အမှတ်(၁၀၉၇)၊ ဒု-ထပ်နေ ဒေါ်ဇင်မျိုးဦး [၁၂/ဥကတ(နိုင်) ၁၅၁၀၃၃]၏ သား မောင်ဖွဲ့ဇာနည် [၁၂/ဥကတ(နိုင်)၂၀၈၃၆၀]သည် မိဘများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ ခွင့်မလွှတ်နိုင်သော အပြုအမူများကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် မောင်ဖွဲ့ဇာနည်နှင့်ပတ်သက်ဆက်နွယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့် ကိစ္စများကိုမှယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း မောင်ဖွဲ့ဇာနည်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ဒေါ်ဇင်မျိုးဦး**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/တောင်ရပ်ကွက်၊ ၉၂-လမ်း၊ အမှတ်(၆၂)၊ ၃-လွှာ(ခေါင်းရင်းခန်း/ညာ)၊ အကျယ်အဝန်း(၁၅x၅၀)ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ချိုသက်မာ [၁၂/မဂတ(နိုင်)၀၉၄၅၉၄] (ဦးတီရာဂျူး(ခ) ဦးသက်ထွန်း၏အမွေဆက်ခံခွင့်ရသူ)မှ လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆို၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဖြူဖြူမင်း(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၈၁၈၈)**
**အမှတ်(၄၉)၊ အထက်မန္တလေးလမ်း၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၄၆၂၆၉၃၁၊ ၀၉-၇၈၆၉၃၀၅၁၂**

## ကျေးဇူးရှင် ဖေဖေအတွက် (၅)နှစ်ပြည့်
## နှင့်
## ကျေးဇူးရှင်မေမေအတွက် (၃၉)နှစ်ပြည့်
## သတိရတမ်းတအမှတ်တရဝေခြင်း

ယခုဘဝတော်စပ်ခဲ့ရသော သားသမီး ၁၀ ဦးစလုံးအပေါ်တွင် မေတ္တာကရုဏာကြီးမားစွာဖြင့် မိဘဝတ္တရားအားလုံး ကျေပွန်ခဲ့ကြပြီး သံသရာခရီး ဆက်လက်ထွက်ခွာခဲ့ကြပြီဖြစ်တဲ့ ကျေးဇူးရှင်ဖေဖေ ဦးရဲမြင့်(ရဲမြင့်-သစ်တော) သည် ၂၉-၆-၂၀၂၄ ရက်နေ့တွင် (၅)နှစ်ပြည့်မြောက်ခဲ့ပြီး၊ ကျေးဇူးရှင် မေမေ ဒေါ်ခင်လှမြင့်(ညိုညို)သည် ၇-၇-၂၀၂၄ ရက်နေ့တွင် (၃၉)နှစ်ပြည့်မြောက်မည်ဖြစ်ပါသည်။ သားသမီးများအားလုံးရဲ့ နှလုံးသားထဲမှာ ဖေဖေနဲ့ မေမေတို့ရဲ့ ကျေးဇူးတရားနဲ့ မေတ္တာတရားများကို အချိန်နှင့်အမျှ သတိရတမ်းတ လွမ်းဆွတ်လျက်ပါ။ သားသမီးများနဲ့ မိသားစုဝင်များ၊ မြေး၊ မြစ်များရဲ့ ပြုပြုခဲ့သမျှ ကောင်းမှုကုသိုလ်အစုစုတို့ကို ကျေးဇူးရှင် မိဘနှစ်ပါးအတွက် အမျှပေးဝေပါတယ်၊ ပြုပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုကို ဖေဖေနဲ့ မေမေတို့ ကြားနိုင် သိနိုင် မြင်နိုင်သည့် ဘုံဘဝမှာရှိပါက ဝမ်းမြောက်ဝမ်းသာစွာဖြင့် သာဓုခေါ်ဆိုနိုင်ကြပါစေ။ ဖေဖေနဲ့ မေမေတို့ရေ အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါ။ သာဓု၊ သာဓု၊ သာဓုပါ။

ဖေဖေနဲ့ မေမေတို့လည်း သံသရာခရီးမှာ ကောင်းမွန်သော တွေ့ဆုံခြင်းများနဲ့ တွေ့ဆုံနိုင်ကြပြီး ဒီသားသမီးတွေရဲ့ မိဘနှစ်ပါးအဖြစ်နဲ့လည်း ပြန်ဆုံတွေ့ခွင့်ရဖို့ ဆုတောင်းကြပါတယ် ဖေဖေနဲ့ မေမေတို့ရေ။

**သားသမီးများနှင့် မိသားစုဝင်များ၊ မြေး၊ မြစ်များ**

# အထူးဝမ်းနည်းကြေကွဲခြင်း

မြောင်းမြဆေးရုံအုပ်ကြီး ဒေါက်တာ ထွန်းထွန်းဝင်း အသက် (၄၉)နှစ်သည် ၅-၇-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**HA and HM 2nd Batch မှ**
**ညီအစ်ကိုမောင်နှမများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်သုခလမ်းနှင့် သုခမိန်လမ်းထောင့်ရှိ မြေတိုင်းရပ်ကွက် (၄၀/ဏ)၊ မြေကွက်အမှတ် (၂၀၆၃)၊ (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်သည် ဗိုလ်မှူးစိုးလွင် အမည်ပေါက်တည်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၁၄)ရပ်ကွက်၊ အောင်သုခလမ်းနှင့် သုခမိန်လမ်းထောင့်ရှိ မြေတိုင်းရပ်ကွက် (၄၀/ဏ) တိုးချဲ့၊ မြေကွက်အမှတ် (၂၀၅၅)၊ (၄၀ပေx ၆၀ပေ) ပါမစ်မြေကွက်သည် ဒေါ်သိန်းသိန်း အမည်ပေါက်တည်ရှိကြောင်း အဆိုပါ မြေကွက် (၂)ကွက်အား ဖော်ပြပါမြေအမည်ပေါက်များထံမှ ရောင်းချသူ ဦးဇော်မင်း [၁၂/ရပသ(နိုင်)၁၀၉၅၅၆]က အရပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်ကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ အဆိုပါမြေကွက် (၂)ကွက်တို့အား ရောင်းချလိုကြောင်း ကမ်းလှမ်းလာသဖြင့်ဖော်ပြပါမြေကွက် (၂)ကွက်ကို ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စန်းချိုဦး LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၇၀/၂၀၁၁)**
**အမှတ် (၄၆၄)၊ အခန်း(၂/၄)၊ အင်းစိန်လမ်းမကြီး၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**၀၉-၂၅၂၉၉၄၉၈၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ - ၂၀)
## မင်္ဂလာဒုံခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆၇

ဦးသော်ထက်နိုင် နှင့် ဦးစောဆာမူလား
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ
ဦးထူးထက်အောင်)
**(တရားလို)** **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ (ခ-၅)လမ်း၊ အခန်းအမှတ်(၁၃၂)နေ တရားပြိုင် ဦးစောဆာမူလား(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **"ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၆) ရက် (၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်နေ့) နေ့မွန်းမတည့်မီ ၁၀း၀၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်၊ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စန္ဒာအေး)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**မင်္ဂလာဒုံခရိုင်တရားရုံး**

## ဒေါ်ကျင်ကြည်
## အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ (၂၄)လမ်း၊ အမှတ်(၅)၊ (၃)ထပ်နေ (ဦးရင်ရောက်)၏ ဇနီး၊ (ဦးအေးထွန်း)၊ ဦးအောင်နိုင်-ဒေါ်ခင်ထွေးမော်တို့၏ မိခင်၊ မောင်ဘုန်းရန်စိုး၊ မောင်ပြည့်စုံအောင်၊ မောင်ပြည့်ဖြိုးအောင်တို့၏ အဘွားသည် ၅-၇-၂၀၂၄ ရက် ညနေ ၅း၀၅ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၇-၇-၂၀၂၄ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်ဆွေသူငယ်ချင်းများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်စောနွဲ့ (ခ) အေမီစော
## အသက်(၇၉)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျွန်းကလေးကျေးရွာ၊ ရွှေနှင်းဆီ(၃)လမ်းနေ (အငြိမ်းစားရဲမှူးကြီး ဦးစော-ဒေါ်သန်းလှိုင်)တို့၏သမီး၊ ဦးခင်မျိုးမြင့်၏ဇနီး၊ မခင်ရူပ၏ အနန္တဂိုဏ်းဝင် မွေးသမိခင်ကျေးဇူးရှင်၊ မောင်မင်းခန့်ကို၊ မရှင်းမိုးသူတို့၏အဘွားသည် ၄-၇-၂၀၂၄ (ကြာသပတေးနေ့) တွင် ဘဝတစ်ပါးသို့ပြောင်းသွားကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၂၄ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၇-၂၀၂၄ (ဗုဒ္ဓဟူးနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသောကြောင့် အထက်ပါနေအိမ်သို့ တရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည)ရပ်ကွက်၊ ဘုမ္မာ(၁၅)လမ်း၊ အမှတ်(၉၆၈)၊ မြေတိုင်း(ည)၊ မြေကွက်အမှတ် (၉၆၈ ၃/၂)၊ ဦးမြင့်လွင် (NOKA- ၀၃၄၃၇၂) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီး၏(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း (၁၀x၆၀)ပေရှိ မြေကွက်အစိတ်အပိုင်းနှင့် နေအိမ်အရောင်းအဝယ်တို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေနှင့်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်ပိုင်ဆိုင်၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ **ဒေါ်သန်းသန်းနွဲ့ [၁၂/ဥကမ(နိုင်)၁၁၅၆၆၅]**ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဝင် အရောင်းအဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၅၁)**
**ရုံးခန်း-အမှတ်(ဆ/၁၀/၉၇)၊ နွယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၁၁၀၂၅၆၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(၁၃၃၆)နေ ဒေါ်ယဉ်မွန်ထွန်း(ဘ) ဦးရွှေအိုး [၉/မထလ(နိုင်)၂၂၀၂၁၀] ကိုင်ဆောင်သူမှ ၎င်းပိုင်ဆိုင်သော ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ နဂါးဝင်(၅)လမ်း၊ အမှတ်(၅၇၉)မြေကွက်၏ (တပ်ကြပ်ကြီးခင်ဇော်ဝင်း)အမည်ပေါက် ပါမစ်မူရင်းမှာ ခရီးသွားလာနေစဉ် ပျောက်ဆုံးသွားပါသဖြင့် သက်ဆိုင်ရာရုံးဌာနများတွင် ပါမစ်ပျောက်ဂရန်လျှောက်ထားလိုသဖြင့် လက်ဝယ်ထားရှိသူ မည်သူမဆို ပါမစ်မူရင်းနှင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ဆက်သွယ်၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ကြေးမုံမြင့် LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၆၆)**
**၀၉-၈၉၃၅၃၄၂၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများ၏ လွှဲအပ်ညွှန်ကြားချက်အရ **"ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ ဇေယျာသီရိလမ်း၊ တိုက်အမှတ်(၁)၊ တတိယထပ် (၄) လွှာ/ခြေရင်းခြမ်း၊ (အလျား ၁၂ပေxအနံ ၅၀ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"** တို့ကို ရောင်းချသူ **ဦးကိုကိုလတ် [၁၂/ဒပန(နိုင်) ၀၀၁၈၀၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော **ဦးသော်ထက်ဇော် [၁၂/မဂတ(နိုင်)၀၈၆၄၃၈]**နှင့် **ဒေါ်ဖူးပွင့်အောင် [၁၂/ဒပန(နိုင်)၀၄၆၁၇၆]**တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ရာ အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်ရန်ရှိပါက ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးသော်ထက်ဇော်** | **ဒေါ်ဝင့်ထက်ထက်စံ ( LL.B )** |
| **ဒေါ်ဖူးပွင့်အောင်** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၅၃)** |
| **၀၉-၄၃၀၆၇၈၇၈** | **အမှတ်-၂၉၅၊ စံပြလမ်း၊ ကြည်စုရပ်ကွက်၊** |
| | **ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။** |
| | **ဖုန်း - ၀၉-၄၃၀၆၇၀၃၅** |

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
## ဦးတင်ဖေ(၄)
## ဒု-လက်ထောက်အကောက်ခွန်မှူး(ငြိမ်း)
## အသက်(၈၁)နှစ်

ရာသက်ပန်အသင်းဝင်အမှတ်(ရာ/၉၀၇) ဦးတင်ဖေ(၄)သည် ၄-၇-၂၀၂၄ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ၆-၇-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ-ရပ်ကွက်၊ အကွက်အမှတ်- တတ-၁၄၊ ဦးပိုင်အမှတ် (၅၄)၊ ခဲစင်း တောင်ဘက်ခြမ်း/ ၁၂၅x၁၂၆ ကြား၊ ၆၁x၆၂ လမ်းကြားရှိ ဦးတင်လှိုင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးသိန်းဝင်းက တရားပြိုင် ဦးတင်လှိုင် (၎င်း၏ SP ရသူ ဦးစောသန်းဆွေ)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၄၄/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးသိန်းဝင်း [၉/မမတ(နိုင်) ၀၆၂၈၂၄]က တောဂရန်စာချုပ်၊ တရားရုံး အမိန့်တို့တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ က-ရပ်ကွက်၊ အကွက်အမှတ်- လ-၄/က၊ ဦးပိုင်အမှတ် (၇)၊ ၇၀x၇၁ ကြား၊ ၁၁၃x၁၁၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကျင်လွမ်(ခ)အေးမြင့် [၁၃/မဆတ(ဧည့်) ၀၀၀၀၁၀]၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၃၃၁/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမြင့်ခိုင် [၁၃/မဆတ(ဧည့်) ၀၀၀၀၀၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက်၊ ဝေပုလ္လ (၅)လမ်း၊ အမှတ်(၂၀၄) ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၆)ထပ်တိုက်၏ (အလျား ၁၉ပေx အနံ ၅၀ပေ)ရှိ ပဉ္စမထပ်(ခြေရင်းခန်း) တိုက်ခန်း (၁)ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိအကျိုးခံစားခွင့်ပိုင်ဆိုင်ခွင့်ရှိသည့် တိုက်ခန်းဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးသီဟစိုး (ဘ) ဦးကျော်တင့် [၁၂/ဥကမ(နိုင်)၁၄၈၀၆၃]မှ လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့တင်ပြ၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သက်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိအောင် (LL.B,W.I.P.O) အထက်တန်းရှေ့နေ(စဉ်-၅၄၂၈၂)**
**အမှတ်(၉၄)၊ ပါရမီလမ်း၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၄၂၃၄၃၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၅)၊ အာသာဝတီ(၂)လမ်း၊ မြေကွက်အမှတ်(၁၁၆၀/ခ)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)၊ မြေကွက်အမှတ်(၁၁၆၁)နှင့် ကပ်လျက်ဘက်အခြမ်းရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို **ဒေါ်သန်းသန်းဌေး [၁၂/သကတ(နိုင်)၁၄၂၆၈၁]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်သဲနုမွန် [၅/တဆန(နိုင်) ၁၀၉၉၁၃]**သည် (၄-၇-၂၀၂၄)ရက်နေ့တွင် **"နှစ်ဦးသဘောတူ မြေကွက်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်"**ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ယဉ်ယဉ်ကြည်(LL.B)** | **ဒေါ်စုစုလှိုင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၅၆၃)** |

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ယနေ့နိုင်ငံများအကြား ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများကို လေ့လာကြည့်မည်ဆိုပါက အင်အားကြီးနိုင်ငံများက နောက်ကွယ်မှ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ဝါဒဖြန့်ချိရေး၊ သံတမန်ရေးစသည့် နည်းလမ်းများနှင့် ဘက်စုံစစ်ပွဲအသွင်ဖော်ဆောင်ပြီး လုပ်ဆောင်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်...

❖ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုကို အပေါ်ယံမြင်ကွင်းလောက်သာ သုံးသပ်သိရှိခြင်းမျိုးထက် မြင်ကွင်းနောက်ကွယ်က အကြောင်းတရားများကိုပါ စဉ်းစားဖော်ထုတ်နိုင်စွမ်းရှိအောင် လုပ်ဆောင်သွားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ

**ယခုနှစ်ခြောက်လတာ ကာလအတွင်း စည်းကမ်းလိုက်နာမှုအားနည်းသည့် ဝိုင်ဘီအက်စ် ယာဉ်မောင်းများအား အရေးယူဆောင်ရွက်မှု သုံးသောင်းကျော်ရှိ**

စာမျက်နှာ » ၈

**အနာဂတ်ကိုထုဆစ်ဖို့ စက်မှုပညာသင်ကြစို့ (အပိုင်း-၃)**

ဆောင်းပါး
စာမျက်နှာ » ၁၈

## မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသည့် ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၆

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်လျက်ရှိရာ ခန္တီးမြို့၏ စိုးရိမ်ရေအမှတ်သည် ၁၃၆၀ စင်တီမီတာဖြစ်ပြီး ယနေ့အထိ ၁၅၃၅ စင်တီမီတာအထိ မြင့်တက်လျက်ရှိသဖြင့် စိုးရိမ်ရေအမှတ်ထက် ၁၇၅ စင်တီမီတာကို ကျော်လွန်ခဲ့ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသောကြောင့် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေါမိုင်းရပ်ကွက်ရှိ တောရကျောင်းတိုက်နှင့် ကင်းတော်ကျေးရွာရှိ အောင်သိဒ္ဓိဘုန်းတော်ကြီးကျောင်းတို့မှ စာမျက်နှာ ၈ ကော်လံ ၁ သို့ ✻



ခန္တီးမြို့ရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်စဉ်။

## MNL အမှတ်ပေးပြိုင်ပွဲ စတင်ကျင်းပ



ရန်ကုန်ယူနိုက်တက်နှင့် ရခိုင်ယူနိုက်တက် ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် ဇူလိုင် ၆

၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁) ပထမနေ့ကို ဇူလိုင် ၆ ရက်က စတင်ကျင်းပရာ ရန်ကုန်ယူနိုက်တက် အသင်းနှင့် ဒဂုံစတားယူနိုက်တက် အသင်းနိုင်ပွဲရရှိခဲ့သည်။ YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

လိဂ်ပြိုင်ပွဲစတင်ခါနီး ရက်ပိုင်းအလိုတွင် နည်းပြချုပ်အပြောင်းအလဲပြုလုပ်ထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းက အဖွင့်ပွဲတွင် အမှတ်ပြည့်ရယူနိုင်ခဲ့ခြင်း ဖြစ်သည်။

စာမျက်နှာ ၂၄ ကော်လံ ၁ သို့ ○

## မြစ်ရေကြီးခြင်းအခြေအနေ

နေပြည်တော် ဇူလိုင် ၆

**ဧရာဝတီမြစ်**

ယနေ့မွန်းလွဲ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခန့် (၁၈၄ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့မွန်းလွဲ၁၂ နာရီခွဲ အတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲကျော်ခန့် (၁၇၁ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ငါးပေခွဲခန့် (၁၆၉ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ☆